ရွှေပေဒေသာစာပေ

# ခေတ်ပျိုဖြါ

## ပြေးထွက်သွားစရာအင်အားမရှိတော့ နှလုံးသားခြင်းလည်းနီးပြီပေါ့



BURMESE CLASSIC .com

(အချစ်လုံးချင်းဝတ္ထု၊သစ်)

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊ ၂၀၁၄၊ ဒီဇင်ဘာလ။ |
| ထုတ်ဝေသူ | - ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | - ၁၂၀၀ ကျပ် |
| အုပ်ရေ | - ၅၀၀ အုပ် |

၈၉၅.၈၃

ခေတ်ပျိုမြ

ပြေးထွက်သွားစရာအင်အားမရှိတော့ နှလုံးသားခြင်းလည်း နီးပြီပေါ့/ခေတ်ပျိုမြ-

ရန်ကုန်၊

ရွှေပဒေသာစာပေ ၊ ၂၀၁၄ ။

၂၀၈ - စာ ၊ ၁၂.၃ × ၁၈ စင်တီ။

(၁) ပြေးထွက်သွားစရာအင်အားမရှိတော့ နှလုံးသားခြင်းလည်း နီးပြီပေါ့


# ခေတ်ပျိုမြ

## ပြေးထွက်သွားစရာ အင်အားမရှိတော့...

## နှလုံးသားခြင်းလည်း နီးပြီပေါ့

(အပြင်းစားအချစ်လုံးချင်းဝတ္ထုသစ်)

BURMESE CLASSIC

## အခန်း (၁)

"ဟယ် . . . ဟိုမှာ သိကြာ ကြည့်ဦး"

"ဟုတ်တယ်၊ ခါ ကြည့်စမ်း"

သူငယ်ချင်းတွေ၏အပြောကို သူမ လှည့်မကြည့်ပေမယ့် သဘောပေါက်ပါသည်။

သူမစိတ်ထဲက တကယ်ကို လှည့်ကြည့်ချင်နေပေမယ့် လှည့်မကြည့်မိသေးဘဲ ပြောင်စပ်စပ်နှင့် သူငယ်ချင်းတွေကို ပြောင်ပြတော့ သူငယ်ချင်းတွေက သူမကို အမြင်ကပ်စွာနှင့် တစ်ယောက်တစ်မျိုးစီ ညြဘာပေးတော့သည်။

သူမတို့ဘေးကနေ သူတို့ဖြတ်သွားချိန်မှာတော့ သူမက

မျက်နှာလေးဝင့်ကာ နှုတ်ခမ်းလေးတွန့်ရင်း ကြည့်လိုက်သည်။

"ရှင့်ကိုကြည့်သွားတယ် ခါ"

"ဟုတ်တယ်နော်၊ သူတို့လည်း ရိပ်မိတယ်ထင်တယ်"

"နိုင်ခန့်ရဲ့ဒီဇိုင်းက အရမ်းမိုက်တယ်နော်"

"အရမ်းမိုက်လို့လည်း ခါက စွဲနေတာပေါ့ဟယ်၊ ရှင်တို့က လည်း အလိုက်မသိလိုက်တာ၊ ဟိုမိန်းမကိုကြည့်ဦး၊ ခဏပြင်ရှုံ့နဲ့ Feel တွေ စွတ်တက်နေတာ"

"အေးနော် . . . တကယ် အတည်ပုံစံနဲ့"

"ဟုတ်ပ၊ ဟဲ့ မိခါ"

ခေါ်လည်းခေါ် လက်ကလည်း သူမလက်မောင်းကို ဖြန်းခနဲ ရိုက်ကာ စုထိုက်က ခေါ်သည်။

"ဘာလဲဟဲ့ . . . ဒီမှာ ခံစားနေတာကို"

"အံမယ် . . . ရုပ်ကြီးကိုက ဒီတစ်ခါအတည်လား"

"ဟဲ့ မိစုထိုက် . . . ငါက ဘယ်တုန်းကများ အပျော်တွဲဖူးလို့လဲ"

သူမက ခပ်တည်တည်နှင့် ပြောလိုက်တော့ သူငယ်ချင်းတွေ၏ တစ်ယောက်တစ်မျိုးသောအသံတွေ ထွက်လာကြသည်။

"ရှင် သူရဇော်နဲ့ တွဲတာရော"



"အေးလေ . . . ကိုးဝေအောင်နဲ့ ဆိုင်ကယ်အတူစီးရတာ လည်း တစ်မြို့လုံး သိတယ်နော်"

"ဟဲ့ . . . ဒါတင်ကမလား။ အောင်စိုးသူနဲ့လည်း ညနေတိုင်း ပေလီမှာ အကြော်သွားစားသေးတာနော်"

"ပြီးတော့ ရှိသေးတယ်"

"တော်ပြီဟယ်၊ ရှင်တို့ပါးစပ်ကို ပိတ်ထားလို့မရဘူးလား၊ ကျုပ်က ရှင်တို့ပြောနေတဲ့သူတွေကို တစ်ယောက်မှ ရင်ဘတ်ထဲက ချစ်မရဘူးဟဲ့၊ ပြီးတော့ အပျော်တွဲတာလည်း မဟုတ်ဘူး၊ အားလုံးကို Friend list ထဲပဲ ထည့်ထားတာ၊ ပေါက်လား"

"အဟင်း အဟင်း"

"ပေါက်သလိုလိုတော့ ရှိတယ်၊ အဟိ"

သူငယ်ချင်းတွေကတော့ လောင်အဖွဲ့ဆိုတဲ့ နာမည်အတိုင်း အနှောင့်ကလေးကတော့ဖြစ်သည်။

"လာလေ အပေါ်တက်ရအောင်"

"မတက်ချင်ပါဘူးဟယ်၊ တီချယ်မှ မလာသေးတာ၊ ဒီဆိုင်မှာထိုင်ပြီး ညော်ဦးမယ်"

"အလို . . . မရစ်ပါနဲ့တယ်၊ လာပါ . . . ညနေ အာပူသုပ် ကျွေးပါ့မယ်"

သူမက တပ္ပုလုပ်နေတာမို့ –

"နေစမ်းပါဦး၊ တက်ပါ့မယ် ခဏလေး"

"လာပါဆို"

အေးအေးဆေးဆေး ခေါ်တာမရတာမို့ သူမက စုထိုက်ရဲ့ ကိုယ်ကျပ်အပေါ်က တင်ဝတ်ထားသော ဂျင်းဂျက်ကတ် သေးသေး လေးကို ဆုပ်ကိုင်ပြီး ဆွဲခေါ်လာခဲ့သည်။

"ဟဲ့ ဟဲ့ ... ဘယ်လိုဖြစ်ရတာလဲ၊ လိုက်မှာပေါ့ဟဲ့၊ ခါ"

စုထိုက်က ဒရွတ်တိုက်ပါလာတော့ ကျန်သည့် ယဉ်ယဉ်လှ ရော ဖြူစင်လင်းရော အအေးဖိုးရှင်းကာ လိုက်လာခဲ့တော့သည်။

သူမတို့ အခန်းထဲရောက်တော့ ယဉ်လေးက သူမနား အသာကပ်ကာ –

"ခါ ... ရှင့်ကို လိုက်ကြည့်နေတယ်တော့"

သူမက မကြားချင်ယောင်ဆောင်လိုက်ကာ ခုံလွတ်တစ်ခု တွင် ဝင်ထိုင်လိုက်သည်။ သူမတို့ရောက်ပြီး သိပ်မကြာခင်မှာဘဲ တီချယ်ဝင်လာခဲ့သည်။

သူမစိတ်ကို စာထဲသို့ အာရုံပို့ထားလိုက်သည်။

သင်တန်းဆင်းတော့ သူမတို့သူငယ်ချင်းလေးယောက် သင်တန်းလှေကားမှ အပြေးအလွှားဆင်းလာကာ –





"ဟော့ ခါ ... အာပူသွားစားမယ်"

"နေဦးလေ ... ရှင်တို့ကလည်း ကျုပ်နဲ့မလိုက်ချင်ဘူး လား"

သူမအပြောကြောင့် –

"အာ ... မလိုက်ဘူး၊ ရှင်က ရဲတင်းပေမယ့် ကျုပ်တို့က တော့ ရှက်တယ်ဟေ့၊ မလိုက်ဘူး၊ မိန်းကလေးသိက္ခာတော့ လုံးဝ အကျမခံဘူး"

"နေပေါ့"

သူမက သူငယ်ချင်းတွေကို နှုတ်ခမ်းဆူပြခဲ့ပြီး ရှေ့မှထွက် သွားသော နိုင်ခန့်နိုင်တို့နောက်သို့ မလှမ်းမကမ်းမှလိုက်ခဲ့သည်။

"နှာဘူးမ"

သူမ ဆိုင်ကယ်စီးရင်း ပြုံးလိုက်မိသည်။

ဘာဖြစ်လဲနော်။

အခုခေတ်က ချစ်တာကို ချစ်တယ်လို့ ပွင့်ပွင့်လင်းလင်း ပြောလို့ရတဲ့ခေတ်ပဲ မဟုတ်လား။

ဒါပေမဲ့ သူမကတော့ အဲဒီလောက် အတင့်မရဲပါဘူး။ လိုက် ကြည့်ရုံ သက်သက်လေးပါ။

ဒီအခွင့်အရေးတော့ မိန်းကလေးတိုင်းမှာ ရှိတာပဲ မဟုတ်

လား။

သူမရယ်၊ စုထိုက်၊ ယဉ်ယဉ်လှ၊ ဖြူစင်လင်း။ ဒီလေးယောက်ဟာ ရခိုင်ပြည်နယ်ထဲမှာ တည်ရှိတဲ့ ပေလီကမ်းခြေနှင့် လေးမိုင်သာကွာဝေးတဲ့ သံတွဲဆိုသော မြို့ကလေးမှာ အတူနေကြသည့် အသက်တူ၊ အတန်းတူ အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်ကြသည်။

အချစ်ဆုံးသူငယ်ချင်းတွေဖြစ်သလို တစ်ယောက်နှင့် တစ်ယောက်လည်း ပြောမနာ ဆိုမနာတွေပါ။

ဒီနှစ်မှ ဆယ်တန်းအောင်ထားတဲ့ သူမတို့လေးယောက်ဟာ ရန်ကုန်တွင် ကျောင်းသွားမတက်ခင် ဒီမြို့မှာပဲ အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်စကားပြောသင်တန်းကို တက်နေခြင်းဖြစ်သည်။

အလွန်အေးချမ်းသာယာသော သံတွဲမြို့လေးဟာ နိုင်ငံခြားဧည့်သည်တွေ အလာဆုံးသောမြို့လေးတစ်ခုလည်းဖြစ်သည်။ ယဉ်ကျေးဖော်ရွေသော ရခိုင်လူမျိုးများ၏ ယဉ်ကျေးမှုကိုလည်း တွေ့ရနိုင်သည်။

သာယာလှပသော ပေလီကမ်းခြေဟာလည်း နိုင်ငံတွင်သာမက ကမ္ဘာမှာပါ ကျော်ကြားတာမို့ ဧည့်သည်အလာဆုံးကမ်းခြေတစ်ခုလည်း ဖြစ်သည်လေ။





သူမက ဆယ်တန်းကို ဂုဏ်ထူးသုံးခုနှင့်အောင်ထားသူဖြစ်ပြီး ရန်ကုန်တွင် ကျောင်းသွားမတက်ခင် သင်တန်းတက်နေခြင်းဖြစ်သည်။

သူမဖေဖေက ရန်ကုန်–သံတွဲ အဝေးပြေးကားလိုင်း ထောင်ထားသလို မေမေက ဒွါရာဝတီသံတွဲဈေးတွင် အထည်ဆိုင်ကြီးနှင့် စိန်ရွှေရတနာဆိုင် ဖွင့်ထားတာမို့ စီးပွားရေးပြေလည်ပါသည်။

သူမလိုပင် သူမ၏သူငယ်ချင်းတွေဖြစ်သော စုထိုက်၊ ယဉ်ယဉ်လှ၊ ဖြူစင်လင်းတို့၏ မိဘတွေဟာလည်း လုပ်ငန်းတွေကိုယ်စီနှင့် ချမ်းသာကြတဲ့အတွက် သူမတို့လောင်အုပ်စုဟာ ဆိုင်ကယ်ကိုယ်စီနှင့် ကဲလို့ကောင်းနေကြခြင်းဖြစ်သည်။

ဒီစကားပြောသင်တန်းတက်ဖို့အတွက်ကလည်း ယဉ်ယဉ်လှက အရင်စခြင်းဖြစ်သည်။ ယဉ်ယဉ်လှ၏ချစ်သူ ကိုမိုးကိုကိုက ပေလီရှိသူတို့ hotel တွင် အလုပ်ဝင်မည်မို့ စကားပြောသင်တန်းတက်ရာမှ ယဉ်ယဉ်လှပါ တက်ရတော့သည်။

ယဉ်ယဉ်လှတက်တော့ သူမတို့ပါ လိုက်တက်ရတော့သည်။ အစကတော့ ဝါသနာပါလွန်း၍ မဟုတ်ပေမယ့် နောက်တော့ ဝါသနာလည်းပါလာကာ သင်တန်းလာတက်သည့် ဘဲချောချောလေးတွေကိုလည်း ငမ်းရင်း ပျော်လာခဲ့တော့သည်။

သင်တန်းတက်ပြီး ငါးရက်မြောက်မှာပင် သူ့ကို သူမ သတိ

ထားမိသွားခြင်း ဖြစ်သည်။

"ပေါ့ရောင် ... သွားမယ်ကွာ"

"အေး ... ညမှဆုံမယ်၊ ပန်းကုံ့ကော်လာခဲ့ကွာ"

သူမ အတွေးလွန်နေရာမှ သတိဝင်လာသည်၊ သူတို့ ညကျရင် ပန်းကုံ့ကော်မှာဆုံမယ်ဆိုပါလား။

သူမ မသိမသာလေး ဆိုင်ကယ်ကို ဖြေးဖြေးမောင်းကာ အသာကွေ့ခဲ့လိုက်သည်။ ဒီနေ့အဖို့ ဒီလောက်ဆိုရင် လုံလောက်ပြီလေ၊ ရတနာလမ်းထဲတွင်ရှိသော သူမတို့ခြံကျယ်ကြီးထဲသို့ ဆိုင်ကယ်ကို မောင်းဝင်ခဲ့လိုက်သည်။

"ဟော ... မီးလေးတောင်ပြန်လာပြီ၊ ပြန့်ထွက်ဦးမှာလား၊ ထမင်းစားမှာလား"

"ပြန့်ထွက်မှာ အန်တီပေါက်၊ ဒါပေမဲ့ ... ရေချိုးပြီး ထမင်းစားဦးမှာ၊ ပြီးမှ ပြန့်ထွက်မှာ"

သူမက မေမေ့အစ်မ အန်တီပေါက်ရဲ့ပါးလေးကို အသာဖျစ်ညှစ်ပြီး သူမအခန်းရှိရာအပေါ်ထပ်သို့ တဒုန်းဒုန်းနှင့် ပြေးတက်ခဲ့သည်။ ဒါကို အန်တီပေါက်က အော်ဟစ်ရင်း ...

"ဒီကလေးနှယ် တဒုန်းဒုန်းနဲ့၊ မိန်းကလေးမို့လို့သာပဲ တစ်စက်မှကို အချိုးမပြေဘူး"



ဒီလိုပါပဲ၊ သူမကိုဆို တစ်အိမ်လုံးက ကလေးလို့ထင်နေကြတုန်းပဲဖြစ်သည်။ ဒီထဲမှာတော့ အန်တီပေါက်က သူမအပေါ် အကဲဆုံး အသည်းဆုံး။ ဟိုဟာမလုပ်နဲ့၊ ဒီဟာမစားနဲ့နှင့် အစိုးရိမ်လွန်ကာ တားမြစ်တော့ သူမအတွက် မွန်းကြပ်သလို ခံစားရသည်။

ဒါပေမဲ့ သူမကတော့ အန်တီပေါက်ရှေ့မှာသာ မှန့်ဖိုးမရမှာ စိုးလို့ အန်တီပေါက်အကြိုက် ဟန်ဆောင်နေပြပေမယ့် အပြင်ရောက်တာနှင့် လုပ်ချင်တာလုပ်တော့သည်။

လုပ်ချင်တာဆိုတာကလည်း ဘယ်သူ့ကိုမှ ထိခိုက်အောင် လုပ်တာမဟုတ်ပါ။

သံတွဲမှာ နာမည်ကြီးတဲ့ ထူးကဲ့လက်ဖက်ရည်ဆိုင်ဘေးက အာပူလုပ်ဆိုင်မှာ အာပူလုပ်ကို စားပြီး ရှူးရှဲတွေခတ်၊ မျက်ရည်တွေကျ နှပ်တွေထွက်နှင့် ပြိုင်စားကြသည်။

သံတွဲ G.T.C နားမှာရှိတဲ့ မသီတာအအေးဆိုင်မှာ တစ်ယောက်တစ်မျိုး မတူတာတွေမှာပြီး ဟိုရော ဒီရောလုပ်ကာ ဟီလာဆိုက်ကြသည်။

ရွှေနန်းတော်ဘုရားခြေရင်းမှာရှိတဲ့ အကြော်ဆိုင်တွင် အခေါ်ကြီး မျက်စိလည်သည်အထိ တစ်ပွဲပြီးတစ်ပွဲ ထည့်စားကြတာတွေ၊ သူငယ်ချင်းတွေစုပြီး ပေလီလေဆိပ်လမ်းမကြီးတွင် ဆိုင်ကယ်ပြိုင်

မောင်းကြသည်။

ကောင်လေးသူငယ်ချင်းဘော်ဒါကဏ္ဍတွေရှိပေမယ့် သူမကတော့ ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့။ သူမဘေးတွင် လက်ညှိုးညွှန်ရာရေဖြစ်စေရမယ်ဆိုတဲ့ သကောင့်သားတွေ တစ်ပုံကြီးရှိသည်။

သူမတို့အဖွဲ့တွင် ယဉ်ယဉ်လှက ပထမဆုံး ရည်းစားရသွားသည်။ ဂျိမ်းကလည်း ယဉ်ယဉ်လှကို ချစ်ရှာပါသည်။

နိုင်ခန့်နိုင်ဆိုသည့် သကောင့်သားကတော့ ဖျိုတိုင်းကြိုက်တဲ့နှင်းဆီနိုင်ဆိုတဲ့အတိုင်း ချောသလို အဝတ်အစားကလည်း perfect ဖြစ်အောင် ဝတ်တတ်သေးတာမို့ သူမတို့မြို့တွင် တော်တော် hit ဖြစ်သည်။

နိုင်ခန့်နိုင်တို့က သံတွဲမှ ကင်းမော်ရာဘက်ကို ထွက်သောလမ်းတွင် ခြံကျယ်ကြီးနှင့် တိုက်ကြီးကလည်း ဟိန်းကာနေသည်။ သူမတို့နဲ့ နိုင်ခန့်နိုင်က တစ်မြို့တည်းပေမယ့် ကျောင်းချင်းမတူပါ။ သူမတို့က အ-ထ-က (၁) ကဖြစ်ပြီး နိုင်ခန့်နိုင်တို့က အ-ထ-က (၂) ကဖြစ်သည်။

တစ်မြို့တည်းသားမို့ မျက်မှန်းတန်းမိပါသည်။ အဲဒီတုန်းကတော့ နိုင်ခန့်နိုင်ဟာ အခုလောက် ကြည့်မကောင်းချေ။ သူမကတော့ နိုင်ခန့်နိုင်ကို ယဉ်ယဉ်လှတို့ပြောသလို စိတ်ဝင်စားလွန်း၍ မဟုတ်ပါ။



တကယ်တော့ သူမ စိတ်ဝင်စားနေသူဟာ မိန်းကလေးတိုင်းရဲ့ အိပ်မက်မင်းသားဖြစ်သော နိုင်ခန့်နိုင် မဟုတ်ခဲ့ပါ။ နိုင်ခန့်နိုင်နှင့်တွဲနေသော ကောင်လေးပဲဖြစ်သည်။

သူဟာ နိုင်ခန့်နိုင်နှင့်ယှဉ်ရင်တော့ တခြားစီမှ တကယ့်ကိုတခြားစီပါဟု ပြောရလောက်အောင် ကွာခြားပါသည်။ သူဟာ နိုင်ခန့်နိုင်လို ရုပ်မချောပါ။ ဒါပေမဲ့ ပိုးဟပ်ဖြူလေးတစ်ကောင်လို ဖြူဖတ်ဖြူရော်လေးနှင့် နိုင်ခန့်နိုင်လောက်တော့ မချောတာအမှန်။

တကယ်တော့ လူတွေက မကြည့်တတ်လို့ မမြင်တာပါ။ သူဟာ နိုင်ခန့်နိုင်နှင့် ယှဉ်တွဲနေတာမို့ သူက မပေါ်လွင်တာပါ။ သူတစ်ယောက်တည်းဆိုရင်တော့ ကြည့်ကောင်းပါသည်။ စတစ်ကော်လာပါသော အင်္ကျီလေးတွေကို ယောပုဆိုးအမျိုးမျိုးနှင့် တွဲဝတ်တတ်သော သူ့ပုံရိပ်လေးဟာ သူမအတွက်တော့ စွဲမက်စရာလေးပါ။

နိုင်ခန့်နိုင်လို အဝတ်ကောင်းတွေ ဝတ်လိုက်မယ်ဆိုရင် နိုင်ခန့်နိုင်ထက်တောင် သာလွန်သွားပေလိမ့်မည်။

သူကတော့ နိုင်ခန့်နိုင်လို ချမ်းသာကြွယ်ဝပုံလည်းမရပါ။ အသုံးအဆောင်တွေကလည်း နိုင်ခန့်နိုင်နှင့်ယှဉ်ရင် အကွာခြားကြီးကွာခြားနေပါသည်။

သင်တန်းကိုလာတာတောင် နိုင်ခန့်နိုင်၏ဆိုင်ကယ်ကို ကပ်

ကာ လာရသည်။

တစ်ခါတလေ ခြေကျင်လာတာလည်း တွေ့သည်။ မြို့ပြောရ ခယ်ဆိုရင် သင်တန်းတစ်ခုလုံးမှာ သူတစ်ယောက်တည်း နွမ်းပါးပုံ ပေါ်နေသည်။

ဒါပေမဲ့ သူကတော့ ဒါကို အားငယ်နေတဲ့ပုံမပေါ်ဘဲ သင်တန်းတီချယ် သင်ပြတာကိုသာ အာရုံထားတာတွေ့ရသည်။ သူမ ကလည်း ဘယ်သူနဲ့မှမတူတဲ့ ထူးထူးခြားခြား ထိုကောင်လေးကိုမှ စိတ်ဝင်စားနေခဲ့သည်။

သူ့ကိုကြည့်ပြီး ရင်တွေခုန်နေတတ်သော သူ့ကို သူငယ်ချင်း တွေကတော့ သူနှင့်တွဲသည့် နိုင်ခန့်နိုင်ကို အီနေသည်ဟုပဲ ထင်နေကြ သည်လေ။

သူမကလည်း ဒါကို ရှင်းမပြဘဲ မှိန်းနေတာက သူငယ်ချင်း တွေ အရမ်းအံ့ဩသွားအောင် ဖြစ်သည်။ တစ်ရက်ရက်တော့ သူမ စိတ်ဝင်စားနေတာဟာ နိုင်ခန့်နိုင်မဟုတ်ဘဲ သူဆိုတာကို ဖွင့်ပြောလိုက် ရင် ဒီဟာမတွေတော့ ပါးစပ်အဟောင်းသားဖြစ်ကာ သူမကိုလည်း ဝိုင်းပြီးအပြစ်တင်မှာ သူမကတော့ ကြိုသိနေသည်။

ဘယ်သူမှ စိတ်ဝင်စားချင်းကိုမခံရတဲ့ သူမ စိတ်ဝင်စားနေတဲ့ ကောင်လေးနာမည်က ကိုကိုလိမ္မာတဲ့။



သူမကတော့ ထိုကောင်လေးကို မိုးဟာဝ်ဖြူလို့ပဲ တိတ်တဆိတ် နာမည်ပေးထားခဲ့တာပါ။

ထိုကောင်လေးဟာ သူနဲ့တွဲတဲ့ သူငယ်ချင်းအားလုံးဟာ လူချမ်းသာစာရင်းဝင်တွေဖြစ်ကြပြီး သူတို့ကိုယ်သူတို့ ကျေနပ်နိုင်သမျှ ဆော့ရအောင် ပြင်ဆင်နေသော ကောင်လေးတွေဖြစ်သည်။ သူကတော့ အခြားကောင်လေးတွေလို အဲဒါတွေကို စိတ်ဝင်စားပုံမရပါ။

နိုင်ခန့်နိုင်ကိုယ်တိုင်ကလည်း သူမ စိတ်ဝင်စားနေသူဟာ သူပါလို့ ထင်နေပုံပင်။ သူ မဟုတ်ဘဲ မိုးဟာဝ်ဖြူဆိုတာကိုသာ သိသွားရင် နိုင်ခန့်နိုင် ဘယ်လိုဖြစ်သွားမလဲ။

သူ့ကို သူမ စိတ်ဝင်စားခဲ့မိခြင်းဟာ အချစ်ဝေဒနာ မွေးဖွားခြင်းရဲ့ အစလား။

* * *

## အခန်း (၂)

တီချယ်ရှင်းပြသောစာတွေကို ဂရုတစိုက် နားထောင်နေသော၊ လိုက်မှတ်နေသော သူ့ရဲ့မျက်နှာလေးကို ငေးနေမိရင်းမှ ကြည်နူးနေမိသည်။

"ရှင့်မျက်စိတွေ ကျွတ်ထွက်ပြီး ခိုင်ခန့်နိုင်ဆီကို ရောက်သွားဦးမယ် ခါရယ်၊ မေသိက္ခာဆိုတဲ့နာမည်လေးနဲ့လိုက်အောင် သိက္ခာလေး ဘာလေး ဆယ်ပါဦး"

"အေးလေ ... မိန်းကလေးတန်မဲ့ သိပ်ငမ်းတာပဲ"

စုထိုက်နှင့်ဖြူစင်လင်းက မဲ့ကာရွဲ့ကာ အပြစ်တင်သည်။ ဒါကို ယဉ်ယဉ်လှက –

"ဘာမှမဟုတ်ဘူးဟေ့၊ ခိုင်ခန့်နိုင်က ဘယ်မိန်းမကိုမှ စိတ်မဝင်စားသေးတော့ ကြွအောင်ခြွေနေတာ"

တစ်ယောက်တစ်မျိုးစီ ဝိုင်းကဲ့ရဲ့နေကြပေမယ့် သူမကတော့ လုံးဝ ဂရုမစိုက်ဆိုသောအထာမျိုးနှင့် နည်းနည်းလေးမှ အကြည့်ကို မရွေ့ပါ။

"ဟဲ့ ခါ ... ရှင့်ကို သူများတွေရိပ်မိပြီး အတင်းပြောနေကြပြီ အရှက်ကိုမရှိဘူးဟယ်"

စုထိုက်က သူမခေါင်းလေးကို ဆွဲလှည့်ရင်း ပြောသလိုယဥ်လေးကလည်း –

"ဟော ... ခိုင်ခန့်နိုင် သူငယ်ချင်းတွေလည်း လှည့်ကြည့်ပြီး ပြုံးစိစိဖြစ်ကုန်ပြီ"

"ရှင်တို့ကလည်း ဘယ်လိုဖြစ်နေကြတာလဲ၊ ကျုပ် သူ့ကို ချစ်လို့ကြည့်တာ ဘာဖြစ်လဲ၊ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ၊ မိန်းကလေးမို့ မချစ်ရဘူးလို့ ဘယ်လွှတ်တော်က ဥပဒေထုတ်ထားလဲ၊ ကျုပ်ဘက်က ရှင့်ကိုချစ်နေပါတယ်ဆိုတာ ပါးစပ်က ထုတ်မပြောဘဲ သူ့အလိုလို သိသွားအောင် လုပ်ပြနေတာ"

"အယ် .. ပြောတတ်လိုက်တာဟယ်၊ အံ့သြတယ် တကယ်"

သူငယ်ချင်းတွေက ဝိုင်းရွှဲ့လာပြန်သည်။





"ငါ သူနဲ့ခင်အောင် အရင်လုပ်မှာ"

"ဘုရား ဘုရား ... တကယ်ကို ကြံတော့မယ်ပေါ့"

သူမတို့ တွတ်ထိုးနေစဉ်မှာပင် တီချယ် စာသင်တာပြီးသွားတာမို့ အတန်းဆင်းရန်အတွက် ဆူညံကာ တဝုန်းဝုန်းဖြစ်နေကြသည်။

"အဲဒါဆိုရင်လည်း အခု သင်တန်းဆင်းတော့မှာ မိတ်ဆက်လိုက်လေ"

"ဘယ်သူ့ကိုလဲ"

"ခိုင်ခန့်နိုင်ကိုလေ"

စုထိုက်စကားကြောင့် သူမ၏ နှုတ်ခမ်းလှလှလေး တွန့်ခနဲဖြစ်သွားအောင် ပြုံးလိုက်သည်။

ပြီးမှ –

"ရှင်တို့ကလေ ထင်ရာမြင်ရာ စွတ်ပြောရမယ်ဆိုရင် ထိပ်ကပဲ၊ ကျုပ်စိတ်ဝင်စားနေတဲ့သူဟာ ခိုင်ခန့်နိုင်လို့ ဘယ်သူကပြောလဲ၊ အဲဒီခိုင်ခန့်နိုင်ဆိုတဲ့ ဘဝင်ကောင်ကို ရှင်တို့ပဲ စိတ်ဝင်စားကြ၊ ကျုပ်ကတော့ အလကားပေးရင်တောင် ပြန်အမ်းပေးလိုက်ဦးမှာ၊ ဝေးသေး"

"ဟယ်"

"ရှင် ဂေါက်သွားတာလား"

ဖြူစင်လင်းနှင့် ယဥ်ယဥ်လှက တအံ့တသြရေရွတ်ကာ

စုထိုက်ကတော့ စိတ်ပျက်သောပုံစံနှင့် -

"နေစမ်းပါဦး . . . ရှင်က နိုင်ခန့်နိုင်ကို စိတ်ဝင်စားတာ မဟုတ်ဘူးဆိုရင် ဘယ်သူ့ကို စိတ်ဝင်စားတာလဲ"

သူမက မဖြေသေးဘဲ ပိုးဟပ်ဖြူတို့အုပ်စုထွက်သွားသည့် ဘက်ကို လိုက်ကြည့်လိုက်သည်။

"ဟောတော့၊ မေးတာကိုမဖြေဘဲ ငေးနေပြန်ပြီ"

"ငေးနေတာ မဟုတ်ပါဘူးဟယ်၊ အငေးခံနေတာပါ"

နိုင်ခန့်နိုင်၏နောက်မှထိုင်ကာ ထွက်သွားသော ပိုးဟပ်ဖြူကို ပဲ ကြည့်နေမိတော့သည်။

"ရှင်စိတ်ဝင်စားနေတာ ဘယ်သူလဲ"

"ဟို ဆံပင်ထောင်ထောင်နဲ့ ကျော်ဇောလား"

"ဟုတ်ဘူး"

"ဒါဆို ဂူထွန်းပျိုကေနဲ့ စောထက်ကိုလား"

"မှားတယ်"

"သိပြီ . . . ပါးချိုင့်နဲ့ကောင်၊ အောင်ကောင်းဘုန်းမြတ်"

"မဟုတ်သေးဘူး"

"ဒါဆို ဟို gentlemen style နဲ့ တစ်ယောက်၊ သက်နိုင် ဌေး"



"မဟုတ်ပါဘူးဟယ်"

သူမက ဘောပင်လေးကိုက်ရင်း ငြင်းနေတော့ ဒီမိန်းမတွေ သူမကို မကြည့်သလို ဘုကြည့်ကြည့်ကြသည်။

"ဒါဆို ဘယ်သူလဲ။ အိုက်တင်လုပ်နေပြန်ပြီ။ ကျုပ်တို့ပြော တာ အားလုံးကုန်ပြီ"

"မကုန်သေးပါဘူးဟယ်၊ ကျန်ပါသေးတယ်"

"ကျန်တဲ့ကောင်တွေက ချော့မှမချောတာ"

"ရှင်တို့အတွက် မချောပေမယ့် ကျုပ်အတွက်ကတော့ ရှူး လောက်တယ်ဟဲ့"

အားလုံးက သူမပုံစံလေးကြောင့် အသည်းတယားယား ဖြစ် နေမှာတော့ သေချာသည်။ သူမကတော့ ဒီမိန်းမတွေကို ဒီလိုကလိ ရတာ ကျေနပ်သည်။

"ဟို . . . ဖြူဖျော့ဖျော့နဲ့တစ်ယောက် ပိုးဟပ်ဖြူလား"

"အာ . . . မဖြစ်နိုင်တာတယ်"

ဖြူစင်လင်း၏ မယုံမရဲအမေးကို ယဉ်လေးက ကန့်ကွက်သလို စုထိုက်က ရှုံ့မဲ့ပြသည်။

သာမန်ကာလျှံကာလောက်သာကြည့်ပြီး သူ့ကို အထင်မကြီး ကြတာ ဖြစ်မည်။ စုထိုက်တို့တွေအားလုံးက သူမ ဘာပြောမလဲဆိုတာ

ကို စိတ်ဝင်စားနေကြချိန် သူမ၏ ပြောင်စပ်စပ်ပုံစံကြောင့် ရိပ်မိပုံရကာ

"ဟုတ်တာလား ဒါ"

သူမက ပြုံးပြီး ခေါင်းညိတ်ပြလိုက်သလို ပါးစပ်ကလည်း ဟုတ်တယ်ဟု ပြောလိုက်သည်။ မိန်းမသုံးယောက် မျက်လုံးတွေပြူး ကုန်ကာ –

"ဒါ ... ရှင်နောက်နေတာလား"

"အာ ... မနောက်ပါဘူး နောက်စရာလား"

"ဒါဆို ... တကယ်ပဲ ခိုင်ခန့်နိုင်ကိုမဟုတ်ဘဲ ပိုးဟပ်ဖြူကို ပေါ့ ဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်"

"အဓိပ္ပာယ် မရှိတာဟယ်"

"ဘာ ... ဘာကို အဓိပ္ပာယ်မရှိတာလဲဟဲ့"

သူမက ယဉ်လေးစကားကို မကြိုက်တာမို့ ခပ်ချာချာလေး ဖော်လိုက်သည်။

"တယ် ကြည့်စမ်း ... ယောက်ျားတစ်ယောက်အတွက် များ သူငယ်ချင်းအရင်းကြီးကို ရန်လုပ်နေတယ်တော့၊ အံ့ပါရဲ့"

"အေးလေ၊ ဒါ ... ရှင် စိတ်တော့ မှန်ပါသေးတယ်နော်"

"မှန်လွန်းလို့ ဟိုဘက်တောင် လွန်နေသေးတယ်"



သူမကို အားလုံးက စိတ်ပျက်သောအကြည့်များနှင့် ကြည့် နေကြတာမို့ သူမက ဂရုမစိုက်သောအထာနှင့် ပါးစပ်ထဲမှ ပီကေကို ပူဖောင်းလေးဖြစ်အောင် မှုတ်နေလိုက်သည်။

သူမကတော့ ပိုးဟပ်ဖြူလေးလို ဖြူစင်သောသူကို တခြား ယောက်ျားလေးတွေ မနာလိုလောက်အောင်ကို သည်းသည်းလှုပ် ချစ်ပြချင်သည်။

"နေစမ်းပါဦး ... ကျုပ် သူ့ကို စိတ်ဝင်စားတာကို ရှင်တို့က ဘာများ မကျေနပ်စရာရှိလို့လဲ"

"ရှိတာပေါ့ဟဲ့၊ ဘာမှ ထင်ထင်ရှားရှားမရှိတဲ့ ယောက်ျား တစ်ယောက်ကို ရှင့်လို ရွှေမင်းသမီးက ကြွေတယ်ဆိုတော့ မရိုက်ပါ ဘူးဟယ်"

"အေးလေ"

"ရှင်တို့ ဘာပဲပြောပြော ကျုပ်ကတော့ သူ့ကို အရမ်း အရမ်းကို ချစ်တယ်"

စုထိုက်တို့က သူမကို အမျိုးမျိုး ကျိန်ဆဲကာ ထွက်သွားကြ တော့သည်။ သူမကတော့ တစ်ယောက်တည်း တခစ်ခစ်နှင့် ရယ်မော ရင်း ဆိုင်ကယ်လေးကို စက်နှိုးလိုက်တော့သည်။

ညကတည်းက စဉ်းစားထားသော သူမက မနက်စောစော ကြေးနန်းရုံးခြံရှေ့မှ အောင်တံခွန်လက်ဖက်ရည်ဆိုင်တွင် မုန့်ဟင်းခါး စားရင်း သူ့အလာကို စောင့်နေလိုက်သည်။

ဒီနေ့ ဝီရိယပိုကောင်းသောသူမကို မေမေကတောင် အထူး အဆန်းလုပ်နေသေးသည်။

မုန့်ဟင်းခါးတစ်ပန်းကန်ကုန်ချိန်မှာတော့ ခေါင်းကလေး ငိုက်စိုက်နှင့် လျှောက်လာသော သူ့ကို မြင်လိုက်ရသည်။

ပန်းနုရောင် ရှပ် စတစ်ကော်လံလေးကို ပုဆိုးနီညိုရောင်လေး နှင့် တွဲဝတ်ထားသောသူဟာ သူမမျက်ဝန်းထဲမှာတော့ မင်းသားတစ်ပါး ပါပဲ။ ဒါကိုများ ရင်ခုန်စရာမကောင်းဘူးဟုပြောသော ယဉ်လေးကို သူမစိတ်ထဲမှာ ကျိန်ဆဲလိုက်မိသည်။

သူမ ပိုက်ဆံရှင်းခဲ့ပြီး ဆိုင်ကယ်ကို စက်နှိုးကာ သူ ချိုးကွေ့ ဝင်သွားသော ရတနာလမ်းထဲသို့ ဖြေးဖြေးလေးဝင်လိုက်ကာ သူ့ဘေး အရောက်တွင် ဟွန်းတီးလိုက်သည်။

"အောင်မယ်လေးဗျ"

လန့်သွားကာ ခုန်ရှောင်လိုက်သော သူ့ပုံစံလေးကြောင့် သူမ အသည်းယားသွားရသည်။



ဆိုင်ကယ်ကို သူ့ဘေး ဖြေးဖြေးလေးကပ်မောင်းခဲ့ကာ –

"Sorry နော်၊ လန့်သွားလား"

"ရပါတယ်ဗျ။ ရုတ်တရက်ဆိုတော့ လန့်တာပေါ့"

"ကျွန်မကလည်း ရှင့်ကို ခင်လို့ စ,လိုက်တာပါ"

"ခင်လို့"

"အင်း .. ဟုတ်တယ်လေ၊ ရှင်က ကျွန်မကို မသိဘူးလား"

သူက သူမမျက်နှာကို သေချာကြည့်ကာ –

"မသိဘူးဗျ"

သေလိုက်လို့ရပြီ မေသိက္ခာ။

သူမလိုမိန်းကလေးတစ်ယောက်ကို သူ မသိဘူးဆိုတာ သေချာလို့လား။ သူ ဟန်ဆောင်နေတာ မဟုတ်ဘူးဆိုတာ သူမ ယုံကြည်ပါသည်။

"ရှင်က ကျွန်မကို မသိပေမယ့် ကျွန်မကတော့ ရှင့်ကို သိတယ်"

"ကျွန်တော့်ကိုသိတယ်"

သူက သူမကိုပြန်မေးသည်။ သူမက သူ့ဘေးကနေ ဆိုင်ကယ်ကို ဖြေးဖြေးမောင်းရင်း လိုက်နေခြင်းပါ။ ပြောင်းပြန်သီအိုရီ ပေါ့နော်။

"ကျွန်မက အခု ရှင်တက်နေတဲ့သင်တန်းကပဲလေ"

"ဪ"

"ရှင့်ကို မနက်တိုင်း တွေ့ရတယ်နော်၊ ဘယ်သွားမလို့လဲ"

"ဈေးသွားမလို့လေ"

"ဈေး"

"အင်း ... ဟုတ်တယ်လေ"

"ဘာဝယ်မလို့လဲ"

"ဟင်းချက်စရာ ဝယ်မလို့လေ"

တွေ့လား။

ယောက်ျားလေးတစ်ယောက်ဟာ ဘာကြောင့် ဒီလောက် အလုပ်တွေလုပ်တတ်နေတာလဲ။

"ဒါဆို ကျွန်မနဲ့အတူသွားရအောင်လေ၊ ကျွန်မလည်း ဈေး လိုက်ခဲ့မယ်"

"ဪ ... ရပါတယ်၊ လိုက်လေ"

"ရှင် ဆိုင်ကယ်စီးတတ်လား"

"စီးတတ်ပါတယ်"

"လာ ... ဒါဆို ရှင်မောင်း၊ ကျွန်မ နောက်ကထိုင်မယ်"

သူက ဆိုင်ကယ်ကိုမောင်းကာ သူမက ခါးလေးကို အသာ



ကိုင်ရင်း ဈေးသို့လိုက်ခဲ့သည်။

ဈေးရောက်တော့ သူက ငါးတန်းတွေဘက်သွားကာ ငမိုးသီး (အကွာတစ်) လတ်လတ်ဆတ်ဆတ်တွေဝယ်သည်။ ပြီးတော့ နံနံပင်၊ ချဉ်သီးစိမ်း၊ ကိုင်းဘူးသီးသေးသေးနုလေးတွေနှင့် ခရမ်းကျွတ်သီး သေးတွေ ဝယ်သည်။

"ပြန်ရအောင်၊ ညောင်းနေပြီလား"

"ဟင့်အင်း ... မညောင်းပါဘူး။ ပျော်စရာကောင်းပါတယ်၊ ကျွန်မကလေ တစ်ခါမှ ဈေးမဝယ်ဖူးဘူး၊ ရှင်က ဝယ်တတ်တယ် နော်။ အခုပြန်တော့မှာလား၊ မဝယ်တော့ဘူးလား"

"မဝယ်တော့ဘူးလေ၊ ဒီငါးကို ချဉ်စိမ်းလေးနဲ့ ချဉ်သီးချက် ချက်မယ်၊ ပြီးတော့ ... နံနံပင်အုပ်မယ်၊ ကိုင်းဘူးသီးတွေပြုတ်မယ်၊ ခရမ်းကျွတ်သီးနဲ့ ဘူးသီးပြုတ်ကို ငရုတ်သီးချက်နဲ့ တို့မယ်လေ"

"ဒါတွေကို ရှင်ချက်မှာလား"

"ဟုတ်ဘူး။ ကျွန်တော့်အဘွား ချက်မှာလေ၊ ကျွန်တော့် ချက်ရာက အဘွားကိုမမီဘူးဗျ"

သူ သူမကို ပြောဆိုနေပုံဟာ အရင်ကတည်းက ရင်းနှီးခဲ့တဲ့ သူငယ်ချင်းတွေပုံစံအတိုင်းပါလား။ သူမကတော့ သူ့ကို ပိုခင် ပိုချစ် သွားရသည်။

သူမှာ မိဘတွေမရှိတော့ဘဲ အဘွားနှင့် နှစ်ယောက်တည်း နေရသည်။ သူမဘိုးအိမ်က ဟင်းမျိုးစုံသော ထမင်းဝိုင်းကို မြင်ယောင်ပြီး သူ့လက်ထဲတွင် ဆွဲထားသော ကျွတ်ကျွတ်အိတ်ထဲမှ ဝယ်လာသော ပစ္စည်းတွေထံ အကြည့်ရောက်သွားသည်။

"ဒါနဲ့ . . . ခင်ဗျားနာမည်က"

"ဩော် . . . ကျွန်မနာမည်ကို ရှင်မသိသေးဘူးပဲ၊ ကျွန်မနာမည်က မေသိဂ္ဂါပါ"

"ဟုတ်ကဲ့၊ ဒါနဲ့ ကျွန်တော့်ကို လာရင်းနှီးတာ ခိုင်ခန့်အကြောင်း သိချင်လို့လားဗျာ"

ဈေးထဲကအထွက်မှာ သူက မေးလိုက်တာမို့ သူမ အံ့ဩသွားရသည်။

"ရှင် ဘာပြောလိုက်တာလဲ"

သူက သူမကို မယုံသင်္ကာသလိုအပြုံးနှင့်ကြည့်လာကာ—

"ခိုင်ခန့်အကြောင်း ဘာသိချင်လို့လဲ"

"အာ . . . ခိုင်ခန့်နိုင်ကိုပြောတာလား"

"ဟုတ်တယ်လေဗျ"

သူက ပြုံးစိစိနှင့် သူမကိုကြည့်လာတာမို့ သူက ထိုအကြည့်တွေကို နည်းနည်းမှ မခံစားနိုင်ကာ –





"ကျွန်မက ခိုင်ခန့်နိုင်အကြောင်းကို ဘာလို့ သိချင်ရမှာလဲ"

"မသိဘူးလေဗျာ၊ ကျွန်တော့်ကို လာမိတ်ဖွဲ့တဲ့ကောင်မလေးတိုင်းက ခိုင်ခန့်နဲ့ ပတ်သက်ချင်လို့လာတဲ့သူတွေချည်းပဲလေ"

"ကျွန်မကတော့ ခိုင်ခန့်နိုင်ကို စိတ်မဝင်စားပါဘူး၊ အဲဒါကြောင့် ခိုင်ခန့်နိုင်အကြောင်းလည်း ဘာမှမမေးချင်ဘူး"

သူက လက်ချောင်းတွေနှင့် သူ့ဆံပင်တိုတိုလေးတွေကို ထိုးသွင်းရင်း သူမကိုကြည့်သည်။

သူ့ကို သူမလာရောတာဟာ ခိုင်ခန့်နိုင်နှင့် မပတ်သက်ဘူးဆိုတော့ ဘာများလဲဟု အတွေးရောက်နေပုံရသည်။

"အခု ကျွန်မ . . . ရှင်တို့အိမ်ကို လိုက်လည်မယ်၊ ရမလား"

"ရပါတယ်"

သူ့ခါးလေးကို အသာကိုင်ပြီး ဆိုင်ကယ်စီးရသောအရသာကို သူမ ကြိုက်နှစ်သက်သွားရသည်။

"ကျွန်မ ရှင့်အိမ်ကိုလိုက်လည်ရင် ရှင့်အဘွားက ကြိုက်ပါ့မလားဟင်"

"ဩော် . . . ဘာလို့မကြိုက်ရမှာလဲ၊ သူငယ်ချင်းတွေပဲ"

"သူငယ်ချင်းဆိုပေမယ့် မိန်းကလေးဆိုတော့"

"အဘွားက သဘောကောင်းပါတယ်ဗျ"

"မြေးအဘွားနှစ်ယောက်တည်းဆိုတော့ ရှင့်အဘွားက ရှင့်ကို သိပ်ချစ်မှာပဲနော်"

"ချစ်တာပေါ့ဗျာ၊ ကျွန်တော်ကလည်း ဘွားဘွားကိုချစ်တယ်လေ"

သူကို သူမ တကာယ်ကိုချစ်နေခဲ့ပါပြီ။

"ကျွန်တော် တစ်ခုမေးမယ်နော်၊ မေသိက္ခာက ကျွန်တော့်ကို ခိုင်ခန့်အကြောင်းသိချင်လို့ မေးတာမဟုတ်ရင် ကျွန်တော့်သူငယ်ချင်းတွေထဲက ဘယ်သူ့အကြောင်း သိချင်လို့လဲ"

သူမက ဟက်ဟက်ပက်ပက်ရယ်လိုက်ကာ –

"ဘယ်သူ့အကြောင်းမှ မသိချင်ပါဘူး"

ရှင့်ကိုချစ်နေလို့ဆိုတာကိုတော့ စိတ်ထဲကပဲ ပြောလိုက်ကာ–

"ရှင့်ကိုပဲ သိချင်လို့ပါ"

ဟု ပြောလိုက်သည်။

သူက သူမကို မယုံသလို လှည့်ကြည့်တာမို့ –

"ဘာလဲ . . . ရှင်က မယုံဘူးလား"

ဒီလိုနှင့် မြွေကျောင်းပြင်တွင်ရှိသော သူတို့ခြံကျယ်ကြီးရှိရာသို့ ရောက်ခဲ့သည်။





ခြံကြီးကကျယ်သလို အပင်တွေလည်း အစုံရှိသည်။ မရမ်း၊ သရက်၊ မာလကာ၊ သဘော်ပင်တွေအစုံပဲ။ အိမ်ကလည်း ခြေတံရှည် နှစ်ထပ်အိမ်ဖြစ်ကာ ကျွန်းအိမ်ကြီး။ အခုခေတ်သာ ထိုအိမ်မျိုးဆောက်မယ် ဆိုရင် တော်တော်ကုန်ပေလိမ့်မည်။

ခြံထဲကို ဆိုင်ကယ်လေးဝင်ခဲ့ပြီး အိမ်ကြီးအောက်တွင် ရပ်လိုက်သည်။

"အပင်တွေအများကြီးပဲနော်"

"အေး . . . ဟုတ်တယ်၊ အဲဒီအပင်တွေရဲ့ဝင်ငွေနဲ့ ကျွန်တော်တို့ မြေးအဘွား စားနေရတာလေ"

"သြော် . . . ရှင်တို့ခြံလေးက အရိပ်ရတော့ ပျော်စရာ ကောင်းပါတယ်"

"အင်း . . . ပကာသနတော့ မရှိဘူးပေါ့ဗျာ"

"အဲဒါတွေက မလိုပါဘူးဟယ်"

"ဟော . . . မြေးပြန်လာပြီ၊ ဧည့်သည်ပါလာတာကိုး"

အိမ်ကြီးပေါ်မှဆင်းလာသော အသားဖြူဖြူ ခန့်ခန့်ထည်ထည် ရှိသော အဘွားဟာ သူ့အဘွားပဲ ဖြစ်ရမည်။

"ဟုတ်တယ် ဘွား၊ သူက မေသိက္ခာပါ၊ သားနဲ့ခင်တာ တော့ မကြာသေးဘူး"

သူက သူမကို အဘွားနှင့် မိတ်ဆက်ပေးတာမို့ အဘွားက သူမကို ပြုံးပြရင်း –

"သမီးလေးက ချောလိုက်တာကွယ်"

"ကျေးဇူးပါ ဘွား၊ ခါက မေသိက္ခာပါ၊ သူငယ်ချင်းတွေက တော့ ခါခါလို့ခေါ်ပါတယ်"

"အေး အေး . . . သမီး၊ လာ အပေါ်သွားရအောင်"

အိမ်ပေါ်ရောက်တော့ ပြောင်လက်နေသော ကြမ်းပြင်က မှန်ကြည့်လို့တောင်ရပါသည်။ သစ်သားတွေကို ပေါလစ်သုပ်ထားသော ဆက်တီခုံပေါ်သို့ ညွှန်ပြရင်း ဘွားက –

"ထိုင် သမီး . . . ဘွား ဟင်းချက်လိုက်ဦးမယ်၊ သမီးတို့ စကားပြောကြဦးနော်၊ ထမင်းလည်း စားသွား၊ အေးအေးဆေးဆေး မှပြန်"

"ဟုတ်ကဲ့ပါ ဘွား"

သူက သူမရှေ့က ခုံတွင် ဝင်ထိုင်တာမို့ သူမက –

"ရှင့်ဘွားဘွားက သဘောကောင်းတယ်နော်၊ ဒါနဲ့ ရှင့် အသက်က"

"ဆယ့်ခုနစ်ထဲမှာလေ"

"ဟုတ်လား၊ ကျွန်မနဲ့အတူတူပဲ"





"မေသိက္ခာက ဘယ်နှစ်လပိုင်းမွေးတာလဲ"

"သူငယ်ချင်းတွေခေါ်သလို ခါလို့ပဲခေါ်လေ၊ ကျွန်မက ဧလပိုင်းမွေးတာ"

"ဒါဆို . . . ခါက ဆယ်တန်းကို အ–ထ–က (၁) က အောင်တာပေါ့၊ ကျွန်တော်က အ–ထ–က (၂) က အောင်တာ"

"ရှင်က ရွှေကျောင်းပြင်နဲ့ အ–ထ–က (၁) နဲ့နီးတာကို ဘာလို့ အ–ထ–က (၂) မှာ သွားတက်ရတာလဲ"

"ကျွန်တော့်သူငယ်ချင်းတွေက (၂) မှာ တက်တော့ ကျွန်တော်လည်း အဲဒီကိုပါသွားတာလေ"

"နောက်မှ ကျွန်မသူငယ်ချင်းတွေနဲ့ ရှင့်ကို မိတ်ဆက်ပေးမယ်"

"ကျွန်တော်လည်း ကျွန်တော့်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးပါ့မယ်"

ဒီနေ့လေးဟာ သူမဘဝအတွက် အမှတ်တရတွေ အများကြီး ဖြစ်ရတဲ့နေ့လေးဖြစ်သလို အကျေနပ်ဆုံး အပျော်ဆုံး နေ့တစ်နေ့ လည်း ဖြစ်ခဲ့သည်။

ငရုတ်သီးချက်နှင့် ဘူးသီးပြုတ်ကို စားကောင်းခဲ့တဲ့သူမကို ဖေဖေ၊ မေမေနှင့် အန်တီပေါက်သာသိရင် ဘယ်လိုပြောကြမလဲ။

နေ့လယ်လောက်မှပဲ သူငယ်ချင်းတွေစိတ်ပူမှာစိုးလို့ အိမ်ပြန်ခဲ့သည်။ အိမ်က ဖေဖေနှင့်မေမေကတော့ သူမကို အပြစ်တင်ဖို့အတွက် သူတို့အလုပ်နှင့်ပင် သူတို့မအားကြပေ။

အားနေတဲ့အန်တီပေါက်ကလည်း အရင်ကပွစိပွစိပြောပေမယ့် သူမက ကြိုတဲ့အိမ်မှ ထမင်းစားခဲ့တတ်တာမို့ မပြောတော့ပေ။ ဘေးမဲ့ပေးလိုက်တာလည်း ဖြစ်နိုင်သည်။

သူမနှင့် သူငယ်ချင်းတွေကလည်း မီးကောင်ပေါက်တွေမို့ နည်းနည်း ဖလန်းဖလန်းထပေမယ့် အရမ်းကြီးလည်း မကဲကြပါ။ ဒါကြောင့်လည်း အိမ်က လူကြီးတွေက စိတ်ချပါသည်။

သူမတို့အုပ်စုက ပိုက်ဆံချမ်းသာသော မိဘတွေမှ ဆင်းသက်လာသူပီပီ စားမယ်၊ ပျော်မယ်၊ ခေတ်နှင့်အညီ ဒီဇိုင်းမျိုးစုံဝတ်မယ်၊ အလှပြင်မယ် ဒီလောက်ပဲဖြစ်သည်။

ဒီတော့ သူမတို့အဖွဲ့ကို လူချစ်လူခင်ပေါသည်။

နေ့လယ်နှစ်နာရီထိုးတော့မှာမို့ GTC နားက မသီတာအအေးဆိုင်ကိုပဲ ထွက်လာခဲ့လိုက်တော့သည်။

✹ ✹ ✹

## အခန်း (၃)

"ဟော . . . မမဘုရားတွေ လာပြီ"

"မမဘုရား ဘယ်ကကြွခဲ့သလဲဘုရား"

"ရုပ်ကတော့ မှိုရတဲ့မျက်နှာနဲ့"

သူမ ထိုင်တောင်မထိုင်ရသေးခင်မှာပဲ တစ်ယောက် တစ်ပေါက် ဝိုင်းပြောကြသည်။ သူမကတော့ လုပ်နေကျအတိုင်း သူမရဲ့ အွှအိုရောင်ဆံနွယ် အခွေအလိပ်တွေကို တစ်ဖက်ခြမ်းသို့ စုသိမ်းလိုက်တာ တစ်ရှူးဘူးထဲမှ တစ်ရှူးစက္ကူဖြတ်ပြီး ဆံပင်ကိုစုချီလိုက်သည်။

ဒါ သူမ ပူအိုက်လာရင် လုပ်တတ်သောအကျင့်ပဲလေ။

ပြီးတော့ . . . စုထိုက်သောက်နေသော ice coffee ခွက်ကို

ယူကာ မော့အောက်လိုက်ပြီး –

"ဟူး"

ဟု လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ဩော် . . . တော်တော်လေးကို မောလာတဲ့ပုံ"

"ဟယ် . . . ပဲတွေ များနေလိုက်တာ၊ ကြည့်ဦး"

"ဟော့ မိခါ . . . ပြောစမ်း၊ ရှင် ဘယ်တွေသဝေထိုးနေတာ လဲ၊ ကျုပ်တို့ ရှင့်ကိုဝင်ခေါ်တော့ အန်တီပေါက်က မနက်ကတည်းက ထွက်သွားတာတဲ့၊ ကဲ . . . ပြော"

သူမ ဘယ်သွားလဲဆိုတာကို ဒီမိန်းမတွေ သိပ်သိချင်နေကြ ပြီ။ ဒါကိုသိတဲ့သူမကလည်း တမင်ပဲညစ်ပြီး မပြောသေးဘဲ အထာ တွေကိုင်နေတဲ့အခါ သူတို့တွေ အသည်းတွေ ယားနေကြမှာပေါ့လေ

သူမ ပိုးဟပ်ဖြူဆီကို သွားတယ်ဆိုတာကိုတော့ သူတို့ လုံးဝ ထင်ပုံမရပါ။ အဲဒါအပြင် ပိုးဟပ်ဖြူနှင့် ခင်မင်ခဲ့သည့်အပြင် ထမင်းပါ လက်ဆုံစားခဲ့တာကို ဒီမိန်းမတွေသိရင် အံ့သြပြီး သတိလစ်သွားမလား ပဲ။

"ရှင်တို့ ကျုပ် ဘယ်သွားတယ်ထင်လဲ၊ ရှင်တို့ထင်တာ ခန့်မှန်းကြည့်စမ်းဟယ်"

"ဘယ်သိမလဲဟဲ့၊ မသိလို့ အခုလို အောက်ကျခံပြီး မေးနေ



တာပေါ့"

စုထိုက်ရဲ့ မကျေမနပ်အသံက ခပ်ဆောင့်ဆောင့်ထွက်ပေါ် လာသည်။

"ထင်တာတစ်ခုခုကို ပြောကြည့်ပေါ့"

"အောင်စိုးသူနဲ့ ပေလီသွားပြီး အကြော်စားတာလား"

"ဒီအချိန်ကြီး အကြော်ဆိုင်မှ မဖွင့်သေးတာ"

"တိုးဝေအောင်နဲ့သွားတာ"

သူမက မဟုတ်သေးဘူးဆိုတဲ့အထာနဲ့ နှာခေါင်းရှုံ့ပြလိုက် သည်။

"ဒါဆိုလည်း မသိတော့ဘူးဟယ်၊ ရှင်ပဲပြောတော့"

"ကျုပ် ဘယ်ကိုသွားပြီး ဘာတွေလုပ်ခဲ့တယ်ဆိုတာ ရှင်တို့ သိရင် အရမ်းအံ့သြသွားမှာ"

ဒီမိန်းမတွေ သူမအထာတွေကိုင်နေတာကို ကျေနပ်ပုံမရပေ မယ့် ငြိမ်နေတာကို ကြည့်ခြင်းအားဖြင့် သူမ မပြောမှာကို စိုးရိမ်နေပုံ ရသည်။

"ငါ ပိုးဟပ်ဖြူဆီသွားတာ"

"ပိုးဟပ်ဖြူ"

"ဘယ်က ပိုးဟပ်ဖြူလဲ"

ပိုးဟပ်ဖြူဆိုတော့ နိုင်ခန့်နိုင်ရဲ့သူငယ်ချင်းဆိုတာကို ဘယ်သူမှ သိပုံမရ။

“ငါ စိတ်ဝင်စားနေတဲ့ ကိုကိုလိမ္မာဆိုတဲ့ တစ်ယောက်လေ”

“ပိုးဟပ်ဖြူက သူ”

“ဟဲ့ . . . ရှင်က တကယ်ကြီးလား”

“ဟုတ်ပါတယ်ဆို”

“ကြည့်လည်း လုပ်ပါဦးဟယ်”

သူတို့တွေရဲ့စကားတွေကြောင့် သူမ စိတ်တိုလာကာ –

“နေစမ်းပါဦး . . . ရှင်တို့ကို မနေ့ကတည်းက မေးချင်းတယ်၊ ကျုပ် ကိုကိုလိမ္မာကို ချစ်တာနဲ့ ရှင်တို့က ဘာဖြစ်လို့မတူသလို မတန်သလို ပြောနေရတာလဲ၊ ကိုကိုလိမ္မာက နူနေလို့လား၊ ကန်းနေလို့လား”

“အဲလိုတော့ ကပ်ဖဲ့မပြောနဲ့လေ၊ သူက နူမနေပေမယ့် ကန်းမနေပေမယ့် ရှင်နဲ့မှမလိုက်တာ”

“စုထိုက်ပြောတာ ဟုတ်တယ် ခါ၊ ရှင်နဲ့မလိုက်ဘူး”

“အဲဒါတွေကို ကျုပ်က မကြိုက်တာဘဲ၊ သူက လူပျို ငါက အပျို၊ ဘာတွေလိုက်ပြီး ကန့်သတ်နေတာလဲ”

“ဒီမှာ ခါ . . . ကျုပ်တို့ ရှင်သဘောပေါက်အောင်ပြောရမယ်



ဆိုရင် ရှင်က ဒီတစ်မြို့လုံးရဲ့ဘဲတွေပါးစပ်ဖျားမှာ နေရာယူထားတဲ့သူ၊ ရှေ့မင်းသမီးတစ်ပါးလိုနေတဲ့ ရှင်က အဲဒီတစ်ယောက် ဆင်းရဲတာကိုတော့ မပြောပါဘူး၊ အချစ်နဲ့ပတ်သက်ရင် ဘာခံစားချက်မှ ရှိပုံမရတဲ့ ယောက်ျားတစ်ယောက်ကို သွားပြီး ခံစားနေရင် သူက ရှင့်ကို တမင်လာကြူတာပဲလို့ ထင်သွားမှာပေါ့”

“ဘာလဲ . . . ရှင်တို့က နိုင်ခန့်နိုင်လို ဥစ္စာပေါ၊ ရုပ်ချောကိုပဲ ချစ်ရမယ်ဆိုတဲ့သဘောလား”

“အဲဒီလို အဓိပ္ပာယ်တော့ မဟုတ်သေးဘူး”

“တော်ပြီကွာ၊ ရှင်ပြောတဲ့အဓိပ္ပာယ်ကို ခါ နားမလည်ပေမယ့် ကျုပ်နားလည်တယ်၊ အခုလောလောဆယ် အဲဒါတွေကို ခဏထားလိုက်ဦး”

တစ်ချိန်လုံး စကားတစ်ခွန်းမှမပြောသော ဖြူစင်က ဝင်ပြောကာ သူမကိုကြည့်ရင်း . . .

“ခါ”

“ဟာင်”

“ရှင် . . . အဲဒီတစ်ယောက်ကို တကယ်ချစ်သွားတာလား”

“အေး . . . ဘယ်သူ့ကိုမှ မခံစားဖူးတဲ့အချစ်နဲ့”

“ဟုတ်ပြီ . . . သဘောပေါက်တယ်၊ ရှင် သူ့ဆီသွားတာဆို

တော့ သူ ဘယ်မှာနေလို့လဲ၊ နောက်ပြီး ကျုပ်တို့ကို မတိုင်ပင်ပဲ တစ်ယောက်တည်း လုပ်ရှားတာ ဘာသဘောလဲ၊ အဲဒီကိစ္စကိုတော့ ကျုပ်ဘက်က တကယ်အစာမကြေဘူး''

သူမထံမှ ထွက်လာမည့်စကားကို သူတို့စိတ်ဝင်စားနေကြသည်။

''မနေ့က ရှင်တို့ကိုပြောတော့ ရှင်တို့က ဖျက်နေတာလေ၊ ဒီတော့ ဘယ်လိုတိုင်ပင်ရမလဲ''

''ရှင်က တကယ်ကြွနေတယ်ဆိုရင် ကူညီမှာပေါ့''

အခုမှ ယဉ်လေးက ခပ်စွာစွာ ဝင်ပြောသည်။

''အံမယ် . . . မနေ့က ကျုပ်စကားတောင် မစ,ရသေးဘူး ရှင်တို့ ဘာတွေပြောကြလဲ၊ စိတ်မှန်ကောင်းသေးရဲ့လားဆိုတာတွေ ရော၊ ကဲ''

''တော်ပြီဟယ် . . . မပြောတော့ဘူး၊ ရှင့်ဘာသာ ချစ်ချင်တဲ့ သူချစ်''

''ကောင်းတာပေါ့၊ ငါက အခုဆိုရင် သူနဲ့ခင်ရုံတင်မကဘူး သူ့အဘွားနဲ့ပါ ရင်းနှီးနေတာ၊ အခု ထမင်းတောင် သူတို့မြေးအဘွားနဲ့ လက်ဆုံစားလာတာ''

''ဟယ်''



''ရှင် တကယ်ပြောတာလား ခါ''

''တကယ်ပြောနေတာ၊ နောက်တာမဟုတ်ဘူး၊ ကျုပ်ဘက်ကလည်း အဲဒီလောက်အထိ ဖြစ်သွားလိမ့်မယ်လို့ မထင်ထားခဲ့တာ''

''ပြောစမ်းပါဦး . . . ဖြစ်ကြောင်းကုန်စင်ကို''

''သူတို့က မချမ်းသာဘူးကွ''

အဲဒီစကားကစလို့ သူမဖြစ်ပျက်ခဲ့သမျှကို ပြောပြလိုက်တော့သည်။

''သူတို့ပုံစံကြည့်ရတာ အထည်ကြီးပျက်တွေလား မသိဘူး''

''ရှင်က ဒီအခြေအနေတောင် ရောက်ခဲ့ပြီကိုး''

''ရှင့်ရဲ့ ပိုးဟပ်ဖြူက ရဲတင်းသာ့ပဲ၊ အခုမှသိတဲ့ မိန်းကလေး တစ်ယောက်ကို အိမ်ကိုခေါ်ပြီး ထမင်းကျွေးရဲတယ်နော်''

ထုံးစံအတိုင်း စထိုက်က ဝေဖန်တော့ သူမက မျက်စောင်းထိုး ကြည့်လိုက်ပြီး –

''ရှင်က သူ့ကိုပဲ အပြစ်မြင်နေတာပဲတဲ့၊ သူ့အိမ်ကို ကျုပ်က အတင်းလိုက်သွားတာ၊ ပြီးတော့ ထမင်းကိုလည်း သူ့အဘွားပဲ ကျွေးတာ၊ ကျုပ်ကလည်း စားချင်လို့ ဟာမင်ဝင်စားတာ၊ ရှင်းလား''

''ရှင်းတယ် . . . ရှင်းတယ်''

''ရှင်းရင်ပြီးရော''

ဟုတ် တယ်ပေ့ါ။

ရုပ်မချောတာ မချမ်းသာတာကိုပဲ အပြစ်တစ်ခုလိုမြင်နေသည်။ ဆင်းရဲတာ၊ ချမ်းသာတာဟာ ဘဝပေးကုသိုလ်ပဲလေ။

သူမမျက်ဝန်းထဲမှာတော့ သူ့ကို မင်းသားတစ်ပါးလိုပဲ မြင်နေမိတော့သည်။

သူမ သူငယ်ချင်းတွေက ဥစ္စာပေါ၊ ရုပ်ချောတွေကိုမှ အထင်ကြီးကြတာဖြစ်သည်။

''ဒါနဲ့ ... ရှင့်ကို သူက ဂရုစိုက်ရဲ့လား''

သူမတင်းနေတာကိုသိတဲ့ ယဉ်လေးက စကားလွှဲရင်း မေးသည်။

ပြောလို့ပြောတာမဟုတ်ဘူး ဟိုမိန်းမနှစ်ယောက်ထက်စာရင် ယဉ်လေးက ကိုယ်ချင်းစာတရားရှိတယ်။ နားလည်မှုလည်းရှိသလို ဘယ်သူ့အပေါ်ဖြစ်ဖြစ် အနစ်နာခံသူလည်း ဖြစ်သည်။

ထို့ကြောင့် သူမက ယဉ်လေးကို စုထိုက်နှင့်ဖြူစင်ထက်ပိုချစ်သည်။

''ပိုးဟပ်ဖြူက ဖြူစင်တယ်ဟဲ့၊ သဘောလည်းကောင်းတယ်၊ ရိုးသားပါတယ်ဟယ်''

''ရှင့်ရဲ့ပိုးဟပ်ဖြူက မိန်းမတွေနဲ့တော့ ကင်းပုံရတယ်''



''ဟုတ်တယ်''

သူက အားပါးတရ ထောက်ခံလိုက်သည့်အချိန်တွင် စုထိုက်နှင့်ဖြူစင်၏အကြည့်တွေကို ရိပ်မိလိုက်သည်။

''မကောင်းစရာလားဟယ်၊ သူ့ကို ပြန်ကြိုက်မယ့်မိန်းမမှ မရှိတာ''

လို့ ပြောချင်နေပုံရသည်။ သူမ တကယ်စိတ်ဆိုးတော့မှာကို သိလို့ ထိန်းထားပုံရသည်။

အခုချိန်မှာတော့ သူ့ကို နားလည်ပေးတဲ့ ယဉ်လေးကို ရင်ဖွင့်ချင်တာတောင် အဆင်မသင့်ရင် သတ်ပွဲဖြစ်သွားနိုင်တဲ့အတွက် ခါတိုင်းထက် စောစောပဲ အိမ်ပြန်ခဲ့တော့သည်။

❋ ❋ ❋

## အခန်း (၄)

ဒီညတော့ သူတစ်ယောက်တည်း အတွေးတွေလွန်ကာ ဆော်တော်နှင့်အိပ်မပျော်နိုင်ပေ။ မေသိက္ခာဆိုတဲ့ ကောင်မလေးကြောင့် ဆိုတာကတော့ သေချာသည်။

သူ့မှာ မိဘတွေမရှိတော့ပေမယ့် ဘွားဘွားရဲ့မေတ္တာတွေကြောင့် နွေးထွေးခဲ့ရသည်။ သူများတွေလို မချမ်းသာပေမယ့် မြေးအဘွားနှစ်ယောက်တည်းအတွက်တော့ အဆင်ပြေပြေလေး နေနိုင်ပါသည်။

ဒါကြောင့်မို့လည်း စာတစ်ခုတည်းကိုပဲ ကြိုးစားအားစိုက်ခဲ့တာ ဂုဏ်ထူးလေးခုနှင့် အောင်ခဲ့သည်။ သူနှင့်သိပ်ခင် သိပ်ချစ်သော

ယယ်သူငယ်ချင်း နိုင်ခန့်နိုင်၏ မိဘတွေက ဆေး,မီရင် ကုသိုလ်ဖြစ် ကျောင်းဆက်ထားပေးမည်ဟု ပြောသည်။

သူရော၊ ဘွားဘွားရော ယဥ်ယဥ်ကျေးကျေးပဲ ငြင်းခဲ့ပါသည်။ ဒါကတော့ သူရော ဘွားဘွားပါ မာနကြီး၍ မဟုတ်ပါ။ ကျေးဇူးပြန်ဆပ်ရမှာစိုး၍လည်း မဟုတ်ပါ။'

သူတို့မြေးအဘွားရဲ့အကျင့်ကိုက ကိုယ့်အတွက်နှင့် တခြားလူ တာဝန်ပိုမှာစိုးလို့ပဲ ဖြစ်သည်။

အရမ်းချမ်းသာသော နိုင်ခန့်ရဲ့မိဘတွေအနေနှင့် ဒီပိုက်ဆံ လောက်ဟာ ဘာမှမဖြစ်ဘူးဆိုပေမယ့် သူကတော့ ကိုယ့်အားပဲ ကိုယ် ကိုးချင်သည်။

နားမလည်တဲ့သူတွေကတော့ သူ့ကို ဆန်မရှိ အစားကြီးဟု ပြောကြသည်။ သူ့အကျင့်ကလည်း ဘယ်သူတွေ ဘာပြောပြော ဥပေက္ခာပြုတတ်တာ ငယ်ငယ်လေးထဲက ဖြစ်သည်။

ဘယ်သူ့အပေါ်မှာမှလည်း မဟုတ်မမှန်တာ မလုပ်ခဲ့ဘူးပါ။ နိုင်ခန့်တို့က သူတို့မြို့၏ တစ်မြို့ကျော်သို့ သူငါးတန်းနှစ်တွင် ပြောင်းလာခဲ့သည်။ အဲဒီကတည်းက သိပ်ခင်သွားကြပြီး နိုင်ခန့်နှင့်အတူ ကျောင်းသွားဖြစ်တော့သည်။

သူကလည်း နိုင်ခန့်ကို အရမ်းချစ်သလို နိုင်ခန့်ကလည်း





သူ့ကို ချစ်ခင်ခဲ့သည်။

လူပျိုပေါက်စအရွယ်ရောက်လာတော့ နဂိုကတည်းက ချော သော နိုင်ခန့်က အဝတ်အစားကောင်းတွေနှင့် smart ကျကျ ပြင်ဆင် တတ်သောအခါ ကောင်မလေးတွေ၏ အသည်းကျော် နှင်းဆီနိုင်ကြီး ဖြစ်လာခဲ့သည်။

အဲဒီအခါ နိုင်ခန့်ကိုပိုးချင်တဲ့ ကောင်မလေးတွေက နိုင်ခန့်နှင့် အတွဲတွဲရှိသောသူ့ကိုကပ်ပြီး နိုင်ခန့်အကြောင်းကို မေးတတ်သလို လက်ဆောင်တွေလည်း တစ်ဆင့်ပေးတတ်ကြသေးသည်။

အခုလည်း သူက ခြံထဲကအသီးတွေရောင်းပြီး စုထားသော ပိုက်ဆံလေးကို ဒီသင်တန်းတွေတက်ဖြစ်သွားတာကတော့ ဘွားဘွား မိတ်ဆွေတစ်ယောက်က ပေလီရှိ Hotel တစ်ခုတွင် အလုပ်သွင်းပေး မည်ဟု ပြောထားတာမို့ သင်တန်းတွေတက်နေခြင်းဖြစ်သည်။

အမှတ်တွေ ဘယ်လောက်ကောင်း အလုပ်လုပ်ကာ အဝေး သင်ပဲ ဖြေတော့မည်ဟု ဘွားကိုပြောထားသည်။

သူသင်တန်းတက်တော့ နိုင်ခန့်ကပါ အပျင်းပြေလိုက်တတ် ပြန်သည်။ နိုင်ခန့်လိုက်တက်တော့ သူ့အတွက် အသွားအလာ အဆင် ပြေသွားသည်။

အရပ်အမောင်း ရုပ်ရည်၊ ဥစ္စာ၊ ပစ္စည်း ဘာမှ အပြစ်ပြော

စရာမရှိသော နိုင်ခန့်ကို ကောင်မလေးတွေ သဘောကျမှုကလည်း ပိုများလာခဲ့သည်။ ဒါပေမဲ့ . . . နိုင်ခန့်ကတော့ ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားပုံမရပေ။

ဒါပေမဲ့ မေသိက္ခာဆိုသည့် ကောင်မလေး၏နာမည်ကို ကြားဖူးတာကလည်း နိုင်ခန့်တို့ဆီကပဲဖြစ်သည်။

မေသိက္ခာဆိုသည့် နာမည်ဆန်းဆန်းနှင့် ကောင်မလေးဟာ အဝတ်အစား ဒီဇိုင်းဆန်းတွေကို လန်ထွက်အောင်ဝတ်တတ်သည့် အပြင် အပြင်အဆင် အခြယ်အသကလည်း ဘယ်သူမှ လိုက်မမီအောင် ပြင်ဆင်တတ်သည့် ကောင်မလေးက သူ့လို ခပ်မွဲမွဲဒီဇိုင်းနှင့် မထော် မရှားကောင်ကို အသားလွတ်ကြီး ခင်ချင်ပါတယ်ဆိုတော့ သူ တော်တော်ကို အံ့ဩသွားပါသည်။

သူနှင့်အတွဲဆုံးဖြစ်သော နိုင်ခန့်ကိုတင်မဟုတ် သူတို့အဖွဲ့တွင် တခြားချောသောကောင်တွေ ရှိပါသေးသည်။ ထိုသူတွေကိုလည်း တစ်ယောက်မှမဟုတ်ဘဲ သူ့ကိုမှ ခင်ချင်ပါတယ်ဆိုကာ အိမ်အထိ လိုက်လည်ပြီး ဘွားနှင့် စကားတွေပြောကာ ထမင်းပါစားသွားသော အဖြစ်ကို သူ အိပ်မက်ဟုထင်နေမိသည်။

သူမကိုကြည့်လိုက်တာနှင့် ချမ်းသာကြွယ်ဝပြီး အဆင့်အတန်းရှိတဲ့ အသိုင်းအဝိုင်းက ဆင်းသက်လာတယ်ဆိုတာ စုံစမ်းစရာ



ပြောစရာမလိုလောက်အောင် သိသာပါသည်။

ဒီလိုကောင်မလေးမျိုးက ဆင်းရဲတဲ့အပြင် ရုပ်ဆိုးတဲ့သူ့ကို ဘာကြောင့် ခင်ချင်ရတာလဲ။

အဝတ်အစားဆိုလည်း နိုင်ခန့်တို့အပြောများသည့် brand ဆိုတာတွေ အနားတောင်မကပ်နိုင်ပါ။ စတစ်ကော်လံပါသော ရုပ်အင်္ကျီလေးတွေကို ပုဆိုးလေးတွေနှင့်သာ တွဲဝတ်တတ်သော သူက နိုင်ခန့်တို့အဖွဲ့တွင် အရောင်မထွက်ပါ။

သူနှင့် ဈေးကို စကားတွေ ပလစ်ပလစ်နှင့်ပြောကာ ယှဉ်တွဲလျှောက်လာသော ဒီဇိုင်းခပ်မိုက်မိုက် ခပ်ဟော့ဟော့ကောင်မလေးနှင့် ပုံတုံးကြီးသူ့ကို လူတွေကဲ့ရဲ့ကြမလားဆိုတာကိုလည်း မလုံမလဲဖြစ်ရသေးသည်။

နောက်တော့လည်း တကယ် သဘောကောင်းပုံရသော သူမ၏ ပုံစံလေးကိုကြည့်ပြီး ခင်သွားသည်။

သူ အိပ်မပျော်ဘဲ တွေးဖြစ်တာက သူမဟာ ဘာကြောင့် သူ့ကိုခင်ချင်တာလဲဆိုတာကိုပဲဖြစ်သည်။

နောက်ပြီး သူ့ကို မျက်ဝန်းလှလှလေးတွေနှင့် စိုက်စိုက်ကြည့်တတ်ကာ အသံချိုချိုလေးနှင့် ရယ်စရာတွေပြောတတ်တာတွေ၊ ပြီးတော့ ငါးကို မစားတတ် စားတတ်နှင့် စားသွားတာလေးတွေကို

ပြန်မြင်မိသည်။

နောက်တစ်ခုက သူမဟာ သူနာမည်ကိုသာမက အိမ်ကိုပါ သိနေသည်။

မေသိက္ခာ . . . မင်းဟာ ငါ့အတွက်တော့ Puzzle တစ်ခုပါပဲ သူ့ဘဝမှာ မိန်းမတစ်ယောက်အကြောင်းကို အိပ်မပျော်ဘဲ ခေါင်းထဲ ထည့်မိတာ ဒါ ပထမဆုံးပါပဲ။

ကိုကိုလိမ္မာဆိုတဲ့ စာချုပ်း သူ့ကို ဘယ်မိန်းကလေးကမှ သတိထားမိမှာမဟုတ်ပေမယ့် မေသိက္ခာဆိုတဲ့ သူမက ခင်ချင်သတဲ့

မေသိက္ခာရယ် ငါ့ကို ကျီစယ်နေတာလားကွာ။

✹ ✹ ✹

## အခန်း (၅)

သူ ဒီနေ့ ဆံပင်လေးကို gel လေးနှင့်ထောင်ဖြစ်ကာ ဘွား မီးပူတိုက်ပေးသော အစိမ်းနုရောင်ဖျော့ဖျော့ ရှပ်လေးကို ပုဆိုး ရေညှိစိမ်းရောင်လေးနှင့် တွဲဝတ်လိုက်ကာ ကတ္တီပါဖိနပ်သဲကြိုးတွင် တပ်သောဖုန်တွေကို brush နှင့်တိုက်လိုက်သည်။

"အံမယ် . . . ငါ့မြေးက ဒီနေ့ တယ်သန့်ပြီး ကြည့်ကောင်းနေပါလားဟေ့"

သူ့ကိုမြင်သွားသောဘွားက လှမ်းပြောသည်။ သူ ရှက်သွားပြီး –

"ခါတိုင်းလိုပါပဲ ဘွားရယ်"

"မဟုတ်ပါဘူး မြေးရဲ့၊ ခါတိုင်းထက် ပိုပြီးကြည့်ကောင်းနေတာကို"

"ဘွားကလည်းဗျာ"

"အေးပါ အေးပါ . . . သွား သွား"

သူမှာတော့ ဘွားရှေ့မှ မလုံမလဲဖြစ်ကာ ခပ်သုတ်သုတ်ထွက်လာခဲ့သည်။

သူကိုယ်သူလည်း ဒီနေ့မှ ဘာလို့ ဒီလောက် စိတ်လှုပ်ရှားနေမှန်းမသိပေ။ သင်တန်းမှာ သူမက သူ့ကိုလာနှုတ်ဆက်မှာလား။ ဒါဆိုရင်တော့ နိုင်ခန့်နှင့် သူငယ်ချင်းတွေ တအံ့တသြဖြစ်ကြမှာ မြင်ယောင်သေးသည်။

နိုင်ခန့်နှင့်အတူ သင်တန်းကိုလာတော့ နိုင်ခန့်က –

"မနေ့က မင်းနဲ့လာတာ မေသိက္ခာမို့လား"

"ဟုတ်တယ်"

နိုင်ခန့်က အဲဒီလိုမေးလိုက်တဲ့အခါ သူ့စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားရသည်။

"မင်းတို့နှစ်ယောက်က သိလို့လား"

"မသိပါဘူးကွာ"

"မသိတာမသိတယ် မင်းတို့နှစ်ယောက်က ဆိုင်ကယ်အတူစီးသွားတာ အရမ်းရင်းနှီးနေသလိုပဲ၊ သူက မင်းခါးကိုတောင် ကိုင်ထားသေးသလားလို့"



"မင်းရော မေသိက္ခာကို သိလား နိုင်ခန့်"

"သူက ငါတို့သင်တန်းမှာ တက်နေတာလေကွာ၊ သူ့အဖေက သံတွဲဂုဏ်ဆိုတဲ့ လေအိပ်မှန်လုံအဝေးပြေးလိုင်း ထောင်ထားတာ၊ သူ့အမေက စျေးထဲမှာ ရွှေဆိုင်နဲ့အထည်ဆိုင်ရှိတယ်၊ နေစမ်းပါဦး . . . မင်းနဲ့သူက ဘယ်လိုသိကြတာလဲ"

"ငါ သူနဲ့ မနေ့က စျေးသွားရင်း ခင်သွားတာ"

"ဘယ်လိုခင်သွားတာလဲ၊ သူက မင်းကို လာစကားပြောတာလား"

"အေးလေ"

သူက အမှန်အတိုင်းပဲ ပြောလိုက်သည်။

နိုင်ခန့်ကိုကြည့်ရတာ သူမအကြောင်းကို တော်တော်သိထားပုံပဲ။ သူမဟာ သူ့ကို လာပတ်သက်တာ နိုင်ခန့်ကို စိတ်ဝင်စားနေလို့မှာ နိုင်ခန့်က ထင်နေပုံရသည်။

မေသိက္ခာကို နိုင်ခန့် စိတ်ဝင်စားနေတာလား။

"သူ မင်းကို ဘာတွေပြောလဲ"

"ငါတို့သင်တန်းမှာတက်တဲ့အကြောင်း ပြောတာ"

"မင်းတို့အိမ်ကို သူ လိုက်လာတယ်မို့လား"

နိုင်ခန့်က အဲလိုမေးတဲ့အခါ သူမ ထမင်းစားသွားတာကို ပြောလို့ဖြစ်ပါ့မလားဟု တွေးနေမိသည်။ ပြောပြလိုက်မည်ဟု ဆုံးဖြတ်လိုက်ကာ –

"ဟုတ်တယ်နိုင်ခန့်၊ မေသိင်္ဂါက ငါတို့အိမ်ကို လိုက်လည်တယ်၊ ဘွားနဲ့ခင်သွားပြီး ထမင်းတောင် စားသွားသေးတယ်"

"ဘာ ... ထမင်းတောင် စားသွားတယ် ဟုတ်လား"

နိုင်ခန့်က ဆိုင်ကယ်မောင်းရင်း အလန့်တကြားမေးနေသည်။

"ဟုတ်ပါတယ်ဆိုကွာ၊ ဒါပေမဲ့ ... ငါ မေသိင်္ဂါကို ချမ်းသာတဲ့ အသိုင်းအဝိုင်းကလို့တော့ သိတယ်၊ အရမ်းမြင့်တဲ့အသိုင်းအဝိုင်းကမှန်းတော့ မသိဘူး၊ သူက ဓာနမကြီးဘူးနော်"

"မင်းနဲ့အရင်က နည်းနည်းပါးပါးတောင် မသိဘူးလား"

"မသိပါဘူးဆိုကွာ"

"ငါ တော်တော်အံ့သြတယ်ကွာ၊ မနေ့ကမှသိတဲ့သူက အိမ်မှာ ထမင်းတောင် လိုက်စားတယ်ဆိုတော့"

နိုင်ခန့်က စကားကို တစ်ပိုင်းတစ်စနှင့် ရပ်ထားသည်။ ဆိုင်ကယ်ကိုလည်း အရှိန်လျှော့သည်။

နိုင်ခန့်ရင်ထဲမှာ ဖြစ်နေတာကို သူသိသည်။ မေသိင်္ဂါထိ



မိန်းကလေးတစ်ယောက်က နိုင်ခန့်အကြောင်းကို သိချင်လို့ သူ့ထံတွင် လာစုံစမ်းတယ်ထင်ပြီးမှ နိုင်ခန့်နှင့်ပတ်သက်ပြီး ဘာမှမပြောဘူး ဆိုတော့ နေမထိ ထိုင်မသာ ဖြစ်နေပုံရသည်။

မေသိင်္ဂါနဲ့ပတ်သက်လို့ နိုင်ခန့်က တစ်ခုခုမေးတိုင်း သူ စိတ်ကျဉ်းကျပ်သလို ခံစားရသည်။

နိုင်ခန့် ဘာမှ မမေးပါစေနဲ့လို့ ဆုတောင်းမိသလို နိုင်ခန့်ကလည်း ဆက်မမေးတော့ပါ။ တခြားဘာစကားမှလည်း မပြောတော့ပေ။

သင်တန်းရှေ့ နိုင်ခန့်ဆိုင်ကယ်လေးရပ်တော့ သူ့ထံ သူမက အလှဆုံးအပြုံးလေးနှင့်လျှောက်လာကာ –

"ရှင့်ကိုစောင့်နေတာ"

သူမက သူ့မျက်နှာကိုပဲကြည့်ပြီး ပြောသည့်အခါ အနားတွင် ရပ်နေသော နိုင်ခန့်နှင့် သူငယ်ချင်းတွေဟာ သူနှင့်သူမကို တအံ့တသြ ထက်ကိုပိုသောအကြည့်မျိုးနှင့် ကြည့်နေကြသည်။

"ခါ ... ဒါ နိုင်ခန့်နိုင်လေ"

သူက သူမကို နိုင်ခန့်နှင့်မိတ်ဆက်ပေးလိုက်သောအခါ သူမက ခေါင်းလေးပဲညိတ်လိုက်မေမယ့် နိုင်ခန့်ကတော့ သူ့ကို သိသိသာသာကြီး မကျေမနပ်ကြည့်နေသည်။

"လာလေ ... လိမ္မာ၊ ဟိုမှာ ခါ့သူငယ်ချင်းတွေ စောင့်နေ

တယ်၊ မိတ်ဆက်ပေးမလို့''

''နောက်မှမိတ်ဆက်ရအောင်လေ၊ ကျွန်တော် အပေါ်တက်တော့မယ်''

''အာ ... မဟုတ်တာ၊ ဟိုမှာစောင့်နေတာကို''

သူ ဘာဆက်လုပ်ရမှန်းမသိဖြစ်နေစဉ်မှာပဲ ခိုင်ခန့်က ချာခနဲ သူ့အနားမှ ထွက်သွားတော့သည်။ ဒါကို သူမက –

''အဲဒီဘဲကြီးက ဘာဖြစ်တာလဲ''

''ခါကမှ သူ့ကို လိုက်လိုက်လဲလဲမရှိတာ၊ သူ့ထက် ကျွန်တော့်ကို ခါက ပိုခင်ပြနေလို့ ၂ ဝင်သွားတာနေမှာပေါ့''

''ဘာဆိုင်လို့လဲဟယ်၊ သူ့ဟာသူ ဘာပဲဖြစ်နေဖြစ်နေ ခါ ခင်တာက ရှင့်ကိုပဲလေ''

သူမက သူ့အကျီလက်မောင်းစလေးကိုဆွဲပြီး သူမ၏ သူငယ်ချင်းတွေထံသို့ ခေါ်လာခဲ့သည်။ သူ ခိုင်ခန့်တို့ဘက်ကို အကြည့်ရောက်သွားတော့ အားလုံးက သူနှင့် သူမကို ဝိုင်းအကဲခတ်နေပုံရသည်။

သူမက သူ့ကိုအရေးတယူဆက်ဆံနေတာကို ခိုင်ခန့်ဘက်က တင်းသွားပုံရသည်၊ သူက စိတ်မပါတပါနှင့်ပဲ သူမမိတ်ဆက်ပေးသော သူငယ်ချင်းကောင်မလေးတွေကို စကားပြောနေမိသည်။

''ကျွန်တော် သွားမယ်နော်၊ သူငယ်ချင်းတွေ စောင့်နေလို့''



သူ့ဘက်က ထုတ်ပြောတော့မှပဲ သူမက သူ့ကိုသွားခွင့်ပေးသည်။ သင်တန်းပြတဲ့တီချယ် မဝင်သေးပေမယ့် သူ့သူငယ်ချင်းတွေ အားလုံးဟာ စာအုပ်တစ်အုပ်ကို ဝိုင်းအုံပြီးကြည့်ကာ အလုပ်ရှုပ်ချင်ယောင် ဆောင်နေကြသည်။

သူ အတန်းထဲဝင်ထိုင်တာကိုတောင် စောထက်ကိုက မကြိုက်တဲ့အလား တစ်ဖက်ကို ရွှေ့သွားသည်။ ကျော်ဇောကလည်း သူ့ကို တစ်ချက်ပဲကြည့်ကာ ပြန်လှည့်သွားပြီး ခိုင်ခန့်နှင့်စကားပြောနေသည်။ သက်နိုင်ဌေးကတော့ မလာသေးပါ။ ငွေအောင်ကောင်းဘုန်းမြတ်ကလည်း တခြားခုံတွင် ထိုင်နေသည်။

တီချယ်ဝင်လာပြီး သင်တန်းစကာနီးတွင် သက်နိုင်ဌေး ဝင်လာသလို သူမတို့အုပ်စုလည်း ဆူညံစွာ ဝင်လာကြသည်။

သူလည်း သူမတို့ဘက်ကို မကြည့်မိအောင် သတိထားနေတာ အခုမှဝင်လာသော သက်နိုင်ဌေးကို ခေါင်းညိတ်ပြုံးပြလိုက်သည်။ သူငယ်ချင်းတွေအားလုံးထဲမှာ သက်နိုင်ဌေးက သူ့အပေါ် အညှာတာဆုံး ဆက်ဆံကာ အနစ်နာခံတတ်သည်။

ဘာမှမသိသေးသည့် သက်နိုင်ဌေးကတော့ သူနောက်ကျသည့်အကြောင်းကို ခပ်တိုးတိုးပြောရင်း အတန်းထဲဝင်ထိုင်သည်။

ကျော်ဇောနှင့်စောထက်ကိုက သူ့ကိုမကြည့်ပေမယ့် သူတို့

ခပ်ကျိတ်ကျိတ်ပြောနေတာကို သူ့အကြောင်းကလွဲလို့ တခြားအကြောင်း မဖြစ်နိုင်ပါ။ နိုင်ခန့်ကတော့ သိသိသာသာပင် မျက်နှာကြောတင်းတင်းနှင့် သူ့ကို လုံးဝလှည့်မကြည့်ပါ။

သက်နိုင်ဌေးကတော့ ဘာဖြစ်နေတာလဲဆိုသည့်သဘောမျိုး ပါသောအကြည့်နှင့် သူ့ကိုလှမ်းကြည့်တာမို့ သူက ခေါင်းခါပြလိုက်သည်။

သူနှင့်သူမ ခင်သွားတာ ဘာဖြစ်သွားလို့လဲ။

သူကတော့ သက်ပြင်းကြိတ်ချလိုက်ကာ ဆရာရှင်းပြတာကို နားထောင်နေလိုက်သည်။ နိုင်ခန့်ကိုကြည့်မိတော့ နိုင်ခန့်မျက်နှာဟာ တင်းမာခက်ထန်နေပြီး နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။

သင်တန်းလွှတ်တော့ နိုင်ခန့်၊ ကျော်ဇော၊ စောထက်ကို အောင်ကောင်းဘုန်းမြတ်တို့ဟာ သိသိသာသာပဲ သူ့ကိုမခေါ်ဘဲ ခပ်သွက်သွက် ထွက်သွားကြသည်။ ဒါကို သိချင်စိတ်တွေ ပြင်းပြနေသည့် သက်နိုင်ဌေးက သူ့ထံလျှောက်လာကာ –

"မင်းနဲ့ ဘာဖြစ်ထားတာလဲ လိမ္မာ"

"ငါနဲ့ ဘာမှမဖြစ်ပါဘူးကွာ"

"ဒါဆို ... သူတို့က ဘာဖြစ်လို့ မင်းကိုမခေါ်တာလဲ"

"ငါလည်း အဲဒါကိုပဲ စဉ်းစားနေတာကွ"



"ငါ သွားမေးလိုက်မယ်ကွာ"

သက်နိုင်ဌေးက နိုင်ခန့်တို့နောက်ကို လိုက်ရန် ပြင်နေတုန်းမှာပဲ သူမ ရောက်လာပြန်တော့ သူ စိတ်ညစ်သွားမိသည်။ သူမကို ခင်မိပေမယ့် နိုင်ခန့်စိတ်ဆိုးမှာစိုးသည်။

"တစ်ခုခု သွားစားရအောင်လေ"

"မစားတော့ဘူး ခါ၊ ဟိုမှာ နိုင်ခန့်က သွားပြီ"

"ညနေကျရင် လာခဲ့မယ်လို့ ဘွားကိုပြောလိုက်နော်"

"အင်း"

"ရှင့်သူငယ်ချင်းနဲ့ မိတ်ဆက်ပေးဦးလေ"

သူမက သက်နိုင်ဌေးကို မေးငေါ့ပြီး ခပ်ပြုံးပြုံးလေး ပြောလာတော့ သက်နိုင်ဌေးတစ်ယောက် အရမ်းကြီးကို အံ့သြသွားပုံရသည်။ သက်နိုင်ဌေးတစ်ယောက် အသက်ရှူဖို့တောင် မေ့နေပုံရသည်။

"သြော် ... သူက သက်နိုင်ဌေးတဲ့၊ သက်နိုင်ဌေး သူက ခေသီကွာတဲ့"

"လိမ္မာ့သူငယ်ချင်းဆိုတော့ ခါ့သူငယ်ချင်းပဲပေါ့၊ လာလေ ကိုသက်ရော လိမ္မာပါ တစ်ခုခုသွားစားရအောင်"

"မစားတော့ဘူး ခါ နောက်မှပဲ၊ ဟိုမှာ နိုင်ခန့်တို့စောင့်နေလို့"

"ရပါတယ်၊ ဒါနဲ့ ... ကိုသက်က ခါ့ကို မခင်ဘူးထင်တယ်"

အခုထိ မှင်တက်နေသော သက်နိုင်ဌေးက သူမ၏အပြော
ကြောင့် ပျာပျာသလဲ –

''မဟုတ်ပါဘူးဗျာ၊ မေသိက္ခာကို ကျွန်တော်လည်း ခင်ပါ
တယ်''

''အိုကေ ... သွားမယ်နော်''

သူမထွက်သွားတော့ သူလည်း ထွက်လာခဲ့သည်။ ဒါကို
သက်နိုင်ဌေးက သူ့ဘေးကလိုက်ရင်း –

''မင်းက မေသိက္ခာနဲ့ ဘယ်လိုသိတာလဲ၊ မင်းကိုခေါ်ပုံက
အရမ်းရင်းနှီးနေသလိုပဲနော်''

သက်နိုင်ဌေးအမေးကို စိတ်မဝင်စားဘဲ နိုင်ခန့် ဘာပြောမလဲ
ဆိုတာကိုပဲ စိုးရိမ်နေသည်။

''လာနေပြီ''

သူ့အနားကို မရောက်ခင်မှာဘဲ ကျော်ဇောက ခပ်မဲ့မဲ့ပြော
သည်။

''လိမ္မာ ... ဒီနေ့ မင်းဘာသာမင်းပဲ ပြန်တော့ကွာ၊ ငါ
အိမ်က နိုင်းထားတဲ့ကိစ္စရှိလို့''

သူ့ဘက်က ဘာမှမပြောရခင်မှာဘဲ နိုင်ခန့်က ခပ်တင်းတင်း
မျက်နှာနှင့် ခပ်ပြတ်ပြတ်ပြောကာ သူ့ရဲ့ဒိုကြီးကို မောင်းပြီးထွက်သွား



သည်။

သူ တစ်ခုခုပြောမလို့ လုပ်နေစဉ်မှာပဲ ကျော်ဇောတို့ကပါ
က်သွားကြသည်။

အရင်ကလည်း နိုင်ခန့်အိမ်က ဘာကိစ္စပဲခိုင်းခိုင်း သူ့ကိုခေါ်
သွားတတ်သည်။ အခုဟာကတော့ နိုင်ခန့် သူ့ကို မခေါ်ချင်တာ
သာနေသည်။

''လိမ္မာ ... ငါ ဒီနေ့ နည်းနည်းနောက်ကျသွားတာနဲ့ အဝထူး
တင်းတွေ မြင်နေရပါလား။ နိုင်ခန့်က ဘာဖြစ်သွားတာလဲ၊ မင်းတို့
လည်း ငါ့ကို သူငယ်ချင်းလို့ သဘောထားရင် ပြောပြဦးကွာ''

သက်နိုင်ဌေးက နိုင်ခန့်ကိုရော သူ့ကိုရော ကြည့်ပြီးတဲ့နောက်
ပေါက်ကွဲပြတော့သည်။

ဟုတ်သားပဲ။

သက်နိုင်ဌေးက ဘာမှမသိသေးချေ။

သူ သက်နိုင်ဌေးကို တစ်ခုခုပြောရန်ပြင်ပြီးမှ သတိရပြီး
မတို့တက်ကို အကြည့်ရောက်သွားစဉ် သူမက သူ့ထံ လျှောက်လာ
နေခဲ့ပြီ။

''သက်နိုင် ... ငါ့ကိုလိုက်ပို့ပေးပါကွာ၊ မင်းသိချင်တာတွေ
မ်းရောက်ရင် ပြောပြမယ်''

"အေး ... လိုက်ပို့ပေးမယ်လေ၊ ဒါနဲ့ နိုင်ခန့်က"

"ပြောပါ့မယ်ကွာ၊ မေသိက္ခာလာနေပြီ၊ ငါ့ကို မင်းလိုက်ပို့ပေးမယ်လို့ ပြောပေးကွာ နော်"

"ဗျော ... အေး"

သူ့ရဲ့စကားတွေကို သက်နိုင်ဒွေးက ဘုမသိ ဘမသိနှင့် ခေါင်းတွင်တွင်ညိတ်ပြီး လာနေသော သူမဘက်ကို အသာကြည့်သည်။

"လိမ္မာ ... မပြန်သေးဘူးလား၊ နိုင်ခန့်နိုင်နဲ့ လိုက်မသွားဘူးလား"

သူမက သူ့မျက်နှာကို တည့်တည့်ကြည့်ကာ မေးလာပါသည်။

"နိုင်ခန့်က သွားစရာရှိလို့တဲ့လေ၊ သက်နိုင်က လိုက်ပို့ပေးမယ်တဲ့"

သူမက မယုံကြည်သောမျက်နှာပေးလေးနှင့် လှမ်းကြည့်တော့ သက်နိုင်က အပြုံးနှင့်ခေါင်းညိတ်ပြသည်။

"ကိုသက်မအားရင် ခါ လိုက်ပို့ပေးမယ်လေ"

"အားပါတယ်၊ ကျွန်တော်လည်း ဘွားဘွားနဲ့တွေ့ချင်သေးလို့လေ၊ အခုပဲသွားတော့မှာ"

သူမက ချက်ချင်းထွက်မသွားသေးဘဲ သူ့ကို အကြည့်ရှ





သေးနှင့် စိုက်ကြည့်ပြီးမှ ထွက်သွားသည်။

သူနှင့်သက်နိုင်ဒွေးလည်း ထွက်လာခဲ့သည်။

"သက်နိုင် ... ငါတို့ ထူးကဲကိုသွားရအောင်၊ ငါ တိုက်မှာပါ"

"မဟုတ်တာကွာ၊ ငါတိုက်မှာပေါ့"

သူ့အခြေအနေကို နားလည်သော သက်နိုင်ဒွေးက ဒါပဲပြောကာ ထူးကဲလက်ဖက်ရည်ဆိုင်သို့မောင်းသည်။

ကျုံစိမ့်နှစ်ခွက် ရှေ့ကိုရောက်တဲ့အထိ သူ့ထံမှ ဘာမှ ထွက်မလာသေးတော့ သက်နိုင်ဒွေးကလည်း အလိုက်တသိနှင့် မမေးပါ။

သူ သက်ပြင်းချလိုက်ပြီး –

"မေသိက္ခာက ငါ့ကိုခင်ချင်တယ်တဲ့ကွာ၊ အဲဒါ ငါ့ဘက်ကလည်းပြန်ခင်တာ ငါ့မှာအပြစ်ရှိလား"

သူက သက်နိုင်ဒွေး၏မျက်နှာကို ပင့်ကြည့်ပြီး မေးလိုက်တဲ့အခါ –

"ဘာလို့အပြစ်ရှိရမှာလဲ လိမ္မာရ၊ မေသိက္ခာကို လူတိုင်းခင်ချင်တာပဲလေ"

"ငါလည်း ငါ့ကိုယ်ငါ အပြစ်မရှိဘူးထင်လို့ ပြန်ခင်မိလိုက်တယ်ကွာ"

"လိမ္မာ .. မင်းတို့ဇာတ်လမ်းကို ငါ့ကို အစအဆုံးပြောပြကွာ"

စိတ်မသက်မသာသောရယ်သံနှင့် သူ ရယ်လိုက်ကာ မနေ့
က သူမနှင့်ခင်မိသွားတာကစပြီး ဒီနေ့အဖြစ်အပျက်တွေအထိ အသေ
စိတ် ပြောပြလိုက်တော့သည်။

အားလုံးကို သေချာနားထောင်ပြီးချိန်မှာတော့ သက်နိုင်ဇွေ
က ခေါင်းတညိတ်ညိတ်လုပ်ပြီး သူ့ကို ပြုံးပြသည်။

"ငါသဘောပေါက်သွားပြီ လိမ္မာ၊ နိုင်ခန့် ဘာဖြစ်သွားတာ
မင်းသိလား"

"ရိပ်တော့ရိပ်မိတာပေါ့ကွာ၊ ဒါပေမဲ့ . . . ငါ ယောက်ျားချင်း
အတင်းမပြောချင်ဘူး"

"ဘာလို့မပြောရမှာလဲကွ၊ ဒီလောက် သိသိသာသာကြီး
လုပ်သွားတာ၊ ယောက်ျားကြီးတန်မဲ့ မရှက်ဘူးလားကွာ"

"အဲလိုတော့ မပြောပါနဲ့ကွာ"

"ပြောတယ်ကွာ၊ မင်း မပြောရက်ဘူးမလား။ ငါပြောတယ်
ကွာ၊ မနက်ဖြန်ကျ လူကိုယ်တိုင်လည်း ပြောဦးမှာ"

"မလုပ်ပါနဲ့ကွာ၊ ငါ့ကြောင့် သူငယ်ချင်းတွေ ရန်မဖြစ်စေချင်
ဘူး"

"ဒီမှာလိမ္မာ . . . ငါလည်း မင်းလိုပဲ လူတစ်ဖက်သားအပေါ်
အားနာတတ်တယ်၊ သည်းခံတတ်တယ်၊ ဒါပေမဲ့ . . . အဲဒီစိတ်တွေ



လူတိုင်းနဲ့ မတန်ဘူးကွ၊ သည်းခံလွန်းရင် အနိုင်ကျင့်ချင်ကြတယ်၊
မင်းကိစ္စကိုပဲ ကြည့်လေကွာ၊ မင်းကို မေသိက္ခာက ဘာကြောင့်ပဲ
ခင်ခင် သူတို့နဲ့ ဘာဆိုင်လဲ"

"ထားလိုက်ပါတော့ကွာ"

"လိမ္မာ"

သက်နိုင်ဇွေက သူ့ကို ခေါ်သံတကြီးခေါ်တော့ သူ သက်ပြင်း
ချလိုက်မိသည်။

"ဘာလဲ လိမ္မာ . . . မင်းက ဘာမှအမှတ်မထားဘဲ မနက်ဖြန်
ခင်တန်းသွားဖို့အတွက် နိုင်ခန့်ဆိုင်ကယ်နောက်က စီးဦးမှာလား"

"သူနဲ့ငါက ဘာမှမဖြစ်တာပဲကွာ"

"လိမ္မာ . . . မင်း ဉာဏ်မတုံးပါဘူးကွာ၊ မေသိက္ခာလို ရွှေမင်း
သမီးက သူ့ကိုကျော်ပြီး မင်းကိုသည်းပြတာကို သူ ၂ ဝင်နေတာ၊
မင်းလည်း သိတယ်မို့လား"

"ဟုတ်တယ်ကွ၊ ဒါပေမဲ့ . . . မေသိက္ခာက ဘာမို့လို့လဲ၊
သူလိုယောက်ျားမျိုးက မေသိက္ခာထက်သာတဲ့မိန်းမကို တွေ့မှာပါ၊
အခုဟာကလည်း ငါတို့က ခင်ရုံခင်ကြတာပါကွာ"

"မေသိက္ခာထက် သာတာရှာမှာက နောက်လေး လောလော
ဆယ် မေသိက္ခာက သူတို့မျက်စိထဲမှာ မင်းသမီးတစ်ပါးပဲ"

''ဒါဆို ... အရင်ကတည်းက ခင်ခွင့်ရအောင်ကြိုးစားပါ လား၊ ကိုယ်က ယောက်ျားပဲဟာ''

''အေးလေ ... ဟော့ရောင် မေသိက္ခာက ညနေလာဦးမှာတဲ့ နော်''

''စိတ်ညစ်တယ်ကွာ''

''ဘာစိတ်ညစ်စရာရှိလဲ ဟော့ကောင်ရ၊ ကိုယ့်ကိုခင်တဲ့သူ ရှိတာ ဝမ်းသာစရာပေါ့ကွ၊ မင်းကိုငါ ပြောမလို့မေ့နေတယ်''

''ဘာလဲကွ''

''မင်း ဒီနေ့ သားနားနေတယ်၊ အဲလိုလေးနေစမ်းပါကွာ ငါလည်း အဲလိုပဲ မြင်ချင်တယ်''

''အေးပါကွာ ... သွားရအောင်၊ ဘွားဘွား မျှော်နေလိမ့်မယ် ငါ ရှင်းလိုက်မယ်နော်''

သက်နိုင်ဌေးက သူ့ရှင်းမှာကို လက်မခံဘဲ သူ့ဘာသာသူရှင်း ပါသည်။ ဒါကတော့ သက်နိုင်ဌေးတင်မဟုတ်၊ သူငယ်ချင်းတစ်ဖွဲ့လုံး က သူချို့တဲ့တာကိုသိတဲ့အတွက် သူ့ကိုပဲ အမြဲကျွေးခဲ့တာဖြစ်သည်။

တစ်ခါမှ ပြန်မကျွေးဖြစ်တဲ့သူက လိုက်မစားဘူးဆိုလည်းမရ အတင်းမရမကဆွဲခေါ်တတ်ပြီး ကျွေးတတ်သည်။ ထိုအထဲမှာ နိုင်ခန့် က အဆိုးဆုံးဖြစ်သည်။



''မင်းကိုမေးမယ်''

ဆိုင်ကယ်မောင်းရင်း သက်နိုင်ဌေးက ပြောလာသည်။

''မေးလေ''

''မနက်ဖြန် နိုင်ခန့်ကို သွားခေါ်မှာလား''

''ခေါ်ရမှာပေါ့ကွ၊ ငါတို့က ရန်ဖြစ်ထားတာမှ မဟုတ်တာ''

''အေး ... ခေါ်ချင်လည်းခေါ်ပေါ့၊ ဒါပေမဲ့ မင်းကိုမှာလိုက် မယ်၊ ဒီနေ့လိုအချိုးမျိုး ဆက်ဆံမယ်ဆိုရင် မင်း အောက်ကျခံပြီး မပြောနဲ့နော်''

''အဲဒါတော့ စိတ်ချပါကွာ''

''နောက်တစ်ခုက မေသိက္ခာကို မင်း ဘယ်လိုမြင်လဲ''

''ဘာကိုလဲ''

သူ တကယ်နားမလည်လို့ ပြန်မေးလိုက်မိသည်။

''မေသိက္ခာ မင်းအပေါ် ရိုးရဲ့လား''

''အာ ... ငါမသိပါဘူးကွာ''

''မသိဘူးလို့တော့ မပြောနဲ့လေကွာ၊ ငါ မင်းကိုမေးတာ အကြောင်းရှိတယ်၊ မေသိက္ခာသာ မင်းကို ချစ်နေတယ်ဆိုရင် နိုင်ခန့် မင်းအပေါ် ဆက်ဆံရေးက ဒီ့ထက် ပိုဆိုးသွားလိမ့်မယ်ကွ''

သက်နိုင်ဌေး၏စကားကြောင့် သူ့ရင်တစ်ခုလုံး ပူလောင်သွား

ရသည်။ သူ့ဘက်က ဘာအပြစ်မှမရှိသလို ဘာမှလည်း မလုပ်တဲ့ အတွက် ထိတ်လန့်စရာမလိုသော်လည်း နိုင်ခန့်နှင့်တော့ စိတ်ဝမ်းမကွဲ ချင်ပါ။

''မင်းထင်တာတွေ လျှောက်မပြောပါနဲ့ကွာ၊ တစ်ဖက်သား သိက္ခာကျပါတယ်၊ မေသိက္ခာလို မိန်းကလေးတစ်ယောက်က ငါ့လို ငမွဲကို ချစ်နေမှာလား''

''ဒါဆို ... မင်းကိုမှ ဘာလို့ရွေးပြီး မိတ်ဆက်တာလဲ''

''ဒါကတော့ကွာ ... သင်တန်းတစ်ခုလုံးမှာ ငါက အဆင်းဆုံး၊ ရုပ်အဆိုးဆုံးဆိုတော့ သနားလို့နေမှာပေါ့ကွ''

''အေးပါကွာ ... မင်းအကြောင်းပြချက်နဲ့မင်းကတော့ ဟုတ် နေတာပဲ၊ ဘယ်မိန်းကလေးကမှ ဆင်းရဲတဲ့၊ ရုပ်ဆိုးတဲ့ယောကျ်ား တစ်ယောက်ကို မိတ်ဆက်ဖို့နေနေသာသာ ရှိတယ်လို့တောင် ထင်မှာ မဟုတ်ဘူး၊ သူတို့စိတ်ထဲ ထူးထူးခြားခြားဖြစ်တဲ့ ကောင်လေးတွေကို သာ အထူးတလည် အခွင့်အရေးတွေပေးတာကွ''

''မင်းက သိလှချည်လား''

''မင်းထက်တော့ ပိုသိတာပေါ့ကွာ''

သက်နိုင်ဒွေးစကားကြောင့် သူ ပြုံးလိုက်မိသည်။

ဟုတ်ပါသည်။



သူ မိန်းမတွေအကြောင်းမသိပါ။ မိန်းကလေး သူငယ်ချင်း လည်း မထားဘူးခဲ့ပါ။

အခု သူ့ရဲ့အရင်ဦးဆုံး သိကျွမ်းခင်မင်ရသည့် မိန်းကလေး သူငယ်ချင်းက ယောကျ်ားလေးတွေ၏ပါးစပ်ဖျားတွင် ရေပန်းစားနေ သော ရွှေမင်းသမီးလေး။

ဒီလိုမိန်းကလေးက သူ့ကိုမှ ခင်ပါတယ်ဆိုတော့။

အတွေးနှင့်ပင် ရင်ထဲ လှိုက်ခနဲဖြစ်သွားရသည်။

''ဒီနားမှာပဲ ရပ်တော့ကွာ''

''ဘာလို့လဲကွ''

''မင်းလိုက်ပို့မှန်းသိရင် ဘွားဘွားက နိုင်ခန့်နဲ့ ပြဿနာ ဖြစ်တယ်ထင်သွားလိမ့်မယ်''

''ဖြစ်ရဲ့လား''

''ဖြစ်ပါတယ်ကွာ၊ ကျေးဇူးပဲ သွားမယ်''

''ငါ မှာဦးမယ်ကွ၊ ညနေ မင်းဆီကို မေသိက္ခာလာရင် သူ့ အခြေအနေ အပြောအဆိုကို အကဲခတ်ပြီး ငါ့ကို ပြန်ပြောနော်၊ နောက်တစ်ခုက မနက်ဖြန် နိုင်ခန့်ကို မင်းသွားခေါ်လို့ သူ့ဘက်က မင်းကို မလိုလားဟန်ပုံလုပ်နေရင် ခြေလျင်ဖြစ်ဖြစ်၊ ဆိုက်ကားဖြစ်ဖြစ် ငှားလာခဲ့၊ နောက်နေ့တွေကစပြီး ငါပဲ ကြိုပို့လုပ်ပေးမယ်''

"အေးပါကွာ၊ ကျေးဇူးတင်ပါတယ်"

စိတ်ရင်းကောင်းသော သက်နိုင်ဖွေးကို နှုတ်ဆက်ပြီး အိမ်ပြန်ခဲ့သည်။

ညနေကျရင် သူမ လာမည်တဲ့။

အတွေးနှင့် ရင်ခုန်ကြည်နူးသွားပေမယ့် ထိုကြည်နူးမှုသည် ကြာကြာမခံလိုက်ရပါ။

အဘယ့်ကြောင့်ဆိုသော် –

နိုင်ခန့်နှင့် သူငယ်ချင်းတွေ၏မျက်နှာတွေ ပေါ်လာခဲ့သည်။

✹ ✹ ✹

## အခန်း (၆)

သူ သင်တန်းသွားရန်အတွက် ထုံးစံအတိုင်း နိုင်ခန့်တို့ခြံဆီသို့ လမ်းလျှောက်လာခဲ့သည်။ ခြံဝရောက်တော့ ခြံထဲဝင်ရန်အတွက် စဉ်းစားနေမိသည်။ အရင်ကတော့ သူနောက်ကျနေရင် နိုင်ခန့်က လာခေါ်တတ်သလို သူစောရင်လည်း ခြံထဲဝင်ခေါ်ရပါသည်။

ဒါပေမဲ့ ဒီနေ့တော့ သူစောနေတာမို့ ခြံထဲဝင်ခေါ်ရတော့မည်။ ဝင်သင့် မဝင်သင့် စဉ်းစားပြီးမှ သက်ပြင်းချကာ ဝင်ခဲ့လိုက်သည်။

ခြံထဲရောက်တော့ နိုင်ခန့်ထားနေကြနေရာတွင် ဆိုင်ကယ် ရှိ မရှိ ကြည့်လိုက်မိသည်။ နိုင်ခန့်၏ဆိုင်ကယ် ရှိမနေခဲ့ပါ။

"ဟာ လိမ္မာ . . . ငါလည်း မင်းကို မမြင်မိဘူး"

"ဟုတ် ... နိုင်ခန့်က"

"နိုင်ခန့်က မနက်တည်းက သူ့အဖေနဲ့ထွက်သွားတာ၊ မင်းလာရင် ပြောဖို့လည်း ဦးလေးကို သေသေချာချာ မှာသွားတယ်"

"ဟုတ်ကဲ့ဗျ၊ ကျွန်တော် သွားမယ်နော်"

နိုင်ခန့်တို့ဝါခြံအပြင်ကိုရောက်တော့ သူ့တစ်ကိုယ်လုံး မသယ်ချင်လောက်အောင် လေးလံသွားတော့သည်။

နိုင်ခန့် မင်း တမင်လုပ်သွားတာမှလား။

မနေ့က သက်နိုင်ဌေးပြောထားတာမို့ ဆိုက်ကားစီးရန်အတွက် ပိုက်ဆံပါပါသည်။ သူတို့နေသော ရွှေကျောင်းပြင်ရပ်ကွက်နှင့် သင်တန်းရှိသည့် မြို့ထဲက ခြေလျင်ဆိုရင် နာရီဝက်သာသာလောက် လမ်းလျှောက်ရမည်။ စိတ်တွေလေးလံနေတာမို့ သင်တန်းမသွားရန် အတွက် ဆုံးဖြတ်လိုက်ပြီး အိမ်ပြန်လာခဲ့သည်။

ဘွားဘွားကို တစ်ခါမှ မလိမ်ညာဘူးတာမို့ လိမ်ညာဖို့အတွက် ဆွံ့အနေမိသည်။ ဒါပေမဲ့ မလိမ်ညာလို့ကလည်းမဖြစ်။

သူက ခေါင်းမူးသည်ဟု အကြောင်းပြပြီး အခန်းအောင်းနေခဲ့တာကို ဘွားဘွားက စိုးရိမ်နေသည်။ ညနေရောက်တော့ သူ ရောက်လာသည်။ သူက နေမကောင်းဘူးဆိုတာကို အကြောင်းပြပြီး ထွက်မတွေ့ခဲ့ပါ။



ယောက်ျားလေးက ဈေးကိုင်သလိုများ ဖြစ်နေပြီလား။ ဘွားဘွားကတော့ သူ နေမကောင်းသည့်အကြောင်းပြောကာ သူမကို ညှော်ခံနေသည်။ မှောင်ကာစအချိန်လေးရောက်မှ သူမ ပြန်သွားသည်။ သူမဆိုင်ကယ်သံကိုကြားတော့ သူ စိတ်မကောင်း တော်တော်ဖြစ်သွားရသည်။

သူမ ဆိုင်ကယ်လေးထွက်သွားတာကို သူ ပြတင်းပေါက်မှ အသာချောင်းကြည့်ပြီး တစ်ခါမှ မခံစားရသော ဝေဒနာတစ်ခု ခံစားလိုက်ရသည်။

ဘုရားရေ၊ ဒါဟာ အချစ်များလား။

✱

မေသိက္ခာသာ နိုင်ခန့်ကိုခင်သွားရင် သူ့အတွက် ပိုကောင်းလိမ့်မည်။ အခုတော့ သူ့ကို သူမက ပိုအရေးပေးမိလို့ ပြဿနာတွေဖြစ်တော့မည်ထင်သည်။

သက်နိုင်ဌေးပြောသလို သူမကသာ သူ့ကိုချစ်နေခဲ့တယ်ဆိုရင် နိုင်ခန့်က သူ့ကိုဘာလုပ်မလဲ။

မနက်ဖြန်ကျရင်တော့ နိုင်ခန့်ကို သူ သွားခေါ်ကြည့်မည်။ မနက်ဖြန်လည်း နိုင်ခန့်ရဲ့အချိုးက ဒီအတိုင်းပဲဆိုရင် သူ့ဘာသာသူပဲ သွားမည်။ သက်နိုင်ဌေးလိုက်ပို့မယ်ဆိုပေမယ့် သူ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ပါ။

✹

ဒီနေ့တော့ သင်တန်းကို သွားဖြစ်အောင်သွားရမည်။ သူ့ဘက်က ဘယ်သူ့အပေါ်ကိုမှ မဟုတ်တာ မလုပ်ထားတဲ့အတွက် ဘာပဲဖြစ်ဖြစ် သူ ရင်ဆိုင်ရဲရမှာပါ။

နာရီကိုကြည့်လိုက်တော့ သင်တန်းမမီတော့ပါ။

သူ အိပ်ရာမှထပြီး ကိုယ်လက်သန့်စင်လိုက်သည်။

ထိုစဉ် . . .

"မြေးရေ . . . သက်နိုင်ဌေးနဲ့ မေသိင်္ဂါလေး ရောက်နေတယ်ကွယ်"

"ဗျာ"

သူ ကမန်းကတန်း အဝတ်အစားလဲလိုက်ကာ –



"ဘွား . . . သား သင်တန်းဘာလို့မတက်တာလဲလို့ မေးသေးလား"

"မေးတာပေါ့"

"ဘွား . . . ဘာပြောလိုက်လဲ"

"မြေးပြောခိုင်းထားတဲ့အတိုင်းပဲ ပြောတာပေါ့"

သူက ဘွားခါးကို ဖက်လိုက်သည်။

"သွားလေ မြေး၊ သူငယ်ချင်းတွေကို အားနာစရာ၊ အိမ်အထိ သတင်းလာမေးရှာတာ"

"ဟုတ် . . . ဘွား"

သူထွက်လာတော့ ဘွားက ပြုံးနေသည်။

ဧည့်ခန်းတွင် ထိုင်စကားပြောနေသော သူမနှင့် သက်နိုင်ဌေးက သူ့ကိုကြည့်သည်။

သူမက သူ့ကို တလက်လက်နှင့် အရည်လဲ့နေသောမျက်ဝန်းနှင့် ကြည့်နေတာကို သက်နိုင်ဌေးက ပြုံးစိစိလုပ်နေသည်။

သူ့ကို ငါသိတယ်နော်ဆိုသောအကြည့်မျိုးနှင့် သက်နိုင်ဌေးက ကြည့်ပြီး –

"လိမ္မာ . . . ငါတို့ ဒီမှာထမင်းစားမယ်နော်"

"အေးပါ၊ ဒါနဲ့ မင်းက ခါနဲ့အတူလာတာလား"

''အေးပေါ့ကွာ၊ ငါကလည်း လာမလို့လုပ်နေတုန်း မေသိကွာ ကလည်း သွားချင်တယ်ဆိုတော့ အတော်ပဲဖြစ်သွားတာပေါ့''

''မနေ့က ညနေက ခါလာသေးတယ်''

''အင်း ... ဘွားပြောပါတယ် ခါ''

''သက်သာရဲ့လားဟင်၊ ရှင့်ပုံစံက နွမ်းနေသလိုပဲ''

သူမက ဂရုတစိုက်လေး မေးလာပါသည်။

''အင်း ... ဟိုလို အရမ်းနေမကောင်းဖြစ်တာ မဟုတ်ပါဘူး ဗျာ''

''ဟို လိမ္မာ ... ရှင့်ကို ခါ တစ်ခုတော့ ပြောချင်တယ်''

''ဘာလဲ ခါ''

''နိုင်ခန့်ရဲ့ဆိုင်ကယ်နဲ့ သွားရမှာအခက်အခဲဖြစ်နေရင် ခါ ကိုသက်က တစ်လှည့်စီကြိုပို့ပေးမယ်လေ''

''အာ ... မဟုတ်တာပဲဗျာ''

''ဘာကို မဟုတ်ရတာလဲရှင်၊ သင်တန်းက နှစ်ရက်မျ သွားပြီး အမြဲတမ်း ဆိုက်ကားနဲ့သွားလို့လည်း ဖြစ်တာမှမဟုတ်တာ''

''ဒီမှာလိမ္မာ ... ငါတို့ပြောတာကို မင်း ဘာမှငြင်းဖို့ မစဉ်း နဲ့၊ ငါနဲ့ မေသိကွာ တိုင်ပင်ပြီးပြီ၊ ငါတို့ကို မင်း ဘာမှအားနာမနေ သင်တန်းတက်ရက်ကလည်း သိပ်မလိုတော့ဘူး၊ အဲဒီတော့



အေးအေးဆေးဆေး လက်ခံလိုက်ပါကွာ''

''မဟုတ်ပါဘူးကွာ၊ ငါလည်း စဉ်းစားထားပါတယ်၊ မနက် ဖြန်တစ်ရက်တော့ နိုင်ခန့်ကို သွားခေါ်ကြည့်လိုက်ဦးမယ်''

''ကျစ်''

သက်နိုင်ဗွေးက မကျေမနပ် စိတ်ပျက်သောပုံစံနှင့် စုတ် သပ်ချက်သတ်သည်။

''မင်းကို သူက ခေါ်မယ်များထင်နေလား၊ ယောက်ျားကြီး တန်မဲ့ မိန်းမစိတ်နဲ့ကောင်၊ ငါ မေသိကွာကိုလည်း အကုန်ပြောပြ လိုက်ပြီ''

''ဘာကိုလဲ''

''နိုင်ခန့်အကြောင်းပေါ့ကွ''

ဒေါသကြောင့် သက်နိုင်ဗွေး၏အသံ ကျယ်သွားတာမို့ သူ သူကို ကြည့်မိသွားသလို ဘွားဘွားကြားမှာကိုလည်း စိုးရိမ်သွားရ သည်။

သူမက သူ့ကို ခပ်ငေးငေးလေးကြည့်နေသည်။

''လာကွာ ... ငါတို့ ခြံထဲ ရွှမ်းဆင်းလျှောက်ရင်း စကား ပြောရအောင်''

သက်နိုင်ဗွေးက အလိုက်သိစွာပြောပြီး ရှေ့မှထွက်သွားတော့

သူနှင့် သူမလည်း သက်နိုင်ဌေးနောက် လိုက်ခဲ့ကြသည်။

ခြံထဲရှိ အရိပ်ကောင်းသော သရက်ပင်ကြီးအောက်က ခုံတန်း လျားလေးပေါ်တွင် ထိုင်ကြသည်။ သူမက –

"ရှင် မနေ့က သင်တန်းဆင်းတော့ နိုင်ခန့်ရဲ့ဆိုင်ကယ်နဲ့ လိုက်မသွားကတည်းက ခဲ့စိတ်ထဲမှာ တစ်မျိုးဖြစ်နေတာ၊ နိုင်ခန့်နိုင်က မဆိုက်ပါဘူးဟာယ်၊ ခဲ့ဘာသာ ရှင့်ကိုခင်တာ သူနဲ့ဘာဆိုင်လို့ မကျေ မနပ် ဖြစ်နေရတာလဲ၊ ခါကလည်း သူ့လို မာနမင်းသား ဘဝင်ကောင် ကို လုံးဝမခင်ဘူး"

"အဲလိုမဟုတ်ပါဘူး"

"ဘာမှဖုံးမနေနဲ့ ဟော့ရောင်၊ ငါ အကုန်ပြောပြလိုက်ပြီ ဒီနေ့လည်း မင်းပါမလာတော့ ငါက သူ့ကိုသွားမေးတာ ဘုပြောလို့ လို့ ဖောင်းလာတာ"

"မင်းကလည်းကွာ၊ ငါတားထားသားနဲ့"

"ငါက ဘာပြောလို့လဲကွ၊ ခါတိုင်း မင်းက သူနဲ့လာနေကြ မေးတာလေ၊ မင်း သင်တန်းပျက်တာ နှစ်ရက်ရှိနေပြီဆိုတော့ မေးတာ ပေါ့၊ သူ မခေါ်ချင်ဘူးဆိုလည်း ဟန်ဆောင်ပနိဆောင်တော့ ပြော ပေါ့၊ အခုတော့ သိသာလိုက်တာကွာ၊ ရုပ်ချောသလောက် စိတ်ထား ယုတ်ညံ့တယ်"



သူက ဒေါသဖြစ်နေသော သက်နိုင်ဌေးကို ဆက်မပြောဖို့ ကာ်နာရိပ် မျက်နှာကဲပြလိုက်သည်။ သူမရှေ့တွင် မပြောစေချင်တာ ည်းပါသည်။

"သိမှာရယ် . . . ခါတို့ ခင်မင်တဲ့ရက်က တိုပေမယ့် ခဲ့ရင်ထဲ တော့ အရင်ကတည်းက ရင်းနှီးခဲ့ကြတဲ့သူတွေလိုပဲ ခံစားနေရ ယ်၊ ခဲ့ကို ပွင့်ပွင့်လင်းလင်းပဲပြောပါ၊ မလျှို့ဝှက်ပါနဲ့နော်၊ ဒါ မှာကို အရမ်းခင်တယ်၊ အခုမှ ရင်းနှီးတဲ့ ကိုသက်တောင် ခါကို ပွင့်လင်းလင်း ပြောသေးတယ်"

"ဟုတ်တယ်ကွ၊ ဒီကိစ္စက တကယ်တော့ ငါနဲ့အနေသာကြီး ဒါပေမဲ့ . . . ငါ မခံချင်လွန်းလို့ ဝင်ပြောရတာ၊ ကျော်ဇော၊ အောင်ကောင်းနဲ့ စောထက်ကိုက သူတို့ယော်ကဲဖဘက်ကပါပြီး သူတို့ ချုပ်ပုံတွေကို ရှက်ရကောင်းမှန်း မသိကြဘူး"

"ကဲပါကွာ . . . တို့သူငယ်ချင်းတွေကြောင့် ခါ စိတ်ညစ်သွား ဦးမယ်"

"ရှင် စိတ်ညစ်နေမှာသာ ခါက စိုးတာပါဟာယ်၊ တကယ်ဆို ခန့်နိုင်က သူငယ်ချင်းအရင်းကြီးတွေကို ဒီလောက်အထိ လုပ်စရာမှ လိုတာ"

"သူလည်း တကယ်ကိစ္စရှိတာတွေနဲ့ တိုက်ဆိုင်သွားလို့ ဖြစ်

မှာပါ။ ကျွန်တော်ကလည်း ဒီနေ့ အိပ်ရာထနောက်ကျသွားတယ်လေ

ကဲ . . . ထမင်းသွားစားရအောင်လေ''

''အေး . . . စားရအောင်''

သူမက တကယ့်ကို သဘောကောင်းမယ့်ပုံစံလေးပါ။

''ဟင်းကတော့ မကောင်းဘူးနော်''

သီးစုံပဲကုလားဟင်း၊ မရမ်းသီးနှင့် ငရုပ်သီးထောင်း၊ ငါး

ခြောက်ဖုတ်ဆီဆမ်းလေးနှင့် ဘွားဘွားက ဖွယ်ဖွယ်ရာရာလေး ပြင်

ထားပါသည်။

သူနှင့်ဘွားဘွားက သိပ်မစားနိုင်ပေမယ့် သူမနှင့် သက်နိုင်

ဒွေးကတော့ အားပါးတရ စားကြသည်မို့ သူနှင့်ဘွားဘွားအတွက်

ညစာအတွက် တစ်ခါတည်းချက်ထားသော ထမင်းတစ်အိုးလုံး ပြောင်

သွားသည်။

''အားနာလိုက်တာ ဘွားရယ်၊ ခါတိုင်းစားလိုက်လို့ ညစာ

ထပ်ချက်ရတော့မယ်''

''ဘာဖြစ်လဲကွယ် . . . ဘွားမြေးတွေ အဲဒီလို စားကောင်းလို့

ဘွားက သိပ်ပျော်တာကွဲ့၊ လိမ္မာလည်း ပျော်နေတာ၊ နောင်လည်း

အမြဲလာစားပါကွယ်''

''အမြဲတော့မစားတော့ပါဘူး ဘွားရယ်၊ နောက် ကြုံရင်





တော့ လာစားပါ့မယ်''

''ဘွားကသာ ခေါ်နေတာပါဗျာ၊ သိလား သိက္ခာ . . .

သိမ္မာက လာစားမှာစိုးနေတာ''

သက်နိုင်က သူ့ကို မျက်စပစ်ပြီး မဲ့ကာရွဲ့ကာနှင့် ပြောနေတာ

ကို သူမက ပြုံးနေခဲ့သည်။

သူမရဲ့အပြုံးက သူ မခေါ်လည်း လာမှာပဲဆိုတဲ့ ဒီဇိုင်းမျိုး

ဖြစ်သည်။ တော်တော်လေးကြာအောင် စကားပြောပြီးမှ သူမက

အရင်ပြန်သွားသည်။

သူမခြံထဲမှ ထွက်သွားတော့မှ သူက သက်နိုင်ကို မျက်မှောင်

ကုတ်ပြီး ကြည့်လိုက်သည်။

''မင်းက ငါ့ကို ဘာဒီဇိုင်းနဲ့ show နေတာလဲ''

''မင်းက ဘာလို့ ချီရှေ့မှာ မပြောသင့်တာတွေ ပြောလဲကွ၊

နိုင်ခန့်က ငါတို့နဲ့ ငယ်ငယ်လေးထဲက ခင်လာတဲ့သူ၊ ခါက အခုမှ

ခင်တဲ့သူလေ''

''အေး . . မင်းအပေါ်မှာ အခုမှခင်တဲ့ သိက္ခာက ဟိုးငယ်တာဝ

ကတည်းက ခင်တဲ့သူတွေထက် အများကြီး ပိုကောင်းမနေဘူးလား''

''နိုင်ခန့်ကို ခါက အထင်သေးသွားမှာပေါ့ကွ''

''ဟ . . . မင်းရဲ့နိုင်ခန့်လုပ်နေတဲ့ သောက်ချိုးက သိတဲ့သူ

ဘိုင်း အထင်သေးမှာပဲကွ၊ ဒီကိစ္စ မင်းမမှားဘူး၊ မင်းဘက်က လုံး အလျှော့မပေးနဲ့၊ သူတို့ကစပြီး မင်းကို အသားလွတ်ကြီးမခေါ်တာ မင်းက အောက်ကျခံပြီး ခေါ်စရာမလိုဘူး၊ သိကွာနဲ့ ဒီနေ့မှခင်ပြီး စကားပြောဖူးပေမယ့် ငါ သူစိတ်ထားလေးကို ကောင်းကောင်းသိလိုက် ရပြီ''

''မင်းနဲ့ခါ အတူတူလာဖြစ်တဲ့အကြောင်းက''

''မင်းကိုငါ စောစောက ပြောပြီးပြီလေ၊ မင်း နိုင်ခန့်း ပါမလာတာ နှစ်ရက်ရှိပြီဆိုတော့ ငါ့စိတ်ထဲကတော့ သိလိုက်ပါတယ် ဒါပေမဲ့ . . . ငါက ဟန်မပျက်မေးလိုက်တယ်ကွာ၊ အဲဒါကို ဘာပြော တယ်မှတ်လဲ''

သက်နိုင်က ပြောရင်း ဒေါ်တွေခွီးလာကာ အသံကျယ်လာ သည်။ သူက စကားထောက်ပေးလိုက်သည်။

''ဘာပြောလဲ''

''အဲ့ကောင်ကို ငါလိုက်ကြည့်နေတာ မဟုတ်ဘူး၊ သိချင်ရင် အိမ်သွားမေးလိုက်တဲ့''

''အေးကွာ . . . နိုင်ခန့်ကလည်း''

''ထားလိုက်ပါတော့ကွာ၊ မနက်ဖြန် သင်တန်းတက်ဖို့ ငါ လာခေါ်မယ်၊ အပြန်ကျရင် သိကွာလိုက်ပို့လိမ့်မယ်''





''ကျွတ် . . . ခက်တာပဲကွာ၊ ငါ မိန်းမတစ်ယောက်ရဲ့ဆိုင် ကယ်ကို ကပ်စီးတယ်လို့ အထင်ခံရမှာပေါ့''

''မဟုတ်တာကွာ၊ အဲဒါမှ ဟိုကောင်တွေဒေါသတွေ အနုတ်နုတ်နဲ့ ထွက်နေမှာပေါ့ကွ''

''လွှတ်ထားလိုက်စမ်းပါကွာ၊ အခု မင်းကိုလည်း ငါ့ကိစ္စ ကြောင့် မကြည့်တော့ဘူးမှလား''

''သောက်ရေးကိုမလုပ်တာကွာ . . . ရှင်းလား၊ သူတို့မခေါ် တာကိုများ ဝမ်းနည်းလွန်းလို့ မဆီမဆိုင် ဟိုလူ့သုံးကောင်က ကြား ထဲက ရှူးတိုက်ထားတဲ့ခွေးတွေကြနေတာပဲ တစောင်စောင်နဲ့''

''နေပါစေကွာ''

''အေးလေ . . . သူတို့က အရှက်မရှိ ယောက်ျားတန်မဲ့ စောင်းချိတ်ရင်လည်း ချိတ်ပါစေ၊ အပြုံးမပျက်သာနေလိုက်ပေါ့ကွာ၊ မင်းက ရန်ဖြစ်ဖူးတာလည်း မဟုတ်တာ၊ နောက် . . . သူတို့လုပ်ရပ် ကို သူတို့ ရှက်လာလိမ့်မယ်''

''ငါကတော့ အချင်းချင်းတွေ အခုလို မဖြစ်ချင်ဘူးကွာ''

''ကဲပါ . . . ငါ မင်းကို ပြောစရာစကားရှိလို့ နေခဲ့တာကွ''

သူက ဘာလဲဆိုသောပုံနှင့် သက်နိုင်ကိုကြည့်ကာ ဒီကောင် က စပ်ဖြဲဖြဲရုပ်နှင့် –

"သိက္ခာက မင်းကိုကြွေနေတာလား မသိဘူးကွ၊ သူ မင်း ကြည့်တဲ့အကြည့်တွေက တစ်မျိုးပဲ၊ ငါတောင် ရင်တွေခုန်တယ်"

"အကောင်းမှတ်လို့ နားထောင်နေတာ၊ မင်းက တစ်မျိုး"

"ဟ . . . ငါက အကောင်းပြောတာကွ၊ ဒါနဲ့ အခုက စကား ပြန်ဆက်ဦးမယ်၊ ငါနဲ့ခိုင်ခန့် ကတောက်ကဆဖြစ်ပြီးကာစမှာ သိက္ခာ က ငါ့ဆီလာပြီး မင်း ဘာလို့ သင်တန်းမလာတာလဲလို့ မေးတယ် ငါလည်း ဟိုကောင်တွေရှေ့မှာပဲ မသိဘူးလို့ဖြေပြီး ကျောင်းဆင်းရင် ငါ သတင်းသွားမေးမှာလို့ ပြောတော့ သူလည်းလိုက်မယ်တဲ့ကွာ ငါ ဝမ်းသာလွန်းလို့ ကျွမ်းတောင်ထိုးလိုက်ချင်တယ်၊ ဟိုကောင်တွေ အံတကြိတ်ကြိတ်နဲ့ ကျန်ခဲ့မှာသေချာတယ်"

သူ ပြုံးလိုက်မိသည်။

"ဟော့ကောင် . . . မင်း သိက္ခာကို ရင်မခုန်ဘူးလားကွာ သိက္ခာက ရုပ်ချောတယ်၊ စိတ်ထားလေးလည်းကောင်းတယ်၊ အပြော ပြောစရာ တစ်ကွက်မှမရှိဘူး၊ မင်း သူ့ကို မချစ်ဘူးလား"

"အာ . . . မင်းကလည်းကွာ၊ လျှောက်ပြောနေတာပဲ၊ အချ ဆိုတာ တမင်တကာလုပ်ယူလို့မရဘူးကွ၊ ပြီးတော့ . . . ခါကလည်း ငါ့ကို ရိုးရိုးခင်တာနေမှာပါကွာ၊ အဲလို မဟုတ်လောက်ပါဘူး"

"ဘာလို့ မဟုတ်ရမှာလဲကွ၊ မင်းနဲ့ငါ လောင်းမလား၊ သူ



မှာ မိန်းကလေးမို့ ဒီလောက်အထိ စွန့်စားခဲ့တာ၊ ဖွင့်မပြောရုံတမယ် သူ့အကြည့်တွေက သိသာတယ်၊ လုပ်မနေစမ်းပါနဲ့ကွာ . . . လည်း ရိပ်မိပါတယ်၊ ဟုတ်တယ်မှတ်လား"

"ကဲပါကွာ . . . တော်ပါတော့၊ မင်းပြောပုံအရဆိုရင် check မှာကွ အိမ်ထဲကနေ၊ မင်း သတိထားပြန်ဦး"

"ဘာလို့လဲကွ"

"မင်းကို ခိုင်ခန့်က သူ့အိမ်ထဲကနေ လေသေနတ်နဲ့ လှမ်း ပစ်မှာစိုးလို့ဟေ့"

"စမ်းကြည့်လိုက်လေ . . . ငါက ကောင်းရင်လည်း သူများနဲ့ ဘူး၊ အေး . . . ဒေါသဖြစ်ပြီဆိုရင်လည်း ဘာကိုမှ မမြင်တော့ဘူး ယ်"

သက်နိုင် တရှူးရှူး တရှဲရှဲနှင့် ဒေါသထွက်နေပုံကိုကြည့်ပြီး သူ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ဪ . . . မင်းကိုပေးရဦးမယ်ကွ၊ ငါ့ဦးလေးကွာ . . . ကုန်ကနေ အကျီတွေ ဘောင်းဘီတွေ ထည့်ပေးလိုက်တာ၊ ငါက ည်းနည်းဝလာတော့ မတော်ဘူးကွ၊ မင်းနဲ့ဆိုတော်လောက်တယ်၊ င်း ယူလိုက်ကွာ"

ဆိုင်ကယ်လက်ကိုင်တွင် ချိတ်ထားသော အိတ်ကြီးကို

ယူလာကာ သူ့လက်ထဲ ထည့်ရင်းပြောသည်။

''မဟုတ်တာပဲကွာ၊ မယူချင်''

''ဟိတ်ကောင် ... ငါ့ကိုခင်ရင်ယူ၊ မင်းမယူရင် ငါ ဒေ

ထိုးထားရမှာ''

စိတ်စေတနာကောင်းသော သူငယ်ချင်း၏ စေတနာသန့်

ကို သူ ငြင်းချင်ပေမယ့် မငြင်းရက်ပါ။

''သွားမယ်ကွာ၊ မနက်ဖြန် ငါလာခေါ်မယ်''

''သက်နိုင် ... ငါ မနက်ဖြန်တစ်ရက်တော့ ခိုင်ခန့်ကို သွ

ခေါ်ကြည့်လိုက်မယ်ကွာ၊ သူက လုံးဝမခေါ်ဘူးလို့ အပြတ်ပြောတာ

မဟုတ်တာ၊ နောက်ပြီး ဘွားဘွားကမေးရင် ...''

''အေးလေ ... မင်း သိပ်ဆန္ဒရှိရင် မနက်ဖြန်တစ်ရ

သွားခေါ်ကြည့်လိုက်ပေါ့ကွာ၊ ဘွားဘွားအတွက်တော့မပူနဲ့၊ တစ်

လည့်ပြောရင်ပြော၊ ဒါမှမဟုတ် ... ငါ ဟိုဘက်ထောင့်က စောင့်

မယ်''

သူ ခေါင်းညိတ်ပြလိုက်သည်။

''တကယ်လို့ ခိုင်ခန့်က မင်းကို ဘယ်လိုပဲပြောပြေ

သင်တန်းကိုတော့ တက်ဖြစ်အောင်တက်ကွာ''

''အေးပါ''



''ဒါဆိုလည်း ပြီးရော၊ သွားမယ်၊ ဘွားကိုလည်း ငါ နှုတ်

ဆက်သွားတယ်လို့ ပြောလိုက်ဦး''

''အင်း ... အင်း''

သက်နိုင်ထွက်သွားမှ အိမ်ထဲကိုကြည့်လိုက်မိသည်။ တံဆိပ်

ကောင်းသော T-shirt အရောင်စုံငါးထည်နှင့် ဂျင်းဘောင်းဘီ သုံး

ထည်။

ဒါတွေဟာ တကယ်ပဲ သက်နိုင်၏ဦးလေးက သက်နိုင်

အတွက် ဝယ်ပေးတာလား။

ဒါမှမဟုတ် သူ့ကို ဝတ်စေချင်လို့ သက်နိုင်ကပဲ တမင်

ဝယ်လာခဲ့သလား။

သူ့အတွေးတွေကို ဖျက်လိုက်ကာ အိမ်ထဲဝင်လာခဲ့လိုက်တော့

သည်။

✸ ✸ ✸

## အခန်း (၇)

သင်တန်းသွားရန်အတွက် သူ ဒီနေ့ သေသေချာချာ ဝတ်စား နေမိသည်။ သက်နိုင်ပေးသော T-shirt နှင့် ဘောင်းဘီတွေက သူနှင့် ကွက်တိတော်နေတာမို့ သက်နိုင်ကို သူ ကျေးဇူးတင်မိသည်။

လိမ္မော်ရောင် T-shirt လေးကို ကော်ဖီရောင် ဂျင်းဘောင်း ဘီတိုနှင့် တွဲဝတ်လိုက်သည်။ ဆံပင်ကို Gel နှင့်ထောင်လိုက်ကာ မျက်နှာကို နို့ရည်လေး နည်းနည်းပွတ်လိုက်သည်။

ဒီနေ့ သူကိုယ်သူ ကြည့်ကောင်းအောင်ပြင်ဆင်တာဟာ ဦးခန့်ရဲ့စိတ်ဓာတ်ကို သေသေချာချာ သိချင်၍ ဖြစ်သည်။

အခန်းထဲမှထွက်တော့ ဘွားဘွားက –

"ဟာ ... ပုံမြေးက ဒီနေ့ မင်းသားကျနေတာပဲ၊ ဘွား
မပြောဘူးလား၊ ငါ့မြေးက ရုပ်မဆိုးပါဘူး၊ လှပြီး၊ ချောပြီးသား
အဝတ်အစား မဝတ်တတ်လို့ပါ"

"ဟုတ်ပါပြီ ဘွားရယ်"

"ဒါနဲ့ ... ငါ့မြေး အခုတလော အလှကြိုက်နေပါလားဟေ့"

"မဟုတ်ပါဘူးဘွားရာ၊ သားက ရှိတာလေးကို အဆင်ပြေ
အောင် ဝတ်ကြည့်တာပါ၊ အခုခေတ်က fashion တွေ ခေတ်စားတဲ့
ခေတ်ဆိုတော့ အဆင်ပြေအောင် ဝတ်ရတာပေါ့"

"ကောင်းပါ့ကွယ်"

ဘွားတစ်ယောက်တော့ အပြုံးတွေဝေပြီး ကျန်ရစ်ခဲ့သည်
သူ နိုင်ခန့်တို့ခြံသို့ လမ်းလျှောက်လာခဲ့သည်။ လမ်းလျှောက်လာရင်
သူ လှမ်းကြည့်လိုက်တော့ နိုင်ခန့်တို့ခြံရှေ့မှာ နိုင်ခန့်၏ဆိုက်ကယ်အပြ
ကျော်ဇောနှင့် စောထက်ကိုတို့၏ ဆိုင်ကယ်တွေကိုပါ တွေ့လိုက်ရ
သည်။

သူတို့သုံးယောက်ကတော့ နိုင်ခန့်၏ဖုန်းကိုကြည့်ကာ ဘာ
လုပ်နေကြသည်မသိ။ သူ့ကိုလည်း မမြင်ချင်ယောင်ဆောင်နေကြတာ
သိသာပါသည်။

"ဘာလဲ"



နိုင်ခန့်၏အသံနှင့်မျက်နှာထားသည် အရင်က နိုင်ခန့်နှင့်
နှစ်ယောက်အလားထင်ရအောင် တင်းမာခက်ထန်ပြီး သူ့တစ်ကိုယ်လုံး
ကိုလည်း စားတော့ ဝါးတော့မတတ် ကြည့်နေပါသည်။

ကျော်ဇောနှင့်စောထက်ကိုကလည်း သူ့ကို မလိုတမာ
အကြည့်၊ ရန်လိုမုန်းတီးသည့်အကြည့်တွေနှင့် ကြည့်နေကြသည်။

နိုင်ခန့်မေးလိုက်ပုံကြောင့် သူ ဘာပြောရမှန်းမသိ ဖြစ်သွားရ
သည်။ စောထက်ကိုက –

"ဟေ့ရောင် ... မင်းကို မေးနေတယ်လေ"

"မင်းတို့ သင်တန်းမတက်ဘူးလား"

"မင်းက ငါ့ကို သင်တန်းတက်ဖို့ လာခေါ်တာလား"

သူက ခေါင်းညိတ်ပြတော့ နိုင်ခန့်က ခပ်မဲ့မဲ့ပြုံးပြီး

"ဪ ... မင်းက သင်တန်းသွားမလို့လား၊ မသိပါဘူး
ကွာ၊ ငါတို့က ရုပ်ရှင်သွားရိုက်မယ့် မင်းသားလားလို့"

"ဟား ဟား ဟား"

"အဟက် အဟက် ... မင်းက လန်ထွက်နေတော့ ပြောမိ
တာပေါ့၊ ဒါနဲ့ ... ဒီအဝတ်အစားတွေက ဘေဘေစဝိုးက ဝယ်တာ
လား"

"မဟုတ်သေးဘူးကွ၊ ဘေဘေစဝိုးက မဖြစ်နိုင်ဘူး၊ တံဆိပ်

က brand အမြင့်ကွ''

''ဒါဆို ... သူ့ဘာသာသူဝယ်တာတော့ မဖြစ်နိုင်ဘူး၊ တစ်ယောက်ယောက်က စွန့်ကျဲတာပဲ ဖြစ်ရမယ်''

''ဟား ဟား ဟား''

တစ်ယောက်တစ်ပေါက်နှင့် သူ့ကို ဝိုင်းနှိမ်ကြကာ ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ဝေဖန်ကြသည်။

သူကတော့ ဒီလောက်နှင့်ပဲ သူတို့စိတ်ဓာတ်ကို သိလိုက်ပေမယ့် သည်းခံနိုင်သမျှ သည်းခံမည်ဟု ဆုံးဖြတ်ထားသည့်အတိုင်း ပြုံးလိုက်ကာ ဘာမှ မခံစားရသလိုအထာနှင့် –

''ငါလည်း မင်းတို့လို ကြည့်ကောင်းမလားလို့ ဝတ်ကြည့်တာပါကွာ''

နိုင်ခန့်က သူ့ရင်ဘတ်ကအင်္ကျီစကို ဆောင့်ဆွဲလိုက်ပြီး–

''မင်းက ငါ့လိုလူမျိုးကို ပြိုင်ချင်တာလား''

''မဟုတ်ပါဘူးကွာ၊ ငါ ဘယ်သူ့ကိုမှ မပြိုင်ပါဘူး''

''အဲဒီလို ကိုယ့်ဘဝကို ကိုယ်သိတာအကောင်းဆုံးပေါ့ကွ၊ လိမ္မာဆိုတဲ့နာမည်နဲ့လိုက်အောင် လိမ္မာစမ်းပါ၊ ငါတို့ မင်းနဲ့ ပြဿနာမဖြစ်ချင်ဘူး''

''သိတာပေါ့ကွာ၊ ငါ့ဘဝကို ငါသိတာပေါ့''





ကျော်ဇောဓါးစကားကို သူ ခပ်တိုးတိုးဖြေလိုက်သည်။ စောထက်ကိုက –

''အဲဒါဆိုလည်း ဘာလို့ ကိုယ်နဲ့မတန်မရာကို မှန်းနေရတာလဲ''

''မင်း ဘာကိုဆိုလိုတာလဲ၊ ငါ သဘောမပေါက်ဘူး စောကြီး''

''လိမ္မာ ... မင်း ဒီလောက်ထိ မတုံးပါဘူးကွာ၊ ဟန်မဆောင်စမ်းပါနဲ့''

ကျော်ဇောနှင့် စောထက်ကိုက ဟန်မဆောင်နိုင်လောက်အောင် နိုင်ခန့်ကို မျက်နှာလိုမျက်နှာရ လုပ်ပြီး သည်းခံနေသောသူ့ကို နင်းပြောနေကြသည်။

ယောကျ်ားမာနတချို့ ခေါင်းပြူလာတာမို့ အံကြိတ်ပြီး မျိုချနေရသည်။

''ကဲပါကွာ ... အပိုစကားတွေပြောမနေစမ်းပါနဲ့၊ ဒီမှာလိမ္မာ ငါ မင်းကို ဒီနေ့ကစပြီး ငါ့ဆိုင်ကယ်နဲ့ တင်မခေါ်နိုင်ဘူး၊ ပေါက်တယ်နော်''

''ရပါတယ် နိုင်ခန့်၊ ငါက မင်းသဘောထားကို ပွင့်ပွင့်လင်းလင်း သိချင်တာပါ''

"တကယ်ဆို ငါ့သဘောထားကို မနေ့ကတောင်မဟုတ်ဘူး တစ်နေ့တည်းက သိဖို့ကောင်းတယ်"

"ငါက မင်းစိတ်ဆိုးစိတ်နာစရာ ဘာတစ်ခုမှ လုပ်မထားတဲ့ အတွက် အဲဒီလောက်အထိ မရိပ်မိခဲ့ဘူး နိုင်ခန့်"

"စိတ်ဆိုးစရာ၊ စိတ်နာစရာမလုပ်ဘူး ဟုတ်လား"

"အေးလေ ... ငါ ဘာလုပ်ခဲ့လို့လဲ"

"အေးပေါ့ ... မင်းက မှန်နေတော့ ဘယ်သိမလဲ၊ တစ်နေ့ က မင်းကောင်မနဲ့ ငါ့ကို ဘာကိစ္စ မိတ်ဆက်ပေးရတာလဲ"

"အဲဒါ စိတ်ဆိုးစရာလား"

"စိတ်ဆိုးစရာပေါ့ကွာ၊ ငါ့လို မိန်းမတကာရဲ့ပါးစပ်ဖျားက မချတဲ့ကောင်ကို မင်းလို ဘာမဟုတ်တဲ့ ငမွဲက မိတ်ဆက်ပေးတယ် ဆိုတာ ငါ့ကိုကြောတာပဲ"

နိုင်ခန့်စကားလုံး ရိုင်းစိုင်းမှုတွေက သူ့နားထဲသို့ စူးတွေ စိုက်ဝင်နေသည်။

နိုင်ခန့်ကို ဒီလိုပုံစံမျိုးနှင့် တစ်ခါမှ မမြင်ဘူးသည့်အတွက် အံ့လည်းအံ့ဩမိသည်။

နိုင်ခန့်က ရင်ဘတ်ကို ဆောင့်တွန်းရင်း –

"ပြောစမ်း ... မင်းလို ဘာမဟုတ်တဲ့ကောင်က ဒီလိုမိန်း





မနဲ့ သိတယ်ဆိုပြီး တစ်သက်လုံးက ငါ့အောက်မှာနေခဲ့တဲ့အတွက် ကြောချင်တာလား။ နိုင်ခန့်နိုင်ကို ဒီလိုလာကြောလို့ကတော့ ပျင်း သောင် ပျင်းသေးတယ်ကွ"

"မင်း အထင်လွဲနေပြီ နိုင်ခန့်၊ ငါ့မှာ ဒီလိုဆန္ဒမျိုး မရှိဘူး ဆိုတာ ငါ့ကိုယ်စောင့်နတ် အသိဆုံး"

"ဘာမှ လာတိုင်တည်ပြမနေနဲ့၊ သွားတော့ကွာ၊ ငါ့ရှေ့က ထွက်သွားတော့၊ မင်းမျက်နှာကို ထပ်မမြင်ချင်ဘူး"

"သွားမှာပါ၊ ငါဟာ မင်းထင်သလို မဟုတ်ဘူးဆိုတာကို တော့ ထပ်ပြောခဲ့ပါရစေ"

BURMESE CLASSIC

သူ ပြောပြီးတာနှင့် ချာခနဲလှည့်ထွက်ခဲ့သည်။ အရင်ကဆို ဝမ်းနည်း စိတ်မကောင်းဖြစ်မိမှာ။ ဒါပေမဲ့ အခုတော့ ကိုယ့်ကိုယ်ကိုယ် တောင် အံ့ဩမိသည်။ ဝမ်းနည်းဖို့နေနေသာသာ သူ့ရင်ထဲမှာတောင် တစ်ခုခုကို ရှင်းရှင်းလင်းလင်း ဖြစ်သွားသလို ခံစားနေရပြီး အားမာန် အပြည့်နှင့် လမ်းလျှောက်ခဲ့သည်။

"လီမွှာ"

သူ့ဘေးတွင်ကပ်ကာ ဆိုင်ကယ်ရပ်လာသူက မေသိကွာ။ ဝန်းဆီရောင် ကိုယ်ကျပ်လက်ပြတ်လေးကို အနက်ရောင်ဘောင်းဘီ ပေါင်လယ်ခန့်သာတိုသော ဘောင်းဘီလေးနှင့် တွဲဝတ်ထားသည်။

သူမက ဆိုင်ကယ်ကို ခွရင်း နောက်ဆုတ်ထိုင်တာမို့ သူ
မောင်းသူနေရာကိုထိုင်ကာ ခပ်ဖြေးဖြေးပဲ မောင်းခဲ့သည်။

"နိုင်ခန့်နိုင်က သူ့ဆိုင်ကယ်နဲ့ တင်မခေါ်ဘူးတဲ့လား"

သူက စကားတစ်ခွန်းမှ မပြောတော့ သူမကမေးလာသည်

"ဟုတ်တယ်၊ သူ မခေါ်တော့လည်း မလိုက်ရုံပေါ့"

"ဟင်း . . . ခါ ထင်လို့ လာစောင့်နေတာ၊ ရှင်က မမေးလို
ဘူးလား။ ဆိုင်ကယ်ပေါ် တင်မခေါ်ချင်ရတဲ့အကြောင်းကို"

"မမေးတော့ဘူး"

သူမေးခဲ့ပြီး နိုင်ခန့်ဖြေခဲ့သောအဖြေကို သူမထံ ပြန်ပြော
လို့ မဖြစ်ပါ။

"အဲဒီကောင်က သူ့ကိုယ်သူ အထင်ကြီးနေတာ၊ ဘယ်သူ
ဖြစ်ဖြစ် သူနဲ့ပဲ အရင်သိရမယ်လို့ ခံယူထားတာနေမှာပေါ့၊ အ
ခါနဲ့ ရှင်က ခင်ပြီး သူ့ကို ပြန်မိတ်ဆက်ပေးလိုက်တော့ သူ ဗီးလ်ထု
တာပေါ့"

သူမ ပြောလိုက်သောစကားကြောင့် နိုင်ခန့်ပြောတာကို ပြ
သတိရသွားပြီး –

"ကျွန်တော်ကတော့ အဲဒီလို မတွက်မိပါဘူးဗျာ"

"ရှင်က ရိုးသားတာကိုး၊ နောက်ပြီး ရှင့်စိတ်ဓာတ်က နိုင်



စိတ်ဓာတ်နဲ့မှ မတူတာ၊ နိုင်ခန့်နိုင်ရဲ့ ခံယူချက်ကိုက သူသာ
နှုန်းသာခဲ့၊ သင်တန်းတစ်ခုလုံးမှာ သူ့ရုပ်ရည်က ကြည့်အကောင်း
ဆုံးဆိုပြီး သူ့ကို အားလုံးက ဦးစားပေးရမယ်ပေါ့ဟယ်၊ နောက်ပြီး
... ခါက ရှင် သူနဲ့မိတ်ဆက်ပေးတော့ သိပ်ရင်းရင်းနှီးနှီး ပြန်မပြော
လိုက်တော့ သူတင်းသွားတာပေါ့"

"ခါရယ် . . . ကျွန်တော့်စိတ်ထဲမှာတော့ ဘာမှမရှိတာပါ"

"ခါ ခုနကပြောသလိုပဲပေါ့၊ ရှင်က ရိုးရိုးသားသား မိတ်ဆက်
ပေးတာကို သူကတော့ သူ့လောက်မှ မထင်ရှားတဲ့ ရှင်က သူ့ကို
ကြွားတယ်လို့ ယူဆချင် ယူဆမှာပေါ့"

သူမပြောနေတာတွေဟာ နိုင်ခန့်ပြောလိုက်တာနှင့် တစ်ပုံစံ
တည်း တူနေတော့ တုံးလွန်းသည့် ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်မိ
သည်။

"ဘာမှတော့ စိတ်မကောင်းမဖြစ်ပါနဲ့ဟယ်၊ သင်တန်းပြီးတဲ့
အထိတော့ ခါနဲ့ကိုသက် ကြိုပို့လုပ်ပေးပါ့မယ်၊ မငြင်းနဲ့နော်"

သူလည်း မငြင်းဘူးဟု ဆုံးဖြတ်ထားတာမို့ ခေါင်းညိတ်ပြ
လိုက်သည်။ သူမကလည်း ဘာစကားမှ ထပ်မပြောတော့ပေ။

ထိုစဉ် သူတို့နောက်မှပါလာသော နိုင်ခန့်တို့၏ဆိုင်ကယ်ကို
တွေ့လိုက်ရသည်။

နိုင်ခန့်၊ ကျော်ဇော၊ စောထက်ကိုတို့ သုံးယောက်သည် ဆိုင်ကယ်တွေကို အသားကုန်မောင်းပြီး ဟားတိုက်ရယ်မောကာ သူ ကို ကျော်တက်သွားကြသည်။

“လိမ္မာ ... သူတို့ရှေ့ရောက်အောင် မောင်းလိုက်ပါလား”

“မမောင်းတော့ပါဘူးကွာ”

“ရန်မဖြစ်တတ်ဘူးလား”

“ရန်ဆိုတာ ရှောင်နိုင်ရင် အကောင်းဆုံးပဲလေ”

“ဟုတ်တယ်၊ သည်းခံတတ်တဲ့ ရှင့်ရဲ့စိတ်ဓာတ်ကို သဘော ကျတယ်၊ ဒါပေမဲ့ ... ရှင်က ပုထုဇဉ်နော်၊ အတိုင်းအတာတစ် ထက် ကျော်လာခဲ့ရင်တော့ ငြိမ်ခံမနေနဲ့”

BURMESE CLASSIC

“အင်းပါ”

သူက ပြုံးပြုံးရောသဘောနှင့် အင်းလိုက်မှ သူမလေး ကျေ ပြီး ငြိမ်သွားသည်။

သင်တန်းရှေ့ရောက်တော့ နိုင်ခန့်တို့က တစ်နေရာ၊ သက်နိုင် ဌေးတို့က တစ်နေရာထိုင်နေကြသည်။ သက်နိုင်ဌေးက သူနှင့်သူမ မြင်တော့ ဝမ်းသာအားရ အပြေးရောက်လာသည်။

“သိက္ခာသွားခေါ်တာလား”

“အေး ... ဟုတ်တယ်”





“ဟိုကောင်တွေလာပြီး မင်း ပါမလာလို့ စိတ်ပူနေတာကွ”

သူမက ပီကေလေးကို ပူဖောင်းလေးဖြစ်အောင်ဝါးပြီး –

“ခါက မနက်ကတည်းက လမ်းထိပ်မှာသွားစောင့်နေတာ၊ တဲ့အတိုင်းပဲ လိမ္မာ ခြေလျင်လိမ့်လာတာလေ”

“မင်းကို နိုင်ခန့်က မခေါ်ဘူးလား”

သူ မဖြေခင်မှာပင် သူမက ဝင်ပြီး –

“မခေါ်လို့ ခြေလျင်လာတာပေါ့ဟယ်၊ အသေးစိတ် သိချင်ရင် ကိုသက်သူငယ်ချင်းကိုသာ မေးကြည့်ပေတော့၊ လိမ္မာ ဆင်းရင် လိုက်ပို့မယ်နော်၊ နောက်နေ့တွေမှ ကိုသက် လိုက်ပို့လိုက်”

သူမက သူ့ရဲ့စကားပြန်အပြောကိုတောင် မစောင့်ဘဲ အနားမှ ထွက်သွားသည်။

“ပြောစမ်းပါဦးကွ၊ ဒီနေ့ရော နိုင်ခန့်နိုင်က ဘယ်လိုပညာပြ တာလဲ”

သူက သက်နိုင်ဌေးကို ဖြစ်ခဲ့သမျှ မချွင်းမချန် ပြောပြလိုက် သည်။

“ဟာ ... ဒီကောင်တော်တော်ဆိုးတာပဲကွ၊ ဒီကိစ္စက ဒီ တိုက်ဖြစ်စရာမလိုပါဘူး၊ ကိုယ်လုပ်တဲ့ကိစ္စဟာ ဘယ်အခြေအနေ ရောက်သွားမလဲဆိုတာ မစဉ်းစားဘူး၊ ဒီကြားထဲ ဟိုကောင်တွေကပါ

လိုက်မြှောက်ပေးနေတယ်၊ မင်း ဘာမှအားမငယ်နဲ့ကွာ၊ မင်းသော
ငါ ရှိတယ်၊ အဲ ... ငါတင်ဘယ်ကမလဲကွ၊ ဟဲ ဟဲ''

သက်နိုင်၏ အနှောင့်အသွားမလွတ်သောစကားကြောင့် –
လက်သီးနှင့် သက်နိုင်လက်မောင်းကို အသာထိုးလိုက်ကာ –

''စိတ်တွေရှုပ်ရတဲ့အထဲ မင်းကတစ်မျိုး''

''လာပြန်ပြီ မင်းက ဘာကိုစိတ်ရှုပ်ရတာလဲ''

''မဟုတ်ပါဘူးကွာ၊ အချင်းချင်း အခုလိုဖြစ်တာ မင်း
စိတ်ချမ်းသာလား''

''ဟေ့ကောင်ရ ... ဒီဇာတ်လမ်း မင်းစတာမှ မဟုတ်
''ဟုတ်တယ်ကွ၊ ဒီဇာတ်လမ်းကိုစတာ မေသိက္ခာပဲ၊ သူ
ငါ့ဆီမလာဖို့ ပြောလိုက်ရမလား''

''သောက်ပိုတွေမပြောစမ်းပါနဲ့ကွာ၊ မေသိက္ခာလို ကော
လေးနဲ့ ခင်ရတာ ဘယ်လောက်ပျော်စရာကောင်းလဲ၊ ဂုဏ်ရှိတ
သူက မာနမကြီးသလို သဘောလည်းကောင်းတယ်၊ ပြီးတော့ ..
မင်းလည်း အဲလိုမပြောရက်ပါဘူးကွာ၊ ဟုတ်တယ်မှတ်လား၊ ဒီဖိုင်း
တောင် လန်းလာပြီ''

''အဲဒါကတော့ ဟုတ်တယ်''

ပြောရင်း သူတို့အနားလာရပ်သူက –

BURMESE CLASSIC



''ဟင် ... အောင်ကောင်း''

''ဟုတ်တယ် ... ငါပဲ''

''မင်းက နိုင်ခန့်တို့နဲ့''

သက်နိုင်ဒွေး၏စကားကို ဖြတ်ပြီး –

''ငါ အရင်ကတော့ နိုင်ခန့်တို့နဲ့ တစ်ဖွဲ့တည်းပေါ့ကွာ၊ အခု
နိုင်ခန့်စိတ်ဓာတ်က အိုဗာဖြစ်လွန်းလို့ ငါနဲ့တင်းလာတာ၊ မင်းကို
သူ သိပ်မနာလိုဖြစ်နေတယ်ကွ၊ အစကတော့ ငါလည်း နောက်နေ
တယ်ထင်တာ၊ အခုတော့ သူ့စိတ်ဓာတ်က လက်လန်တယ်ကွာ၊
မင်းလည်း အခုလိုမျိုး ဝတ်စားတာကို တော်တော်မနာလိုဖြစ်နေတာ
ကွ၊ ငါကတော့ ကြိုက်တယ် ဟေ့ရောင်၊ ဒီအဝတ်အစားတွေဝတ်တာ
ဒီလောက်ကြည့်ကောင်းရင် ငါတို့လို ဒီဖိုင်းတွေသာ ရှိုင်းလိုက်လို့က
တော့ နိုင်ခန့် ထိုင်ငိုမှာပဲ''

''အဲဒါကိုတော့ ငါလည်း အောင်ကောင်းစကားကို ထောက်ခံ
တယ်ကွ''

မှန်တဲ့သူကိုအားပေးသော သက်နိုင်နှင့် အောင်ကောင်းဟာ
သူနဲ့တစ်ဖွဲ့ဖြစ်သွားပြီး ကျော်ဇော၊ စောထက်ကိုနှင့် နိုင်ခန့်က တစ်ဖွဲ့
ဖြစ်သွားသည်။

''ဘာပဲဖြစ်ဖြစ်ကွာ ... ဒီလောက် ဘဲအလန်းတွေကြားထဲ

က ဘာမှ မပြင်မဆင်ဘဲ အဝတ်ခပ်နွမ်းနွမ်းတွေပဲ ဝတ်တတ်တဲ့မင်းလို အဘိုးကြီးပေါက်စလေးကို စိတ်ဝင်စားတဲ့ မေသိက္ခာရဲ့မေတ္တာက တော့ တော်ရုံမဟုတ်လောက်ဘူးကွ''

''မင်းတို့ကလည်းကွာ ထင်တာတွေ လျှောက်ပြောပြန်ပြီ သူ ကြားသွားရင် မကောင်းဘူးကွ''

''မကောင်းစရာမရှိပါဘူးကွာ။ သူ မင်းကို ကြွေနေတာ အသိသာကြီး၊ ငါကတော့ ဝမ်းသာတယ်ကွ''.

''အဲဒါတော့ ဟုတ်တယ်ကွ၊ မေသိက္ခာက ဒီသင်တန်းမှာတင် မဟုတ်ဘူး တစ်မြို့လုံးမှာလည်း ရွှေမင်းသမီးနော်၊ နိုင်ခန့်တောင် ကြိတ်ကြိုက်နေတာလားမသိဘူး၊ အခု . . . မေသိက္ခာက သူတို့ကို သောက်ရေးမလုပ်ဘဲ မင်းကို သည်းနေတော့ မခံချိမခံသာ ဖြစ်နေ ကြတာ၊ ပြီးတော့ ငါ သတင်းတစ်ခုကြားသေးတယ်ကွ၊ နိုင်ခန့်က မေသိက္ခာကို လိုက်မလို့ဆိုလား မသိဘူး''

''သူ တကယ်ကို ချစ်လို့ ခါ့ကိုလိုက်တာဆိုရင် လိုက်ပေါ့ ကွာ၊ ဒါပေမဲ့ . . . မချစ်ဘဲနဲ့ အပြိုင်နဲ့လိုက်မယ်ဆိုရင်တော့ ငါ လက်မ ခံဘူး''

''အေး . . . အဲဒါကြောင့် ငါက မင်းကိုပြောတာပေါ့ကွာ၊ မင်းသာ သိက္ခာကို ချစ်တယ်ဆိုရင် ဒီပွဲကပြီးပြီ၊ သိက္ခာအတွက်



အခုလို ငါတို့ စိုးရိမ်နေစရာမလိုတော့ဘူး''

''ကဲ . . . တော်တော့ ဆရာလာပြီ''

ဆရာက စာသင်နေပေမယ့် သူ့အတွေးထဲမှာတော့ သူမကို နိုင်ခန့်လိုက်တော့မယ်ဆိုတဲ့စကားက စွဲကျန်နေသည်။

သူ့ရင်ဘတ်ထဲက နာလာသည်။ ချစ်မိနေပေမယ့် သက်နိုင် ဘို့မြှောက်ပေးသလိုတော့ မပြောရဲပါ။ ဒီကြားထဲ ငယ်ငယ်တည်းက င်ရတဲ့ သူငယ်ချင်းတွေနဲ့လည်း ဘာမဟုတ်တဲ့ကိစ္စလေးကြောင့် ခေါ်နိုင် မပြောနိုင်ဖြစ်ရတာကို ခံစားရသည်။

သင်တန်းဆင်းတော့လည်း သူမက ရှုတ်လိုက်ပို့ပေးမယ် ဖြစ်နေသလို သက်နိုင်နှင့်အောင်ကောင်းကလည်း ထိုးထည့်နေတာမို့ သူ သူမနှင့်အတူ ထွက်ခဲ့သည်။

လမ်းတစ်လျှောက်လုံး သူမကတော့ ရယ်စရာတွေပြောနေ ပေမယ့် သူ့မှာ စိတ်လွတ် ကိုယ်လွတ် မရယ်နိုင်ပေ။ နိုင်ခန့်တို့၏ ဆိုင်ကယ် သူတို့နောက်မှကပ်ပါလာပြီး စောင်းမြောင်းမှာကို စိုးရိမ် နေမိသည်။

နိုင်ခန့်တို့ခြံအကျော်မှာ ရပ်လိုက်ပြီး သူ ဆင်းလိုက်သည်။

''ကဲ ခါ . . . ကျွန်တော် သွားမယ်''

''အိုကေ . . . တာ့တာ''

သူမက ချစ်စဖွယ်အပြုံးလေးနှင့် ကလေးဆန်ဆန် တ...
ပြကာ သွားကလေးတွေပေါ်သည်အထိ ရယ်ပြန်သည်။

"အရမ်းချစ်တာပဲ ခါရယ်"

ဟု သူ စိတ်ထဲမှ ခပ်တိုးတိုးလေး ပြောလိုက်မိသည်။

✹ ✹ ✹

## အခန်း (၈)

သူမကို ဘာအလုပ်မှမလုပ်ဖြစ်ဘဲ အခန်းထဲခွေနေရအောင် သူက ပြုစားထားသည်။ အရင်လို အပြင်သိပ်မထွက်ဖြစ်တော့ဘဲ အိမ်တွင်းအောင်းကာ ငြိမ်နေသောသူမကို အန်တီပေါက်ကလည်း အကဲခတ်နေခဲ့သည်။

သူ့ကို မထင်မရှားဘဝလေးမှာကတည်းက သူမ စွဲလမ်းခဲ့ရတာပါ။ အဝတ်အစားကောင်း မဝတ်ရလို့ သိပ်မထင်ပေါ်ပေမယ့် ဒီနေ့လို အဝတ်အစားလေးတွေ ဝတ်လိုက်တော့လည်း နိုင်ခန့်နီးပါး ချောသူပင်။

နိုင်ခန့်လိုဒီဇိုင်းတွေသာ ဝတ်ပေးလိုက်ရင်တော့ နိုင်ခန့်ထက်

တောင် ရုပ်ရည်ကသာသွားနိုင်သည်။ နိုင်ခန့်ထက်သာသောအချက် သူ့တွင်ရှိသည်။ နိုင်ခန့်အသားက ညိုတိုတို၊ ခပ်စိုစိုဖြစ်ပေမယ့် သူ့အသားအရေကတော့ ကိုရီးယားမင်းသားတွေလို ဖွေးဥကာ အစက်အပျောက်ကင်းနေသည်။

သူ့ကို တိတ်တဆိတ် စိတ်ဝင်စားရာကနေ ချစ်မိသွားခဲ့သည်။ ချစ်မိသွားရာကနေ သူ့ကို အသားလွတ်နှိပ်ကွပ်နေသော နိုင်ခန့်ကြောင့်ပဲ တစ်သက်လုံးအတွက် လက်တွဲဖော်အဖြစ် ဆုံးဖြတ်ချက်ချလိုက်သည်။

သူလည်း သူမကို ချစ်မိနေလိမ့်မယ်ဟု ယုံကြည်ထားသည်။ အမြဲတမ်း အဝတ်ဟောင်းလေးတွေသာ ဝတ်တတ်သည့်သူက သက်နိုင် လက်ဆောင်ပေးထားသော အကျီတွေ၊ ဘောင်းဘီတွေ ဝတ်ပြီး ဆံပင်ကို Gel တွေ ဘာတွေနှင့် ထောင်လာသည်ဆိုတော့ တွေးကြည့်ပေါ့နော်။

သိပ်တန်ဖိုးမရှိသော အဝတ်အစားလေးတွေ ဝတ်နေတာတောင် သူမ မျက်စိထဲ ဒီလောက်ကြည့်ကောင်းနေခဲ့ရင် ဒီထက်မကကောင်းတာတွေ ဝတ်ပေးလိုက်လို့ကတော့ ဟယ်။

သူ့ကို အဝတ်အစားတွေ ယောကျ်ားလေးအသုံးအဆောင်ပစ္စည်းတွေ ဝယ်ပေးချင်စိတ် ပေါ်လာခဲ့သည်။



တွေ့ရတဲ့ရက်ကနည်းကာ သူနှင့်သူမ၏ ခင်မင်မှုက ပိုနေခဲ့ဘာမို့ ဒီလိုလက်ဆောင်ပေးချင်ပေမယ့် သူ စိတ်ဆိုးသွားမလား။

ဘယ်လိုလုပ်ရမလဲ။

စဉ်းစားရင်း အတွေးထဲကိုဝင်လာတာကတော့ သူမကိုလည်းဆိုပြီး မျက်နှာကြီးဟင်းဖတ်မပါတတ်သော ကိုသက်နှင့်အောင်ကောင်းတို့ကို မြင်ယောင်ကာ လက်ဖျောက်လေးတစ်ချက် တီးလိုက်မိသည်။

သက်နိုင်က ဟိုရက်က သူ့ကို လက်ဆောင်ပေးခဲ့သည်ဆိုတော့။

✹

မယူချင်ပါဘူးကွာ။ ငါက ဒါတွေ ဘယ်တုန်းက လုပ်ဖူးလို့ထဲကွ"

"အရင်က မလုပ်ခဲ့ပေမယ့် အခု ဒါမျိုးတွေလုပ်ရမယ်၊ သုံးရမယ် လိမ္မာ၊ အဲဒါကြောင့် ငါတို့ပေးတာ လက်ခံပါကွ"

"ဟုတ်တယ် လိမ္မာ၊ မင်းက နွံနစ်နေတဲ့ ပတ္တမြားခဲ၊ အခုဆို နိုင်ခန့်က မင်းကို တစ်နေ့တခြား ပိုကြည့်မရဖြစ်နေပြီ၊ ဒီတော့

သူ့ကို ပြိုင်တာမဟုတ်ပေမယ့် ပိုကြည့်ကောင်းအောင်တော့ နေရ
လိမ့်မယ်''

''မင်းတို့ စေတနာကို ငါနားလည်ပါတယ်ကွာ၊ ငါလည်း
လူပဲကွ၊ ဘာတစ်ခုမှ သူနစ်နာအောင် မလုပ်ရဘဲ ငါ့ကို အသားလွတ်
ကြီးကွာ၊ ကြည့်မရတာက ဥပေက္ခာပြုထားလို့ ရသေးတယ်၊ အခုဟာ
က တွေ့တိုင်း ယောကျ်ားတန်မဲ့ စောင်းမြောင်းနေတာ၊ ငါ့ဘက်က
ဘာမှ တုန့်လှုပ်မပြလေ သူ ပိုဒေါသထွက်လေပဲ၊ ဒါပေမဲ့ . . . ငါ့မှာ
တာတွေနဲ့ပဲ ဝတ်ပါရစေကွာ၊ ထိုနေ့က သက်နိုင်ပေးထားတာ
လည်း ရှိသေးတာပဲ၊ မင်းဟာတွေ လက်မခံပါရစေနဲ့ကွာ''

''ငါတို့ကို ခင်တယ်ဆိုရင် မငြင်းပါနဲ့ကွာ၊ မင်းလည်း အသာ
ဖြူတယ်၊ အရပ်အမောင်းကောင်းတယ်ဆိုတော့ ဘာဝတ်ဝတ် လိုက်
မှာပါကွ၊ ငါတို့ မင်းကိုပေးတာ ဘယ်လိုသဘောမျိုးနဲ့မှ မဟုတ်ဘူး
ဆိုတာ မင်းယုံတယ်မို့လား''

''ယုံပါတယ်ကွာ''

''ယုံရင် ဘာစကားမှမပြောနဲ့၊ ယူထားလိုက်''

''နေဦးကွ၊ အဝတ်အစားတွေက အရေးမကြီးဘူး၊ ဒီ လိ
စရာ ပစ္စည်းတွေက လိမ်းနည်းသင်ပေးမယ်''

သက်နိုင်က အိတ်တစ်ခုထဲမှ အနက်ကလေးတွေကိုထု





တာ –

''ဒါ ကိုရီးယား daeng gi meo ri ကထုတ်ထားတဲ့
ယောကျ်ားလေးတွေသုံးပစ္စည်းတွေ၊ Jasengyeon homme တွေ၊
ဒါက မျက်နှာသစ်တာ၊ ဒါက မျက်နှာလိမ်းတာ၊ ဒီဘူးကတော့ Lotion
ပေါ့၊ ဒီဘူးအဝါလေးကတော့ Healthy shop ကထုတ်ထားတဲ့ foot
cream ခြေဖဝါးကိုလိမ်းရတာ၊ ဒါကလည်း healthy shop ကပဲ
hand cream က လက်ဝါးကိုလိမ်းရတာ၊ တစ်ပတ်တစ်ခါ မျက်နှာ
ပေါင်းတင်တာကတော့ ငါတို့သွားရင် မင်းကိုခေါ်မယ်''

''ပစ္စည်းတွေက အများကြီးကွာ၊ ယောကျ်ားတစ်ယောက်
လေးပဲကွာ အဲဒါတွေ သုံးစရာလိုလို့လား''

''အခုခေတ်က ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲ
ဖြစ်ဖြစ် အသားအရေကတော့ ထိန်းသိမ်းဖို့လိုတယ်ကွ''

အောင်ကောင်းက ယူလာသောအထုပ်အပိုးတွေကို သူ့ရှေ့
တွန်းပို့ရင်းပြောသည်။

''လိမ္မာ . . . ငါတို့ဗိုက်ဆာတယ်ကွာ၊ ထမင်းကျွေး''

''ကျွေးမှာပေါ့ကွာ၊ မင်းတို့ ငါ့အိမ်ကိုလာရင် ဘယ်တုန်းက
ထမင်းမစားရဘဲ ပြန်ရလို့လဲ''

''ဟုတ်တော့ ဟုတ်ပါတယ်ကွာ၊ အခု ငါတို့စားရင် မလောက်

မှာစိုးလို့ကွ''

''ဘွားဘွားက မင်းတို့ရောက်ကတည်းက ထပ်ချက်ေ

လောက်ပြီ''

''အားနာလိုက်တာကွာ၊ ဪ . . . ဒါနဲ့ သိကြာက လာမှာ

လား''

အောင်ကောင်းက မေးလာတာမို့ သူ ခေါင်းညိတ်ရင်း -

''လာမှာပေါ့ကွ၊ ညနေတိုင်း လာနေကျပဲဟာ''

''သိကြာကို မင်းကမပေးရင် မရတော့ဘူးလို့ ယဉ်လှ

ပြောတယ်ကွ''

သူ ပြုံးလိုက်ကာ -

''မင်းတို့ဟာ ငါ့အတွက် ရဲဘော်ရဲဘက်လည်း ဟုတ်တယ်

ညီအစ်ကိုလည်း ဟုတ်တယ်ဆိုတော့ ငါ ဖွင့်ပြောမယ်ကွာ၊ ငါ ခါ့

ချစ်နေခဲ့တာပါ၊ ဒါပေမဲ့ . . . ငါ ဖွင့်ပြောလိုက်ရင် သူ စိတ်ဆိုးသွာ

မှာ စိုးတယ်ကွာ''

''ဟ . . . မင်းကလည်း၊ သူကလည်း မင်းကိုချစ်တယ်

မင်းကလည်း သူ့ကိုချစ်တယ်၊ ဘာလိုသေးလဲကွာ''

''အောင်ကောင်းရာ . . . . ငါ့လို ဘာဆွေဂုဏ် မျိုးဂုဏ်မှ

တဲ့ ယောကျ်ားတစ်ယောက်ကို ခါတို့လို အသိုင်းအဝိုင်းက လူတွေ





ဘယ်လိုလုပ် သဘောတူမှာလဲ၊ အဲဒါကြောင့် ငါကတော့ စိတ်ကူး

မယဉ်ချင်ဘူးကွာ၊ ငါ မျိုသိပ်ထားလိုက်တော့မယ်''

''အဓိပ္ပာယ်မရှိဘူးကွာ၊ သိကြာတို့တစ်မိသားစုလုံးက

သဘောကောင်းပြီး စိတ်ထားဖြူစင်ကြပါတယ်ကွ''

''အခု ဟန်ဆောင်မြိုသိပ်နေရတာ ပိုသက်သာမယ် ထင်

တယ်ကွာ၊ သိပ်ချစ်ပြီးကြမှ ခွဲရရင် ငါ ခံစားနိုင်မှာမဟုတ်ဘူးကွ၊

ပြီးတော့ ခိုင်ခန့်တို့က ဝိုင်းလှောင်ကြဦးမှာ''

''ဖြစ်မလာသေးတာကို သွေးမပူစမ်းပါနဲ့ကွာ၊ တကယ်လို့

သိကြာမိဘတွေက သဘောမတူလည်း ကာယကံရှင်က သိကြာပဲဟာ၊

သိကြာက မင်းကို လွယ်လွယ်နဲ့ လက်တွဲဖြုတ်မယ်ထင်သလား''

''ခါ ငါ့အပေါ်ချစ်တဲ့အချစ်က ဘယ်လောက်ခိုင်မြဲမယ်လို့

မင်းတို့ထင်လဲ၊ ခါ့အသက်က ငယ်ငယ်လေးရှိသေးတယ်၊ သူ ဖြတ်

သန်းရမယ့်ဘဝတွေကလည်း အများကြီးရှိသေးတယ်၊ ငါ ခါ့ကို ဖွင့်

မပြောပေမယ့် သူငယ်ချင်းတစ်ယောက်အနေနဲ့တော့ စောင့်ရှောက်ပေး

မှာပါ''

ထိုစကားကို သူပြောနေချိန်တွင် ရင်ဘတ်ထဲမှ အောင့်မျက်

နေသည်။ အောင်ကောင်းတို့ကလည်း သူ့ကိုကြည့်ကာ ဘာဆက်ပြော

ရမှန်း မသိ ဖြစ်သွားကြသည်။

ရွှေအသောကစာပေ

''ကဲပါကွာ ... မနက်ဖြန်ကျရင် ငါတို့ပေးတဲ့လက်ဆောင်တွေ ဝတ်ခဲ့နော်''

''အေးပါကွာ''

သူငယ်ချင်းတွေ စိတ်ချမ်းသာစေချင်တာမို့ သူ ခေါင်းညိတ်ပြလိုက်သည်။

ခဏကြာတော့ ဘွားဘွားချက်ထားသော ဘဲဥချဉ်ရည်ဟင်းရယ်၊ ပဲပြားသီးလေးတွေကို ငရုတ်သီးစပ်စပ်လေးနဲ့ အိုးကပ်အောင်ချက်ထားသော ဟင်းရယ်ကို အားပါးတရစားပြီး ပြန်သွားကြသည်။

သူမကတော့ မှောင်စပျိုးတဲ့အထိ ပေါ်မလာခဲ့ပါ။ လာနေကျမလာတော့ မျှော်နေမိသည်။ သူ့ကို သူမ၊ အောင်ကောင်းနှင့် သက်နိုင်တစ်ယောက်တစ်လှည့်စီ အကြိုအပို့လုပ်နေတာကို ဘွားဘွားမသိပါ။

သူကလည်း ဘွားဘွားမမေးတာမို့ မသိချင်ယောင်ဆောင်နေလိုက်သည်။

နိုင်ခန့်တို့အဖွဲ့က သူ့အပေါ် မလိုတမာမှုတွေ တစ်နေ့တခြားကြီးထွားလာသလို သူနှင့်သူမတို့သတင်းကလည်း တိတိလင်းလင်းသာချစ်သူမဖြစ်သေးတာ သင်တန်းတစ်ခုလုံး ရေပန်းစားနေသည်။

သက်နိုင်နှင့် အောင်ကောင်းကလည်း နိုင်ခန့်တို့အဖွဲ့ဖြစ်နေတာကို ကြည့်ပြီး သဘောကျသည်။





သက်နိုင်တို့ ဝယ်ပေးသောပစ္စည်းတွေကို သုံးတော့ သူ့သားအရေဟာ အရင်ကထက် အများကြီးပိုချောမွေ့လာကာ ကြည့်ကောင်းလာသည်။

ထိုနေ့က အဝတ်အစားကောင်းလေးတွေဝတ်ကာ သင်တန်းသာတော့ –

''ရှင်သိပ်ချောတာပဲ''

ဟု သူမက ခပ်တိုးတိုးဆိုသည်။

သူမလို မိန်းကလေးတစ်ယောက် အချီးလိုပြောတော့ သူ ရှက်မိသည်။ ဘွားကလည်း တပြုံးပြုံးနှင့် ကြည့်နေခဲ့တာကို မြင်ယောင်မိသည်။

''ဒါတွေက သက်နိုင်တို့ပေးတာတွေပါ''

သူက မလုံမလဲနှင့်ပြောမိသည်။

''သြော် ... ဒါက ကိုသက်တို့က ရှင့်ကိုခင်လို့ပေးတာနေမှာပေါ့၊ ပြီးတော့ နိုင်ခန့်နိုင်တို့အဖွဲ့ကိုလည်း နည်းနည်းကျောချင်လို့နေမှာပေါ့လေ''

''နိုင်ခန့်ကတော့ကွာ ... တကယ်အံ့သြတယ်''

''အံ့သြစရာတော့ သိပ်မကောင်းပါဘူးဟယ်၊ ပြီးတော့ ... အဲဒီကောင်က အုပ်စုလိုက်မို့ နည်းနည်းကြွနေတာ၊ သိပ်တော့ သတ္တိရှိပုံ

မရပါဘူး''

''ဘာလို့လဲ''

''ဩော် ... သူက ခါ့ကိုလိုက်မယ်လို့ သတင်းလွှင့်ပြီ တကယ်တမ်း လိုက်မှမလိုက်ရဲတာ၊ သူသာ ခါ့ကိုလိုက်ကြည့်ပါလာ ခါက ပါးဆွဲရိုက်မှာ''

''အဲလိုတော့ မလုပ်ပါနဲ့ကွာ''

''ခါက ရှင့်ကို ဘာလို့လိုက်ကပ်နေတယ်လို့ထင်လဲ''

သူမက ဆိုင်ကယ်နောက်မှထိုင်ကာ သူနားနား အသာကပ်ပြီး တိုးတိုးလေးမေးတာမို့ သူ ဆိုင်ကယ်ကို လန့်ပြီးရပ်လိုက်မိသည်။

သူမက ဆိုင်ကယ်ပေါ်မှဆင်းကာ သူ့မျက်နှာကို သေသေ ချာချာစိုက်ကြည့်ပြီး –

''ခါ ရှင့်ကို သိပ်ချစ်တယ်''

ဟု ခပ်တိုးတိုးလေးဆိုသည်။

''ခါ''

''ဟုတ်တယ်လိမ္မာ၊ ခါမှမပြောရင် ရှင့်ပါးစပ်က တစ်သက် လုံး ချစ်တယ်ဆိုတဲ့ စကားကြားရဖို့ လမ်းမမြင်ဘူးလို့ ကိုသက်ဇ မနေ့က လာပြောသွားတယ်''

''အာ ... ဒီကောင်တွေကွာ''



''မိန်းကလေးဘက်ကစပြီး အရှက်မရှိ ဖွင့်ပြောတယ်လို့ ...ထင်ရင်လည်း ထင်ပေါ့ရှင်၊ ဒါပေမဲ့ ... ခါကတော့ ဘယ်သူ့ကိုမှ ...ရှမစိုက်ဘူး''

''ဂရုမစိုက်လို့မရဘူး ခါ၊ ကျွန်တော်တို့နှစ်ယောက်ပဲ ချစ်နေ ...ပြီးသွားမှာမှ မဟုတ်တာ''

''ဟုတ်တယ်လေ၊ ဘဝတစ်ခုကိုလည်း မဖြစ်မနေ တည် ...ဆောက်ရမှာပဲ၊ ခါ အားလုံးကို တွေးထားပြီးသားပါ၊ အဲဒီအတွက် ...လည်း ကြိုးစားမယ်၊ ရှင်လည်း ကြိုးစားပါ၊ ခါ အရင်ကလို ...တတ်လျှားလတ်လျှား မလုပ်တော့ဘူး''

သူမပြောနေသောစကားတွေကို သူ နားထောင်ရင်း ...ဆက်ပြင်းချလိုက်မိသည်။

''သွားမယ် ... တက်လေ''

''မတက်ဘူး လိမ္မာ၊ ရှင် ခါ့ကိုချစ်တယ်လို့ပြော၊ အဲဒီလို ...ပြောမှ ခါ ဆိုင်ကယ်ပေါ်တက်မှာ''

မျှော်လင့်တကြီးပြောလာသော သူမကို သူ ကြည့်လိုက်ပြီး ...ခင်ထဲမှခံစားမှုကို မတွန်းလှန်နိုင်တော့ပဲ –

''ခါ့ကို ကျွန်တော် သိပ်ချစ်ပါတယ်''

''ဟယ် ... တကယ်နော် တကယ်''

သူမက ကလေးတစ်ယောက်လို လက်ခုပ်လေးတီးက
ခုန်ဆွခုန်ဆွနှင့် လုပ်သည်။

''ချ''

''ဟင်''

''ကိုယ် တစ်ခုပြောမယ်'

''ဘာလဲဟင်''

''အခု ကိုယ်တို့ကတစ်ယောက်နဲ့တစ်ယောက် ချစ်ကြပေမယ့်
ဘဝအတွက် ဘာမှ မပြင်ဆင်ရသေးဘူး၊ အဲဒီတော့ ဘာမှ အဆ
သင့်မဖြစ်သေးခင်မှာ ချစ်သူလိုမနေဘဲ နေရအောင်''

''အာ ... ချစ်သူတွေပါဆို၊ ဘယ်လိုနေရမလဲ''

''မဟုတ်ဘူးလေ၊ လူတွေရှေ့မှာ သိပ်မသည်းဖို့ ...
အဓိက,ကတော့ ခိုင်ခန့်ရှေ့မှာပေါ့''

''ကို''

သူမက သူ့ကို ကိုဟု ခေါ်လိုက်တာမို့ သူပြုံးမိသွားသည်

''ကို ... ရှင် ဘာလို့ ခိုင်ခန့်ကို အဲလောက် ဂရုစိုက်နေရတာ
လဲ၊ ရှင်နဲ့သူ ဘာကျေးဇူးမှမရှိသလို သူကတောင် ရှင့်ကို အသ
လွတ်ကြီး မနာလိုဖြစ်နေသေးတာ၊ အရေးလုပ်စရာမလိုဘူးနော်၊ ခါ
အဲဒီကောင်ကို သိပ်ကြည့်လို့ရတာ မဟုတ်ဘူး''



''ကဲပါကွာ ... တက် သွားရအောင်၊ ဟိုနှစ်ကောင် မျှော်နေ
လောက်ပြီ''

သူမက ဆိုင်ကယ်ပေါ်တက်ပြီး ဒီတစ်ခါတော့ သူ့ခါးကို
ပိုင်ပိုင်နိုင်နိုင်ကြီး ဖက်ထားလိုက်တော့သည်။

''ကို ကိုသက်တို့ကိုပြောမှာလား''

''မပြောလည်း ခင်ပျားလေးပုံစံနဲ့ သိမှာပါပဲ''

''ကိုကလည်း''

သူမကတော့ ရင်ထဲမှာ အတိုင်းအဆမရှိ ပျော်ရွှင်နေရသည်။
သူနှင့်သူမ စီးလာသောဆိုင်ကယ် သင်တန်းရှေ့ ထိုးရပ်လိုက်တာနှင့်
အားလုံး၏မျက်ဝန်းတွေက ဒီနေ့မှ ထူးထူးခြားခြား ကြည့်နေကြသည်။

ထင်ပါတယ်။

သူမ သူ့ခါးကို ပိုင်ပိုင်နိုင်နိုင် ဖက်ထားလို့နေမှာပါ။ သူမ
ဆိုင်ကယ်ပေါ်မှဆင်းကာ သူ့လက်မောင်းကို မှီတွယ်လိုက်ပြီး –

''ကို့ကို သိပ်ချစ်တာပဲ''

ဟု ခပ်တိုးတိုးလေးပြောလိုက်သည်။

သူက နှုတ်ခမ်းလေး တွန့်ကွေးနေအောင်ပြုံးရင်း –

''တွေ့လား သည်းပြီ''

''ယဉ်လေးတို့ဆီ သွားလိုက်ဦးမယ်''

"အင်း"

သူမထွက်သွားတော့ သူ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ အရင်က ဘယ်သူကမှ အရေးလုပ်စရာလို့ မမြင်ခဲ့တဲ့သူ့ကို အားလုံးက ဝိုင်းပြီးကြည့်နေကြတာမို့ သူလည်း လူသားပီပီ မာန်တော့တက်သွားမိသည်။

"တွေ့ရမြင်ရတာ စိတ်ဆင်းရဲလိုက်တာ"

ကျော်ဇောအသံက စူးခနဲ ထွက်လာသည်။

"ဟုတ်ပဲ့ကွာ၊ အနူလက်နဲ့ ရွှေခွက်နှိုက်ချင်တယ်ဆိုတာ အဲဒါမျိုးပေါ့"

"ခိုင်ခန့် ... မင်းစကားပုံက အရမ်းမိုက်တယ်ကွာ"

"ဟား ဟား ... ဒါပေမဲ့ကွာ ဘယ်လောက်ပဲ ဒေါင်းယောင်ဆောင်သောကျီးဟာ နောက်ဆုံး ဘာဖြစ်မယ်ဆိုတာ မင်းတို့ စောင့်ကြည့်ကွ၊ သိလား"

"ဘာဖြစ်မှာလဲ ခိုင်ခန့်"

"အရမ်းသိချင်နေပြီကွ"

"သည်းခံ သည်းခံ ဒကာ"

"ဟား ဟား ဟား"

သူ့ကို ဒေါသဖြစ်အောင် ခိုင်ခန့်တို့က ဆွပေးနေသည်။



ဒါပေမဲ့ သူ့နာမည်က ကိုကိုလိမ္မာလေ။

နာမည်နဲ့လိုက်အောင် အလိမ္မာလေးသုံးပြီး ဘာဒေါသမှမဖြစ်ပြတဲ့အပြင် သူတို့ကိုရှိတယ်လို့တောင် မထင်ဘဲ ထီမထင်အပြုံးလေးနှင့် လျှောက်လာခဲ့တော့ ခိုင်ခန့်နိုင်ဆိုတဲ့ ဒေါသအိုးတစ်ယောက်တော့ -

"ငါ စိတ်ရှိတိုင်းသာ လုပ်ရရင် မျက်ခွက်ကို ဆွဲထိုးချင်တယ်"

"ထိုးချင်ရင် ထိုးလိုက်ပေါ့ကွာ"

"အကြောင်းပြချက်ရှိမှ လုပ်ရမှာပေါ့ကွ"

ခိုင်ခန့်က သူ့ကိုယ်သူ အဟုတ်ကြီးထင်ပြီး လျှောက်ရမ်းနေသည်။ သူနှင့်ခိုင်ခန့်၏ဇာတ်လမ်းကို မသိသူတချို့ကတော့ ဒီလောက်ခံပြီး တွဲလာတဲ့ သူငယ်ချင်းတွေ ဘယ်လိုဖြစ်ကြတာလဲဆိုတဲ့ အကြည့်မျိုးနှင့် ကြည့်ကြသလို အကြောင်းသိသွားသူတချို့ကတော့ ခိုင်ခန့်တို့ကို နှာခေါင်းရှုံ့ကြသည်။

"လိမ္မာ ... ဒီမှာကြည့်စမ်း"

သက်နိုင်က သူ့ဖုန်းထဲမှပုံအချို့ကိုထုတ်ပြသည်။ သူနှင့်သူမဆိုင်ကယ်အတူစီးလာသောပုံကို ဓာတ်ပုံရိုက်ထားတာဖြစ်သည်။

"ငါ internet ပေါ်တင်ထားတာကွ၊ Comment တွေ တက်

လာတယ်''

သူဖတ်ကြည့်လိုက်တော့ ''အရမ်းလိုက်တယ်'' ဆိုတာတွေ ''ချောလိုက်တာ''၊ ''ကိုရီးယားမင်းသားနဲ့မင်းသမီးလား'' ဆိုတာတွေ ရေးထားကြသည်။

''တွေ့လား၊ မင်းချောတာကို လူတိုင်းလက်ခံတယ်''

''မနာလိုမဖြစ်နဲ့သက်နိုင်၊ မင်းကို ငါ အဲဒါကြောင့် ခဏခဏ ပြောတာကွ၊ လူချင်းသာပြိုင်ပါလို့''

အောင်ကောင်းနှင့်သက်နိုင်က ထိုင်ရာကမထဘဲ ခိုင်ခန့်တို့ကြားအောင်ပြောသည်။

''ဟုတ်တယ်ကွ၊ မင်းက အရင်ကထက် ပိုမိုက်လာတယ်''

သူနှင့်ခိုင်ခန့်၏ဇာတ်လမ်းကို သိထားပြီး သူ့ကိုခင်သည့် သင်တန်းသားတချို့ကလည်း သူ့ကိုမြှောက်သည်။

''ကဲ လိမ္မာ ... မင်းတော့ တစ်ခုခုကျွေးသင့်ပြီကွာ''

''ကျွေးမှာပေါ့ကွာ''

''အလကားစတာပါကွာ၊ တကယ်ပြောတာ မင်းက အရင်က သာ မထင်ပေါ်တာ၊ အခုကျတော့ မင်းသားကျနေတာပဲ၊ ခိုင်ခန့်နှိုင်းကြည့်ကောင်းတာလောက်တော့ သနားတယ်လို့ ဖြစ်နေပြီ''

''မင်းတို့က ချစ်သူတွေဖြစ်နေပြီလား''



''ဖြစ်နေပြီပေါ့ကွ''

ဘေးကတစ်ယောက်တစ်ယောက်မေးနေတာကို သူ မပြောဘဲ သက်နိုင်နှင့်အောင်ကောင်းက ဒိုင်ခံဖြေနေသည်။ သူဘေးအားလုံး ဝိုင်းနေစဉ် တောက်ခေါက်သံနှင့်အတူ ခိုင်ခန့်တို့ ထွက်သွားသည်။

''တညီးကြီးပဲနော်''

''ဝုတ်တယ် ... ဝုတ်တယ်''

သူတို့တစ်ဖွဲ့လုံးမှ ရယ်သံတွေထွက်လာခဲ့သည်။

ထိုနေ့က ခိုင်ခန့်တို့သုံးယောက် သူ့င်တန်းမတက်ခဲ့ပါ။

✹ ✹ ✹

## အခန်း (၉)

"မီးလေး ... မနက်ဖြန် မေမေနဲ့ ရန်ကုန်လိုက်ရမယ်နော်၊ ထည့်စရာရှိတာတွေ တစ်ခါတည်းထည့်ထား"

"အာ ... မေကလည်း သင်တန်းကပြီးခါနီးနေပြီဟာ၊ ဖျက်ချင်ပါဘူး"

"ဖျက်တာမဟုတ်ဘူး မီးလေး၊ တက်ကိုမတက်နိုင်းတော့တာ၊ မီး ကျောင်းဆက်တက်ဖို့အတွက် ဒီသင်တန်းက အရေးမကြီးပါဘူးကွယ်၊ ရန်ကုန်မှာ ကျောင်းတက်ဖို့က အရေးကြီးတာ"

"မေကလည်းကွာ ... ကျောင်းဖွင့်ဖို့လိုသေးတာကို၊ မီးလိုက်ချင်ဘူး၊ ဒီမှာ ကဲလို့ကောင်းတုန်း"

"ကဲလို့ ကောင်းတာကတော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ ... မေမေက ဟိုမှစီစဉ်ထားပြီးပြီ၊ မီးလေးအန်တီဝေကလည်း ခေါ်နေပြီ သွားဖို့သာ ပြင်ဆင်တော့"

"မေကလည်း ဒီသင်တန်းတော့ ပြီးအောင်တက်ချင်တယ် မီး တောင်းပန်တယ်နော်၊ ဖေ ပြောပေးဦးလေ"

သူမ တစ်ချိန်လုံး စကားတစ်ခွန်းမှ ဝင်မပြောသော ဖေဖေ့ကို အကူအညီတောင်းလိုက်သည်။ ဖေဖေက သူ့ကို တစ်ချက်ကြည့်ပြီး

"ကဲပါဆွေရယ် ... သမီးကို ဒီသင်တန်းတော့ ပြီးအောင် တက်ပါစေကွာ"

"အို ... မတက်ရပါဘူး ကိုဖော်ကလည်း၊ အရင်ကအားနေလို့ တက်ခိုင်းထားတာ၊ အခု ... ဟိုက မိဝေကလည်း သူ့ကို လာဖို့ ခေါ်နေတာ"

"မေက အခုမှ ဘာလို့ အသည်းအသန်ထဖြစ်နေတာလဲ မီးကိုလည်း ဘာမှကြိုမပြောဘဲ"

"ဟဲ့ ... ဒါက အောင်စာရင်းထွက်ကတည်းက စီစဉ်ထားတာလေ"

"အဲဒါကတော့ ဟုတ်ပါတယ်၊ အခု သွားမယ့်ကိစ္စကို"

"မိခါ ... ညည်း တော်တော်ရှည်ပါလား၊ ငါ့ကို ကန့်လန့်



[ဆ]ိုက်နဲ့နော်၊ သူများတွေများ ရန်ကုန်မှာ ကျောင်းတက်ချင်နေကြ[တ]ာ၊ သူကတော့တော်"

"မီးက မသွားချင်ဘူးလို့ မပြောပါဘူး မေရာ၊ ရုတ်တရက် ပြီးဆိုတော့ မီးသူငယ်ချင်းတွေလည်း မနှုတ်ဆက်ရသေးလို့ပါ"

"အောင်မယ်လေး အေ ... ဒါများ မနက်ဖြန်ကို ထမင်းစား ပြီး နေ့လယ်နှစ်နာရီမှ ကားကထွက်မှာ၊ တစ်မနက်လုံး နှုတ်ဆက် [illegible]"

"ကဲပါ ဆွေရာ ... ကိုယ်ပဲတောင်းပန်တယ်၊ သမီးသင်တန်းကလည်း ပြီးဖို့မလိုတော့ဘူးလေ၊ သင်တန်းပြီးတော့ ခေါ်သွားပေါ့"

သူမဘက်က ဖေဖေကလိုက်ပြောပေးမယ့် မေမေက မျက်နှာထားတထိုးထိုးနှင့် –

"ကိုဖော်နော် ... ရှင့်သမီးကို ကျပ်ကျပ်အလိုလိုက်၊ မိန်းကလေးဖြစ်ပြီး ဘယ်နှယ့်တော် အိမ်မှာ တစ်နာရီပြည့်အောင်မနေဘူး၊ သင်တန်းအကြောင်းပြပြီး ဆိုင်ကယ်တစ်စီးနဲ့ လမ်းသလားနေတာ၊ ကောင်လေးတွေ ဆိုင်ကယ်နောက်ကလည်း ထိုင်တတ်တဲ့"

"ဘော်ဒါအကန့်တွေပါ မေရဲ့"

"အခုခေတ်ကလေးတွေကို အဲဒါကတော့ မတားနဲ့ဆွေ၊ ယောကျ်ားလေး မိန်းကလေး သိပ်ခွဲတော့တာမဟုတ်ဘူး၊ သမီးက

သူ့ကိုယ်သူ ထိန်းနိုင်ပါတယ်ကွာ''

''ကိုဖော် ... ရှင်ကလေ မထိန်းတဲ့အပြင် မြှောက်ပင့်နေ
တယ်''

ပြောရင်း မေမေက ဖေဖေ့ဗိုက်ခေါက်ထူကြီးကို လိမ်ဆွဲတာ

''အား ... နွယ် နာတယ်ကွ''

သူမက သဘောကျရယ်တော့ -

''ညည်းက ဘာရယ်တာလဲ၊ နာချင်လို့လား''

''လုပ်ပါနဲ့မေရယ်၊ ကြောက်ပါတယ်''

သူမက မေမေ့ကို ပြောင်သလိုလိုနှင့် လက်အုပ်ချီပြီး ပြော
တော့ မေမေက မျက်စောင်းကြီးထိုးကာ ထွက်သွားသည်။

သူနှင့်ဖေဖေက အော်ရယ်ရင်း ကျန်ခဲ့ကာ -

''ဖေ တော်တော်နာသွားလား''

''မနာပါဘူး သမီးရယ်၊ သမီးမေမေလား နာအောင်လုပ်မှာ''

''အဲဒါဆို မေမေ့ကို သွားပြောလိုက်မယ်''

သူမက ထရပ်တော့ -

''ဟေ့ ဟေ့ သမီးနော် ... သူ့ဘက်ကလည်း ဝင်ပြောသေး
ရသေးတယ်''

''စတာပါ ဖေရဲ့''





သူမက သဘောအလွန်ကောင်းပြီး ပျော်ပျော်နေတတ်သော
ဖေဖေ့ကို ချစ်ပါသည်။

ဖေဖေဟာ လူတိုင်းလေးစားရတဲ့ သူဌေးတစ်ယောက်ဆိုပေ
မယ့် အားလုံးကို တန်းတူ ဖော်ဖော်ရွေရွေ ဆက်ဆံတာမို့ ဖေဖေ့
အပေးပြေးယာဉ်လိုင်းမှာ လူစီးများကာ တစ်နေ့ကို ငါးစီးထွက်ရသည်။

ဒါတောင် လူတွေပြည့်နေသည်။

ဖေဖေက အဆင့်အတန်းလည်း မခွဲတတ်ပေ။ မေမေ့ကို
လည်း သိပ်ချစ်သည်။

သူမကိုလည်း အလိုလိုက်သည်။

မေမေကတော့ သူမကိုချစ်ပေမယ့် သိပ်အလိုမလိုက်ပေ။
အခုကိစ္စမှာလည်း ဖေဖေကူညီပေးလို့သာ သူမ မလိုက်ရတာပါ။

နောက်ပြီး မေမေက သဘောကောင်းပေမယ့် လူတိုင်းကို
သဘောမကောင်းပါ။ မေမေက အဆင့်အတန်းတူသူကိုသာ သဘော
ကောင်းပြီး အဆင့်အတန်းမတူတဲ့သူတွေဆို မေမေက အရေးတောင်
မလုပ်ပါ။

သူနှင့်ကိစ္စကိုသာသိလို့ကတော့ မေမေ သဘောတူမှာ
မဟုတ်ဘူးဆိုတာ သူမ သိသည်။ အတွေးနှင့်အတူ သက်ပြင်းချလိုက်
မိတဲ့ သူမကို ဖေဖေက ပြုံးစိစိနှင့် ကြည့်လာပြီး -

"ဟာ ‥ ငါ့သမီးက သက်ပြင်းတွေဘာတွေ ချလို့ပါလားကွ"

"ဟုတ်ပါဘူး ဖေရယ်၊ အခုကိစ္စက ဖေ ကူညီပြောပေးမှ တော်သေးတယ်ဆိုပြီး တွေးပြီး သက်ပြင်းချတာပါ"

"နေပါဦး ‥‥ ငါ့သမီးက ဒီမှာနေချင်နေတာ အကြောင်း တစ်ခုခုတော့ ရှိရမယ်ကွ၊ အောင်စိုးသူကလည်း ဖေဖေ့ကိုပြောတယ် သမီးက သူ့ကို အရင်လို မဆက်ဆံဘူးတဲ့၊ ဟုတ်လား သမီး"

"သမီးက သူငယ်ချင်းတွေနဲ့ ကိုယ့်ဟာကို လွတ်လွတ်လပ် လပ် နေချင်သေးတာပေါ့၊ သူက ဟိုသွားရအောင် ဒီသွားရအောင် ခေါ်နေတော့ မီးက မလိုက်ချင်ပါဘူး၊ မီးက သူ့ရည်းစားလည်း မဟုတ်ဘူး"

သူမ အပြောကို ဖေဖေက သဘောတကျ ရယ်ရင်း –

"သမီးကို အောင်စိုးသူက ချစ်နေတဲ့ပုံပါကွ၊ သမီးက သဘောမကျဘူးလား၊ သူ့မိဘတွေနဲ့ ဖေဖေတို့ကလည်း ရင်းနှီးတယ် လေ"

"မချစ်ပါဘူးဖေရာ၊ မီးက ကိုအောင်စိုးသူကို အစ်ကိုတစ် ယောက်လိုပဲ ခင်တာ"

"အောင်စိုးသူကို မချစ်ဘူးဆိုတော့ သမီးမှာ တခြားချစ်ရမယ့် သူ ရှိလား"



ဖေဖေက အဲလို ပွင့်ပွင့်လင်းလင်းမေးလိုက်တော့ သူ ပြောချင် လွန်းလို့ ပါးစပ်ကိုယားနေပေမယ့် မဖြစ်သေး။

ဖေဖေကတစ်ဆင့် မေမေသိသွားရင် လုံးဝသဘောတူမှာ မဟုတ်။ စောစောစီးစီး မလိုလားအပ်တာတွေ ဖြစ်လာလိမ့်မည်။

"ဒီလောက် စဉ်းစားနေပြီဆိုတော့ ရှိနေပြီထင်တယ်၊ ဟုတ် လား သမီး၊ ဘယ်သူလဲ"

"တိုးတိုးပြောပါ ဖေရဲ့၊ မေကြားသွားလို့ ရန်ကုန် ချက်ချင်း ခေါ်နေလိမ့်မယ်၊ ဖေ့ကို နောက်မှ မီးပြောပြမယ်"

သူက ပြောရင်းပြေးတော့ –

"ဟေ့ သမီး ‥‥ ပြောသွားဦးလေကွာ၊ အာ ဒီကလေး"

ဟု ဖေဖေက အော်ဟစ်ရင်း ကျန်ခဲ့သည်။

✹

မေမေရန်ကုန်သွားတော့ သူမအဖို့ တော်တော်ကြီး လွတ်လပ် ရေးရနေသည်။

တရားဝင်ချစ်သူတွေဖြစ်သွားတော့ သူ့သင်တန်းအကြိုအပို့ကို

သူမကပဲ တာဝန်ယူလိုက်ကာ မနက်စာထမင်းကို အိမ်မှာပြန်စားသည်
နေ့လယ်ပိုင်းကိုတော့ သူငယ်ချင်းတွေနှင့် အအေးဆိုင်ထိုင်သည်။
လေးနာရီလောက်ကစပြီး သူတို့အိမ်တွင် သူနှင့် ခြံထဲတွင်
စကားပြောကာ ညနေစာထမင်းကို အဲဒီမှာစားပြီး အိမ်ပြန်သည်
အန်တီပေါက်၏ ပွစိပွစိ အပြောလောက်ကတော့ သူမက အေးဆေး
ဖြစ်သည်။

ဒီနေ့လည်း ဖေဖေနှင့်အတူ ကော်ဖီဝိုင်းထိုင်ကာ မနက်စာ
စားပြီး အပြင်ထွက်ရန် ပြင်နေစဉ် ဖေဖေက သူမနားကပ်လာပြီး-

''သမီး ဒီနေ့ မေမေပြန်လာမှာနော်''

''ရှင် ဟုတ်လား၊ ဘယ်အချိန်ပြန်လာမှာလဲ''

''ဟိုကထွက်လာတာ နောက်ကျတယ်တဲ့၊ နေ့လယ်လောက်
တော့ ပြန်ရောက်လိမ့်မယ်''

''ဒုက္ခပဲ ဖေရယ်''

''ဘာလို့လဲ သမီးရ''

''မေပြန်လာရင် မီး တစ်နေကုန် အပြင်ထွက်လို့ ရတော့မှာ
မဟုတ်ဘူး''

''သမီးက ဘာလို့ အချိန်ပြည့် အပြင်ထွက်နေရတာလဲ''

''ရန်ကုန်သွားဖို့က သိပ်မလိုတော့ဘူးလေ၊ သူငယ်ချင်းတွေ





နဲ့ စိတ်ကြိုက်ကဲနေတာပါ''

''သမီးသူငယ်ချင်းတွေက ရန်ကုန်မှာ သွားတက်မယ့်သူတွေ
ပဲ မဟုတ်လား''

''ယဉ်လေးတို့အဖွဲ့ကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ...
တခြားသွားမတက်မယ့်သူငယ်ချင်းတွေ ရှိသေးတယ်လေ''

''ဪ''

''ဖေ သွားတော့မယ်၊ စောစောပြန်ခဲ့မယ်''

''ဒီကလေးကတော့ကွာ''

သူမက ဖေဖေ့ပါးကို ရွတ်ခနဲနမ်းပြီး ဆိုင်ကယ်ပေါ်ပြေးတက်
တော့ ဖေဖေ ပြုံးပြုံးကြီးကျန်ခဲ့သည်။

ယဉ်လေးတို့အိမ်တွင် လူစုံနေပြီ။

''ဒီနေ့ ကျုပ်အမေ ပြန်လာမယ်''

''ရှင် စောစောပြန်ရမှာပေါ့''

''အင်း''

''ပြန်ပါစေပေါ့ကွာ၊ နေ့တိုင်း မိုးချုပ်မှပြန်တဲ့ရှင့်ကို ခိုင်ခန့်
နိုင်က ဘယ်နေ့ ကားတင်ပြေးမလဲမသိဘူး''

''တော်သေးတာပေါ့ဟယ်၊ အန်တီဆွေ ရန်ကုန်သွားတာ
သုံးရက်တည်းမို့၊ တစ်လလောက်သာဆိုရင် လိမ္မာတို့အိမ်မှာ အိပ်မှာ

လားမသိဘူး''

သူမကို အမျိုးမျိုး ဝိုင်းချွတ်နေသည့် သူငယ်ချင်းတွေကို သူမက တစ်ခွန်းမှ ပြန်မပြောဘဲ ပြုံးပြုံးလေး ငြိမ်နေလိုက်သည်။

''ယဉ်လေး . . . ရည်းစားရတဲ့ ရုပ်က ဒီရုပ်လား''

''ဟဲ့ မိစုထိုက်ရဲ့ . . . မိန်းကလေးဆိုတာ ရင်ထဲက ဘယ် လောက်ချစ်ချစ် သေအောင်စိတ်ဝင်စားပါစေ တန်ဖိုးရှိအောင် မူ တယ်ကွ''

''ကောင်မစုတ်တွေနော်၊ ကျုပ်ကိုချွတ်တာတွေ ရပ်တော့ ကျုပ်ကတော့ ရှင်တို့ပြောတာတွေကို ဥပေက္ခာပြုထားတယ်၊ ဘာဖြ လို့လဲဆိုတော့ ယဉ်လေးကလွဲလို့ ရှင်တို့နှစ်ယောက်က ကျုပ်လိုမှမ တာ''

''ခွေးစုတ်မ''

''အေးလေ . . . မျက်နှာကြီးက ကြည့်ပါဦး၊ အန်တီဆွေသာ သိလို့ကတော့ ဒီအခွက်မျိုးနဲ့ နေနိုင်ပါလိမ့်မယ်''

''အေး . . . အဲဒါတော့ ဟုတ်တယ်နော်။ အန်ကယ်ကတော့ ရှင့်ကိုချစ်တော့ အလိုလိုက်မှာ၊ အန်တီဆွေကတော့ လွယ်မှာမဟုတ် ဘူး''

''ဟုတ်တယ် ဒါ၊ ကျုပ်လည်း အဲဒါပြောမလို့ပဲ၊ ရှင် အသွား



သော ဆင်ခြင်ရင်ကောင်းမယ်''

သူမလည်း အခုမှပင် သတိရသွားသလို သူငယ်ချင်းတွေ နာကို ကြည့်လိုက်တော့ အားလုံးက တည်တည်တံ့တံ့နှင့် ပြောနေ ခြင်း ဖြစ်ကြောင်း သဘောပေါက်သွားရသည်။

''ကျုပ် ကိုကို မတွေ့ရရင် မနေနိုင်ဘူး''

''သိပါတယ် . . . ရှင်ရူးနေတာ၊ ဒါပေမဲ့ အခုဟာက သင် န်း အကြိုအပို့အပြင် အချိန်ပြည့် လိမ္မာတို့အိမ်မှာချည်းပဲဆိုတော့ ်နေ့နေ့မှာတော့ ရှင့်အမေသိရင် ပြဿနာတက်မယ်နော်၊ လိမ္မာ ်ကို လုံးဝသဘောတူမှာမဟုတ်ဘူး၊ ဒီကြားထဲ နိုင်ခန့်နိုင်က ်မျိုး၊ သူက လိမ္မာကို အရမ်း ၂ ဝင်နေတာနော်''

''သူ့ကိုတော့ ကျုပ်ရော ကိုရော ဂရုမစိုက်ပါဘူးဟယ်''

''အဲဒီလို ပေါ့ပေါ့မပြောနဲ့ ဒါ၊ သူ့ကိုကျော်ပြီး လိမ္မာကိုကြွတဲ့ ်ကို သူက အစာကြေမှာမဟုတ်ဘူး၊ မစားရတဲ့အမဲ သဲနဲ့ပက်လိမ့် ယ်၊ ဒီလိုကိစ္စဆိုတာ ဆင်ခြင်နိုင်မှာမဟုတ်ဘူး''

''ဟုတ်တယ်၊ ရှင် စဉ်းစားပါဟယ်''

''ရှင်တို့ပြောချင်တာက ကျုပ် သူ့ကိုဖြတ်ရမှာလား''

''အာ . . . ကျုပ်တို့ပြောတဲ့အဓိပ္ပာယ်က ရှင့်ဘက်က ချွဲခဲ့ ည်ရှိသော် ရှင်လည်းနာမည်မပျက်အောင် သူလည်း နာမည်မပျက်

အောင် ပြောတာ''

''ကျုပ်လည်း နားလည်ပါတယ်ကွယ်''

''ရှင် အနေအထိုင်ဆင့်ခြင်နော်၊ မတော်တဆ လွန်သွားရင်''

''အဲလိုကတော့ ဘယ်တော့မှမဖြစ်ပါဘူးဟယ်၊ သူကိုယ်တိုင် ကတောင် ကျုပ်ကို အနေအထိုင်ဆင်ခြင်ဖို့ ပြောချင်နေတာ၊ ကျုပ် စိတ်ဆိုးမှာစိုးလို့ မပြောတာ''

''သူတို့မြေးအဘွားက သနားစရာကောင်းမယ့်ပုံပါ၊ သူ့ အဘွားကလည်း ရှင်နဲ့ကိစ္စကို သိမှာပါ''

''သိမှာပါ၊ ကျုပ်က ဒီလောက်ယောက်ယက်ခတ်နေတာ ဘွားက ကိုနဲ့ကျုပ်ကို သဘောတူလို့ မသိချင်ယောင်ဆောင်နေတာ နေမှာ''

''ဟိတ် ... ရှင့်ဘက်ကထိန်းနော်''

''သိပါတယ်ဟဲ့''

သူမတော့ သူပေးဖူးသော အနမ်းတွေအောက်မှာပဲ ပျော်နေ သူပါ။ သူကလည်း ထိုထက်မပိုခဲ့ပါ။

ဖြစ်နိုင်ရင် သူမ ဘွဲ့မြန်မြန်ရချင်ပြီ။ သူ့ကိုလည်း အလုပ် ကလေးတစ်ခုခု ရစေချင်သည်။

သူကတော့ အလုပ်လုပ်ရင် အဝေးသင်ဖြေမည်ဟု ပြော



သည်။

အဓိက,က သူနှင့်သူမ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင် အောင် ကြိုးစားရမည်။ သင်တန်းဆင်းတော့ –

''ကို ... ညနေ ခါ မလာတော့ဘူးနော်၊ မေ ပြန်ရောက်မှာ ဦး''

''ဟုတ်တယ်ခါ၊ ကိုယ်လည်း ပြောမလို့ပဲ၊ ဒါပေမဲ့ ... ခါ စိတ်ဆိုးမှာစိုးလို့''

''မဆိုးပါဘူး ကိုရယ်၊ ခါက ကို့ချစ်သူပဲ၊ ကို့စကား နား ထောင်ရမှာပေါ့''

''လိမ္မာလိုက်တာကွာ''

ပြောပြီး သူက သူမနဖူးလေးကို ခပ်ဖွဖွနမ်းသည်။

''ဒါနဲ့ ... ကို့ကို မေးရဦးမယ်၊ ဘွားက ခါတို့အကြောင်းကို သိလားဟင်''

''သိမှာပါ၊ ဒါပေမဲ့ ... ဘွားက မမေးဘူး''

''မေးခဲ့ရင်ရော''

''ကိုယ်မမုသာဘူးတာ၊ အမှန်အတိုင်းပြောမှာပေါ့၊ ပြီးတော့ ဘွားက ခိုင်ခန့်နဲ့ကိုယ် ဘာလို့မခေါ်သလဲဆိုတာကိုလည်း မမေး ဘူး''

''ဘွားက ဒါဒါ ကို့ကိုချစ်တာ သိလား၊ ကို စိတ်ချမ်းသာ သလိုနေဆိုပြီး ခွင့်ပေးနေတာ''

''အင်း . . . ဟုတ်မှာပါ၊ ကိုယ်လည်း ဘွားကျန်းမာတုန်း ကျေးဖူးဆပ်ချင်တာ၊ ကိုယ်တို့ . . . ဟဲ ဟဲ ကလေးတွေရတဲ့အထိ ဘွားရှိရင်ကောင်းမှာ''

''အောင်မယ် . . . ကဲပြီ''

''ကဲ . . . နောက်ကျနေဦးမယ်''

''အင်း . . . ပြန်တော့မယ်နော်''

''ချစ်''

တိုးတိုးလေးခေါ်ပြီး သူက သူမပါးလေးကိုနမ်းသည်။ ပါးလေးမှတစ်ဆင့် သူမ၏ နှုတ်ခမ်းဖူးဖူးလေးကို ခဏတာမျှ ငုံခဲ့သော သည်။ ပြီးမှ –

''ချစ် . . . ပြန်တော့နော်၊ အိမ်ကဆူနေမယ်''

''အင်း''

ရင်တခုန်ခုန်နှင့်ပြန်လာသော သူမကို မေမေက မျက်စောင်း တထိုးထိုးနှင့် ကြည့်နေခဲ့သည်။

✵ ✵ ✵

**အခန်း (၁၀)**

သူတို့ သင်တန်းပြီးသွားပေမယ့် သူမရှယ်၊ သက်နိုင်ဒွေးရယ်၊ အောင်ကောင်းရယ်ကတော့ တစ်နေ့တစ်ခါ ပုံမှန်ရောက်လာကြပါ သည်။

ရောက်လာတိုင်းလည်း ဘွားဘွားကို တစ်ခုခုလုပ်ကျွေးနိုင်းဖို့ အတွက် သူမတို့စားချင်တာတွေ ဝယ်လာကြသည်။ အောင်ကောင်းနှင့် သက်နိုင်ကလည်း အခုမှ သူ့ကို ပိုခင်ပိုဂရုစိုက်ကြသည်။

ဘွားကလည်း သူပျော်နေတာကိုမြင်တော့ သူမတို့စားချင် တာတို့ အားတက်သရော လုပ်ပေးသည်။

ဒီနေ့လည်း ဘွားနှင့်အတူ သူတို့ ဝိုင်းလုပ်ပေးသော သဘော

သီး ရခိုင်သုပ်ကို ရှူးရှဲခတ်ကာ တစ်ဝစားကြပြီး ခြံထဲဆင်းလာခဲ့ကြ
သည်။

"ဟော့ ခါ ...နောက်လဆို ကျောင်းဖွင့်ပြီ၊ ညည်း
ဘယ်တော့ ရန်ကုန်သွားမှာလဲ"

"ဖြစ်နိုင်ရင်တော့ မသွားချင်ဘူးဟယ်"

"မသွားလို့ ဘယ်ဖြစ်မလဲ ခါရယ်၊ ကိုယ်တို့ရဲ့ပန်းတိုင်ကို
ရောက်ဖို့အတွက် ဘွဲ့မြန်မြန်ရမှဖြစ်မယ်လေ"

"ခါက မင်းကို သိပ်ချစ်တော့ မခွဲချင်ဘူးပေါ့ကွာ၊ လိမ္မာ
... မင်းသာ ကျောင်းလိုက်တက်ရင် ပျော်စရာကောင်းမှာကွ သိလား
ငါ့အဖေနဲ့အမေကို ပြောမယ်ကွာ၊ မင်း ငါတို့နဲ့အတူ ကျောင်းလိုက်
တက်"

သက်နိုင်က အားတက်သရောပြောသလို အောင်ကောင်းနှင့်
သူမကလည်း မျှော်လင့်ချက်မျက်ဝန်းတွေနှင့် ကြည့်လာကြပြီး –

"မင်းသာ တက်မယ်ဆိုရင် ငါလည်း ဖေဖေနဲ့မေမေ့ကို
ပြောလို့ရတယ်၊ ဘယ်လိုလဲ လိမ္မာ"

အောင်ကောင်းကပါ ဝင်ပြောလာခဲ့ပြန်သည်။ သူမကတော့
မျှော်လင့်ချက်တွေပါသော မျက်ဝန်းတွေနှင့် သူဖြေလာမယ့်အဖြေကို
စောင့်နေပါသည်။



"ငါ့အပေါ် စေတနာထားတဲ့ မင်းတို့ကို ကျေးဇူးတင်ပါတယ်
ကွာ၊ ဒါပေမဲ့ ... ငါ ဘွားကို တစ်ယောက်တည်းထားပြီး ဘယ်ကိုမှ
မသွားချင်ဘူး၊ အခုအချိန်အထိ ငါ့အပေါ် အစစအရာရာ တာဝန်ကျေ
တဲ့ ဘွားကို လုပ်ကျွေးမှဖြစ်မှာဟ"

"ဖြေးဖြေးပေါ့ကွာ၊ အခု မင်းမှာ အောင်လက်မှတ်တွေလည်း
ရနေပြီပဲ၊ အလုပ်ရမှာပါကွာ၊ Hotel မှာ ပြောထားတယ်ဆို"

"အင်း ... နောက်အပတ်ထဲ သိရမှာ"

"ငါတို့ ရန်ကုန်သွားရင် ဖုန်းဆက်နော်"

"အေးပါကွ"

ငြိမ်ငြိမ်သက်သက်လေးထိုင်နေသော သူမကို သူတို့ သတိ
ထားမိသွားပြီး အောင်ကောင်းက –

"ညည်းက ဘာဖြစ်နေတာလဲ၊ ပျော်ပျော်နေစမ်းပါ"

"ခါ ဘယ်လိုလုပ်ပျော်နိုင်မှာလဲ"

ဟုဆိုကာ ငိုတော့သည်။

"ခါကလည်းကွာ ... ဘေးလူတွေကြည့်မရလောက်အောင်
ယည်းပါနဲ့ကွာ၊ ငါတို့တောင် ရယ်မောစားထားချင်စိတ် ပေါက်လာပြီ"

"ခါက ကိုနဲ့ အကြာကြီးမခွဲနိုင်ဘူး"

"အချိန်ဆိုတာ အကုန်မြန်တဲ့အရာပါကွာ၊ ညည်းငိုတော့

ဟိုကောင် စိတ်မကောင်းဖြစ်နေပြီ ညည်းတို့ ပညာစုံလို့ အလုပ်အကိုင်
အတည်တကျဖြစ်သွားရင် ညည်းတို့ လက်ထပ်လို့ရပြီလေ''

''အေးပါဟယ်''

သူမက တိုးဖျော့ဖျော့အသံလေးနှင့်ပြောပြီး သူ့ကိုကြည့်ကာ
မချိပြုံးလေး ပြုံးပြသည်။

သူမ ဘယ်လောက်အထိ ခံစားနေရတယ်ဆိုတာကို ကိုယ်
ချင်းစာလို့ရအောင် သူကိုယ်တိုင်လည်း အရမ်းကိုခံစားနေရပါသည်
ငါသာ ကျောင်းလိုက်တက်ရရင် ကောင်းမယ်ဆိုတဲ့အတွေးမျိုးတော့
မတွေးမိပါ။

လူငယ်ပီပီ သူငယ်ချင်းတွေနဲ့အတူ ပျော်ပျော်ပါးပါး တက္က
သိုလ်ဆိုတဲ့ကျောင်းကြီးကို တက်ချင်ပေမယ့် မတက်ရကောင်းလား
တော့ ကိုယ့်ဘဝကိုယ် မကျေမနပ် မဖြစ်မိပါချေ။

ဆယ်တန်းကို အမှတ်ကောင်းကောင်းနှင့်အောင်ကာ အသေ
သင်မှ ဘွဲ့ယူမည်။ စကားပြောသင်တန်းက လက်မှတ်တွေနှင့် ပေ
ကမ်းခြေရှိ hotel တွင် အလုပ်ဝင်မည်။

သူငယ်ချင်းတွေနှင့်အတူ ချစ်သူနှင့်ခွဲရမှာကို ခံစားရပေမယ့်
ဒါဟာ စောစောက သက်နိုင်ပြောသွားသလို သူနှင့် သူမရဲ့ ရည်မှန်း
ချက်တွေ အကောင်အထည်ဖော်ဖို့ပဲလေ။



သူ့ကို သူမသိပ်ချစ်တယ်ဆိုတာကို ယုံပါသည်။ သူ့အပေါ်
အစွာမဖောက်ရင်ပဲ ကျေနပ်ရမှာပါ။ ဖူးစာကံမပါလို့ လွဲကာမှသာ
လွဲရောလေ။

သူလည်း သူမကို အသက်လောက်ချစ်ပေမယ့် သူမနှင့်ပတ်
သက်ရင် ခံနိုင်ရည်ရှိအောင် စိတ်ကိုလျှော့ထားပါသည်။

ဖြစ်လာမယ့် ကံကြမ္မာဆိုတာ ပြောလို့ရတာမဟုတ်ပေ။
နောက် အရမ်းကို ကွာခြားလွန်းတဲ့ ဘဝနှစ်ခု ထပ်တူကျဖို့ဆိုတာ
သူမကို ချစ်မိတာ သူ့အတွက် ဘယ်တော့များ ဆုံးရှုံးရမလဲလို့ စောင့်
မျှော်နေရသလိုပါပဲ။

''ဟော့ မင်းတို့နှစ်ယောက် အေးအေးဆေးဆေး စကားပြော
ကြလေ''

''အဲဒီလိုသိပြီး ဘာလို့ အလိုက်မသိ ထိုင်နေကြတာလဲ''

သူမက နှုတ်ခမ်းလေးစုထော်ကာ ပြောတော့ –

သက်နိုင်က မျက်စောင်းကြီးထိုးပြီး –

''ပြောကာမှ ကဲပြန်ပြီ''

''အေးလေ၊ လာ သက်နိုင် . . . ငါတို့ ဟိုးက မရမ်းပင်
အောက်က ကွပ်ပျစ်မှာ သွားအိပ်ရအောင်''

''နိမာစမိသာ''

"နွေးမလေး"

သူမခေါင်းကို သက်နိုင်တို့က ချစ်စနိုးဖြင့် ပုတ်ကာ ထွေ သွားသည်။

သူမကို သူက စိုက်ကြည့်နေတာမို့ –

"ဘာလို့ ဒီလောက်တောင် ကြည့်နေရတာလဲ၊ ခါက လှ လား"

"လှတာပေါ့ ခါရယ်၊ မင်းသမီးလေးအတိုင်း"

"ဘာလဲ ... ကိုက ခါ့ကို ရန်ကုန်မှာ ကျောင်းသွားတက် စိတ်မချတာလား"

"မဟုတ်ပါဘူး စိတ်ချပါတယ်၊ ခါက ကိုယ့်ကို ဘယ်တော သစ္စာမဖောက်ဘူးလို့သိနေတယ်"

"ဟုတ်တယ်ကို ... အဲဒါ အမှန်တရားပဲ၊ ကိုခေါင်းထဲ တစ်သက်လုံးထည့်ထားပါ၊ ခါနဲ့ ပတ်သက်လို့ ဘာသတင်းပဲကြား ခါကိုယ်တိုင် ပြောတာကိုပဲ ကို ယုံပါနော်"

"စိတ်ချပါ ခါရယ်၊ ကို နားလည်ပါတယ်"

"ပြီးတော့ ... ရော့"

သူမက ဘောင်းဘီအိပ်ကပ်ထဲမှ ဖုန်းလေးကို ထုတ် ပေးသည်။





"ဘာလုပ်ရမှာလဲ"

"ဪ ... ကိုက ဒီဖုန်းကို ယူထားလိုက်လေ၊ ခါ့မှာ နောက်တစ်လုံးရှိသေးတယ်၊ အဲဒါမှ သတိရတိုင်း ဖုန်းဆက်လို့ရမှာ ပေါ့"

"ကို အဲလိုကြီးတော့"

"ခါ့ကိုချစ်ရင် မငြင်းပါနဲ့ကိုရယ်၊ ကိုနဲ့ခါ ကြားထဲကို ဆက်သွယ်ပေးမယ့်ပစ္စည်းဟာ ဒီတစ်ခုပဲရှိတယ် ကို"

"ဟုတ်ပါပြီကွာ၊ ကိုယူထားလိုက်ပါ့မယ်"

"ခါ့ကို ဘာမှာဦးမလဲ"

"ရန်ကုန်ရောက်ရင် ခါက ကိုယ်တိုင်ကားမောင်းမှာလား"

"ဆယ့်ရှစ်နှစ်မပြည့်သေးတော့ လိုင်စင်မရသေးဘူးလေ။ ပြည့်ရင်တော့ မောင်းမှာပါ"

"ဂရုစိုက်ပါကွာ၊ ကို စိတ်မချဘူး"

"စိတ်ချပါနော်။ ခါ ဂရုစိုက်ပါ့မယ်"

သူ မချိမဆံ့ဖြစ်လာကာ သူမ ကို့ရင်ခွင်ထဲ ဆွဲထည့်ထားလိုက်သည်။

"မသွားခင်နေ့ကျရင် ဒီမှာ တစ်ခုခုလုပ်စားရအောင်"

"အင်းလေ"

"ယဉ်လေးတို့ပါ ခေါ်ခဲ့မယ်"

"ခေါ်ခဲ့လေ၊ သူတို့က လိုက်ချင်ပါ့မလား"

"အောင်မယ်လေး ... လိုက်ချင်တာမှ တစ်ပိုင်းသေနေတာ ခါက မခေါ်လို့"

"ဘာလို့လဲ ခေါ်ခဲ့ပါ"

"ကိုက ဘာသိလို့လဲ၊ သူတို့က ဗရုတ်မတွေ၊ စကားကော ကောင်းပြောရမှာ မဟုတ်ဘူး"

ကလေးဆန်လွန်းတဲ့သူမကို သူက ပြုံးပြီး စိုက်ကြည့် သည်။

ခဏကြာတော့ သက်နိုင်နှင့်အောင်ကောင်း ရောက်လာ မို့ နှုတ်ဆက်ပြီးပြန်သွားကြသည်။

တကယ်လို့သာ သူနှင့်သူမတွေ ဖြစ်ကြတာ ဒီနေ့နောက် ဆိုတာကိုသိရင် ဘယ်လိုခံစားကြမလဲ။

✵

သူမဆိုင်ကယ်ကို ဂိုထောင်ထဲရောက်အောင် ထည့်ထား



မ်ထဲဝင်ခဲ့တော့ တွေ့လိုက်သည့်သူကြောင့် အံ့သြဝမ်းသာမှုနှင့်အတူ ပြေးဖက်လိုက်တော့သည်။

"အန်တီဝေကလည်း လာမယ်ဆိုရင် ကြိုမပြောဘူး"

"ညည်း ... အခုလိုဝမ်းသာသွားအောင် မပြောတာပေါ့၊ အခု ဘယ်ကပြန်လာတာလဲ"

"အဟီး ... သူငယ်ချင်းတွေနဲ့ လျှောက်လည်နေတာလေ"

သူမပြောလိုက်သော စကားကို ဖေဖေက ပြုံးနေပေမယ့် မေမေကတော့ မျက်စောင်းလှမ်းထိုးသည်။

"အေး ... အဲဒါကြောင့် ကျုပ်ကလည်း ညည်းကို လာခေါ်တာ"

"ရှင် လာခေါ်တာ"

"ဟုတ်တယ်လေ၊ နောက်လဆိုရင် ကျောင်းတွေဖွင့်ပြီ၊ ကျောင်းမဖွင့်ခင် အန်တီ့ဆိုင်မှာလုပ်အားပေး"

"အာ ... အဲဒီစိန်တွေ ရွှေတွေ မရောင်းတတ်ပါဘူး၊ ဖယ် တောက်တမ်းပဲ ကစားတတ်တာ"

"အံမယ် ... ကြီးကြီးကျယ်ကျယ်ပြောပြန်ပြီ၊ မရောင်းချင် လည်း ရောင်းရမှာပဲ၊ လူကြီးကဒါဆို သူက ဟိုဟာ၊ အမြဲတမ်း ကန့်လန့်တိုက်ရမှ"

မေမေက မျက်နှာထားတင်းတင်းနှင့် ခက်ထန်ထန်ပြောသော
သူမ စိတ်ညစ်သွားကာ ဖေဖေ့ထံ စစ်ကူတောင်းသလို ကြည့်လိုက်
သည်။

"ဘယ်သူ့ကိုမှ မကြည့်နဲ့၊ ဒီတစ်ခါတော့ ဘယ်သူပြောပြော
မရတော့ဘူး၊ အခွင့်အရေးပေးထားတာလည်း လိုတာထက်ပိုသွားပြီ
မနက်ဖြန် မိဝေ ညည်းတူမကိုတစ်ခါတည်းသာခေါ်သွားတော့"

"ဟာ ... အန်တီဝေကြီးက မနက်ဖြန်ပြန်မှာလား"

သူမအမေးကို အန်တီဝေက ပြုံးပြုံးလေးပဲ ခေါင်းညိတ်
သည်။

သူမ သေချင်လောက်အောင်ကို စိတ်ညစ်သွားရသည်။
ညီအစ်မနှစ်ယောက်ကို ဖေဖေလည်း ပြောနိုင်မှာမဟုတ်ပါဘူး။

"အန်တီကလည်း ဒီနေ့ပဲရောက်တယ်၊ မနက်ဖြန်ပြန်မှာ
ဆိုတော့ မမြန်ဘူးလား၊ တစ်ရက်နှစ်ရက်တော့ အေးအေးဆေးဆေး
နေပါဦး"

"မဖြစ်ဘူးတဲ့၊ ဆိုင်က မန်နေဂျာနဲ့ထားခဲ့ရတာ၊ ငါရောင်းနေ
တာ ကျောက်ခဲတွေ မဟုတ်ဘူး"

"အဲဒါကို တစ်ရက်တည်းနဲ့ ဘာလို့လာလဲ"

"သြော် ... ဒီကလေး ပြောလေကဲလေပါလား"





သူမက မကျေမနပ်နှင့်ပြောတော့ မေမေက ထရိုက်တော့
သွယ်ဟန် ပြင်နေတာမို့ အိမ်ခန်းထဲ ပြေးဝင်ခဲ့သည်။

ခုတင်ပေါ် မှောက်လျက်လှဲရင်း တွေးမိသည်။

မနက်ဖြန် သူ့ကို ဘယ်လိုသွားနှုတ်ဆက်ရမလဲ။

ဟုတ်ပြီ၊ ဖုန်းဆက်ရမယ်။

သူ့ထံ ဖုန်းခေါ်ပေမယ့် ဖုန်းကပိတ်ထားသည်။

အခုချိန်ရောက်မှ အပြင်ထပ်ထွက်လို့လည်း မဖြစ်တော့။

သူ့ကို ဘယ်လိုပြောရမလဲ။

မနက်ဖြန်မနက်တော့ ဖြစ်အောင်သွားပြောမှပဲ။

ဟိုမိန်းမတွေဆီကိုတော့ အကျိုးအကြောင်း ပြောပြထား
လိုက်သည်။

"မမလေး"

"ဟေ"

အိမ်က ကောင်မလေးက အနားကပ်အော်လိုက်တာမို့ သူမ
လန့်သွားရသည်။

"ဘာလို့ စွတ်အော်နေတာလဲ"

"မေမေကြီးက ရေချိုးပြီးရင် ဆင်းခဲ့တဲ့၊ ထမင်းစားဖို့ စောင့်
နေကြတယ်"

သူမ ခေါင်းတဖျင်းဖျင်းကုတ်လိုက်ကာ ရေချိုးခန်းထဲ ဝင် သည်။ တော်ကြာ မေမေကိုယ်တိုင် ဗျစ်စိ ဗျစ်စိလုပ်မှာကို မခံချင်ပါ

မေမေ့ကို ကန့်လန့်တိုက်လို့ကလည်း မဖြစ်သေး။ မနက်ဖြ ထွက်ရဦးမည်။ မေမေ ဈေးသွားနေတာပဲ ကောင်းတယ်။ အိမ်မှာနေ ရင် နားညည်းလွန်းလို့။

သူမ ရေချိုးပြီးတော့ ဖေဖေတို့နှင့်အတူ ထမင်းစားကြသည်။ ထူးဆန်းစွာ အသံတိတ်နေသောသူ့ကို အန်တီဝေက မျက်စပစ်နေ သည်။

"မီးလေး တော်ပြီလား"

တစ်ပန်းကန်ထဲစားကာ ထရပ်တော့ အန်တီပေါက်က လှမ်း မေးသည်။

"ဝပြီ"

"နည်းလှချည်လား"

"လိုက်ပူမနေနဲ့မလေး၊ သူ့ဝမ်းမှ သူ ဝအောင်မစား နေပါစေ"

သူမ မသိချင်ယောင်ဆောင်ပြီး ထမင်းဝိုင်းမှ ထထွက်လာ သည်။

မေမေတစ်ယောက် ဘာဖြစ်နေလဲမသိပါ။ အခုတလော



သူမကို စကားကောင်းကောင်းမပြောဘူး။

သူငယ်ချင်းတွေကိုလည်း ဖုန်းနှင့်အကျိုးအကြောင်းပြောပြ လိုက် ပြီးပြီ။

သူမ ဧည့်ခန်းမှာထိုင်နေတုန်း အန်တီဝေနှင့် ဖေဖေ ထွက် လာသည့်အပြင် မေမေပါ ထွက်လာတာမို့ သူမ အခန်းထဲပဲ ဝင်ခဲ့လိုက် တော့မည် ဆုံးဖြတ်လိုက်သည်။

"ညည်းက ဘယ်လဲ"

"အိပ်တော့မယ်လေ"

"အခုပဲ ထမင်းစားပြီးတယ်၊ နေပါဦး"

"မီး အိပ်ချင်ပြီ"

"အခုနေ အပြင်သာလှတ်ကြည့်ပါလား၊ လန်ပြန်နေအောင် သွားမှာ၊ မထွက်ဘူးဆိုရင် ဖက်ဖြတ်ခံရဲတယ်"

"ဆွေကလည်းကွာ၊ ငါ့သမီး စိတ်ညစ်နေတာကို"

"အောင်မာ ... သူက ဘာစိတ်ညစ်စရာရှိလို့လဲ"

"ကဲပါ ... သွားအိပ်ပါစေ၊ သမီး သွား သွား"

သူမက မျက်နှာတစ်ခုလုံးရှုပုတ်ကာ ထွက်လာတော့ မေမေ ပွစိပွစိပြောကာ ကျန်ခဲ့သည်။

အိပ်မပျော်တဲ့သူမ မေမေ သူမပစ္စည်းတွေထည့်နေတာ ကြား

နေရသည်။

သတိထားနေတဲ့ကြားထဲက မနက်ခုနစ်နာရီမှ သူမနိုးတာမို့ ရေမြန်မြန်ချိုးပြီး အဝတ်အစားလဲကာ အန်တီဝေနှင့်အတူ မုန့်ဟင်းခါး စားလိုက်သည်။

ပြီးသွားတော့ –

''အန်တီဝေ ခဏနော်၊ မေမေ မီး ယဉ်လှတို့ကို သွားနှုတ်ဆက်ချင်လို့''

''နှုတ်ဆက်ချင်ရင် ဖုန်းနဲ့နှုတ်ဆက်လိုက်၊ အချိန်မရှိဘူး အခုသွားမှာ''

''အခုသွားမှာ''

''အေး''

''ဟာ ... မေမေကလည်း ကားက ဒီအချိန်ထွက်တာမှ မဟုတ်တာ''

''ကားနဲ့သွားမှာလို့ ညည်းကို ဘယ်သူကပြောလဲ၊ လေယာဉ်နဲ့ သွားမှာ၊ လေဆိပ်ဆင်းရမယ်''

သူမ တကယ်ကို စိတ်ညစ်သွားရပါသည်။ တစ်ကိုယ်လုံးလည်း ထူပူပြီး ဘာလုပ်ရမယ်မှန်းကို မသိတော့ပါ။ ဖွတ်တရွတ်နိုင်သော သူမကို သိပ်ကြည့်မရဖြစ်နေသော မေမေက ဘယ်လိုပြောပြော



သွားမှာမဟုတ်ဘူးဆိုတာကို သိလိုက်ရပါသည်။

မျက်နှာကို ရှုပုတ်နေသော သူမ တဒုန်းဒုန်းနှင့် ခြေသောင့်ဘာ နှုတ်ကလည်း –

''ကားနဲ့သွားတော့ ဘာဖြစ်မှာမို့လဲ၊ အသည်းအသန်''

''ဘာဖြစ်တယ်၊ ဟဲ့ ဒီနားကို လာပြောစမ်း''

''ကဲပါ မိထွေးရယ် ... သွားခါနီး လာခါနီး ကလေးစိတ်ညစ်အောင် မပြောစမ်းပါနဲ့''

မေမေနှင့်အန်တီပေါက် အချေအတင်ပြောနေစဉ် သူမ အသာလစ်ထွက်လာခဲ့သည်။

ခြံထဲရောက်တော့ ဖုန်းဖြင့် သူ့ကို ဆက်ကြည့်ပေမယ့် သူ့ဘက်က ဖုန်းပိတ်ထားသည်။

ဘာလို့ ဖုန်းကပိတ်ထားတာလဲ။

သူမ အောင်ကောင်းဆီကို ဆက်လိုက်ကာ သူ့ကိုပြောခိုင်းရသည်။

''သမီး ဖုန်းဆက်ပြီးပြီလား''

သူမ အိမ်ထဲဝင်လာတော့ ဖေဖေက မေးသည်။

''ဟုတ်''

''အဲလိုကြီးမနေနဲ့လေ၊ သမီးအမေအကြောင်းလည်း သိ

သားနဲ့''

''ဖေရယ် ... သမီး အရမ်းစိတ်ညစ်တာပဲ''

''အေးပါကွာ ... ဖေဖေသိပါတယ်၊ ဒါပေမဲ့ သမီးမေမေ စိတ်ချမ်းသာအောင်တော့ ပြုံးပြုံးရွှင်ရွှင်နေပါ သမီးရယ်''

သူမ ဖေဖေ့ကိုပြောရန် ပြင်နေစဉ်မှာပဲ မေမေနှင့်အန်တီဝေ ထွက်လာတာမို့ မပြောလိုက်ရပေ။

''သမီးလေး သွားရအောင်''

သူမက အန်တီဝေကို တစ်ချက်ကြည့်ပြီး ထိုင်ရာမှထကာ ဖေဖေနှင့်အန်တီပေါက်ကို ကန်တော့လိုက်သည်။ သူမကို သိပ်ချစ်သော အန်တီပေါက်က ငိုတော့သည်။

''ဖေ ... မီးသွားမယ်''

''အေး ... သမီး၊ ကျန်းမာရေးကို ဂရုစိုက်၊ ဖေဖေလည်း မကြာမကြာ လာမှာပါ''

''ဟုတ်''

အန်တီပေါက်ကိုတော့ မျက်ဝန်းနဲ့ပဲ နှုတ်ဆက်ဖြစ်သည်။ သူမကို ခွဲရလို့ အန်တီပေါက် တော်တော်ဝမ်းနည်းနေပုံပင်။

အဲဒါ မေမေ့ကြောင့်။

သူမက ကားပေါ်တက်လိုက်သည်။



ဖေဖေ့ဒရိုင်ဘာတစ်ယောက်က အိမ်ကကားနှင့် လေဆိပ်ကို လိုက်ပို့ပေးသည်။

အန်တီဝေဟာ တစ်ခါမှ ဒီနေ့လာ နောက်နေ့ပြန်ဆိုတာမရှိတဲ့ အပြင် လေယာဉ်နှင့်လည်း တစ်ခါမှ မပြန်ဖူးပါ။ ရောက်လာခဲ့ရင် လည်း အနည်းဆုံး သုံးလေးရက်လောက်နေပြီးမှ ပြန်တတ်တဲ့ အန်တီ ဝေဟာ အခုမှ ဆိုင်ကိုအကြောင်းပြနေတာကတော့ သူမ သိပ်မယုံချင် ပါ။

အန်တီဝေက မေမေ့အစ်မ၊ မေမေနှင့် အန်တီဝေက တစ်နှစ် ကြီးတစ်နှစ်ငယ် ညီအစ်မတွေ၊ သူမနှင့်အန်တီဝေကတော့ သူငယ်ချင်း တွေလို ပွင့်ပွင့်လင်းလင်း နေကြသည်။ ရန်ကုန်ရောက်မှ အန်တီဝေကို မေးကြည့်ရမည်။

လေဆိပ်နားနီးလာလေလေ သူမ ငိုချင်လာလေလေပါပဲ။ အန်တီဝေက သူမကို တစ်ချက်ကြည့်ပြီး ပြုံးနေပေမယ့် မေမေက တော့ မျက်စောင်းလှမ်းထိုးနေမှာ သူမ သိနေပါသည်။

✹ ✹ ✹

## အခန်း (၁၁)

သက်နိုင်၊ အောင်ကောင်းနှင့် သူမ၏သူငယ်ချင်းတွေ သူ့ကို တစ်ယောက်တစ်လှည့် ပြောပြနေတာကို/နားထောင်ရင်း ရင်ထဲမှာ ခံစားလာရသည်။ သူမနှင့် သူ့အကြောင်းကို သိသွားလို့ သူမကို ချက်ချင်းကြီး ရန်ကုန်ကိုပို့လိုက်တာလားဟု စိုးရိမ်နေမိသည်။

"ညက ခါက မင်းဆီကိုဖုန်းဆက်သေးတယ်၊ မင်းဖုန်းက ပိတ်ထားတယ်တဲ့"

"အေး ... ဟုတ်တယ်ကွ၊ ငါလည်း ထင်မထားဘူးလေ၊ တစ်ပတ်လောက်တော့ သူ ဒီမှာ နေဦးမယ်လို့ထင်တယ်"

"ဟုတ်တယ်ကွာ၊ ခါကို ဘာလို့ မြန်မြန်သွားခိုင်းရတာလဲ

မင်းလည်း ဖုန်းအမြဲတမ်းဖွင့်ထားနော်၊ ခါက လစ်တာနဲ့ ဆက်မှာ"

"အေးပါ ... သူ့အမေက ငါတို့ကိစ္စကို သိသွားလို့လား"

"ဖြစ်နိုင်ချေများတယ်တဲ့၊ ခါ့အဖေက စီးပွားရေးသမား တစ်ယောက်ဆိုပေမယ့် မထင်ရလောက်အောင် သဘောထားပြည့် တယ်လေ၊ ဒါပေမဲ့ ခါ့အမေကတော့ မာနကြီးတယ်၊ ဒီကိစ္စကိုသာ သိရင် လုံးဝသည်းခံမှာမဟုတ်ဘူး လိမ္မာ၊ ရှင့်ကို ကျွန်မတို့ အားနာပေ မယ့် သူငယ်ချင်းတွေဆိုတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ဟယ်"

"ရပါတယ် ယဉ်လှ၊ ပြောပါ"

"ရှင်နဲ့သဘောမတူဘူးထင်တယ်"

"ဟုတ်ပါတယ်၊ ငါ့ အခြေအနေကလည်း သူတို့ဘက်က သဘောတူနိုင်စရာမှ မရှိတာ"

"အဲလိုတော့ မနှိမ်ချပါနဲ့ကွာ"

သူ့ကိုနားလည်ပြီး သနားကြတဲ့ သူငယ်ချင်းတွေကို စိတ် ကောင်းစရာတွေ မပြောပြချင်တော့တဲ့အတွက် သူ ခပ်ပြုံးပြုံးပဲ ခေါင်းညိတ်ပြလိုက်သည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ဘာပဲဖြစ်ဖြစ် ကာယကံရှင် အဓိကပါပဲ၊ မင်းကို ခါက သိပ်ချစ်တာ၊ ငါတို့ထက် ဘယ်သူမှ မသိပါဘူးကွာ"





"ဟုတ်တယ်လိမ္မာ၊ ခါက သိပ်ချစ်တာ ရှင်သိပါတယ်၊ အဲဒီထဲ ကမှ ရှင့်ကို စွဲလမ်းပြီးချစ်ခဲ့တာ။ ရှင် ဘာမှ အားမငယ်နဲ့သိလား"

"အေးပါကွာ၊ မင်းတို့ကိုလည်း ကျေးဇူးတင်ပါတယ်"

"ဟိုကောင်တွေတော့ ဝမ်းသာလုံးဆို့နေမှာပဲ"

သက်နိုင်၏စကားကြောင့် အားလုံး ရယ်မိသွားကြကာ –

"ထားလိုက်စမ်းပါကွာ၊ အခု လိမ္မာနဲ့ပတ်သက်ပြီးသိတဲ့သူ အားလုံးက နိုင်ခန့်တို့ကို ချဉ်နေပါပြီကွာ"

"မင်းတို့ကလည်း သူ့အကြောင်း ထည့်မပြောပါနဲ့ကွာ၊ သူ့ အကုသိုလ် ကိုယ့်အကုသိုလ် မဖြစ်စေနဲ့"

"အဲဒါကတော့ လိမ္မာပြောတာ ဟုတ်တယ်"

"ခါက သူ့အမေလစ်တာနဲ့ ဖုန်းဆက်မှာပဲ မဟုတ်လား"

"အေး ... ဆက်မှာပါ၊ ဘာမှမပူနဲ့၊ ငါတို့တာဝန်ထား၊ ကိစ္စရှိရင် ငါတို့ဆီဖုန်းဆက်လိုက်၊ ငါတို့ကို ပွင့်ပွင့်လင်းလင်းတိုင်ပင် နော်၊ ဖုန်းငွေဖြည့်ကတ်လည်း လိုရင်ပြော"

"အေးပါကွာ ... မင်းတို့ ထမင်းစားသွားပါလား"

"မစားတော့ပါဘူးကွာ၊ ခါ မပါတော့ မင်းစိတ်မကောင်းဖြစ် နေမှာပေါ့၊ ခါ ပြန်လာမှ ပျော်ပျော်ပါးပါး တစ်ခုခု လုပ်စားကြတာပေါ့"

"ကဲ ... ငါတို့သွားမယ်ကွာ"

ရွှေဒေသာစာပေ

သူငယ်ချင်းတွေအားလုံး နှုတ်ဆက်ပြီး ဆိုက်ကယ်ကိုယ်စီနှင့် ပြန်သွားကြသည်။

ညရောက်တော့ သူမထံမှ ဖုန်းကိုမျှော်ပေမယ့် မလာခဲ့ပါ။ ညကိုးနာရီရောက်မှ သက်နိုင်ထံမှ ဖုန်းဝင်လာခဲ့သည်။

''မင်းဆီ ခါ ဖုန်းဆက်သေးလား''

''မဆက်ဘူးကွ၊ ငါလည်း အဲဒါကို မျှော်နေတာ''

''သူလည်း သူ့အမေ မလစ်လို့နေမှာပါကွာ၊ စိတ်မကောင်းမဖြစ်ပါနဲ့၊ ဒါဟာ . . . မင်းနဲ့ခါရဲ့ ဘဝတိုက်ပွဲအစလို့ မှတ်ထားလိုက်''

သက်နိုင်က အားပေးသည်။

''အေးပါကွာ . . . နောက်ထပ် ဒီထပ်ဆိုးမှာတွေ အများကြီးထပ်ကြုံလာမှာ သိပါတယ်ကွာ၊ ငါ့ဘက်ကလည်း ကြိုးစားမှာပါ''

အိပ်ပျော်နေသော ဘွားဘွားဘေးမှာပဲ သူ ဝင်ခွေလိုက်ရင်း သူမကို သတိရကာ အိပ်ပျော်သွားသည်။

မေမေ့အလစ်မှာ ဖုန်းဆက်ဖို့ချောင်းနေခဲ့ပေမယ့် မေမေက





သူမကို လုံးဝအလစ်မပေးပေ။ မေမေက သူမ လှုပ်ရှားမှုတွေကို လိုက်ကြည့်နေသည်ဟုထင်သည်။

နောက်ပြီး သိပ်မကြာခင် သူမဖေဖေနှင့် ဖုန်းပြောအပြီး သူ့ထံခေါ်ရန် ပြင်နေစဉ်မှာပဲ မေမေရောက်လာတာမို့ သူမ အစီအစဉ်ကို လက်လျှော့လိုက်ရသည်။

အန့်တီဝေကိုလည်း ဘာမှမေးခွင့်မရအောင် ဆိုင်သွားသည်၊ အန့်တီဝေက မိုးချုပ်မှာပြန်ရောက်သည်။ အခုလည်း အိပ်ရာထ မနိုးသေးပါ။

ဒီပုံစံအတိုင်းဆို သူနှင့်သူမအကြောင်းကို မေမေ တစ်ခုခု သိထားပုံရသည်။ အခုမှ တွေးမိရင်းပင် ကစ္စိုက်ကရိုက် မေမေလုပ်ချလိုက်ပုံကို တစ်ကွက်ခြင်း ပြန်မြင်ယောင်လာသည်။

ဒါဆို ဖေဖေလည်း ဒီကိစ္စသိမှာပေ့ါ။ အန့်တီဝေရော၊ အန့်တီဝေလည်း အနည်းအကျဉ်းလောက်တော့ သိထားမှာပါ။

ဟုတ်နေပါပြီ။

အခုမှ တွေးရင်း တရေးရေးပေါ်လာသည်။

အန့်တီဝေ ချက်ချင်းကြီးရောက်လာပြီး နောက်တစ်နေ့ အစောကြီး လေယာဉ်နှင့်ပြန်ကာ သူမဘက်က ဘာတစ်ခုမှ လှုပ်ရှားလို့မရအောင် မေမေ အကွက်ကျကျ စီစဉ်လိုက်တာဟာ သူမနှင့်

သူ့ကို ခွဲတာလား။

သူမ စောစောစီးစီးရိပ်မိသွားတဲ့အတွက် ကျေနပ်နေမိသည်။ အန်တီဝေကိုလည်း ဘာမှမမေးဖြစ်တော့သလို မေမေ မပြန်မချင်း ဘယ်သူ့ထံမှလည်း ဖုန်းမလာသလို သူမကလည်း မဆက်ခဲ့။

မေမေ စိတ်အေးသွားပုံတော့ရသည်။

မေမေ သူမကို ပိုပြီးယုံကြည်သွားအောင် သူမက အန်တီဝေ ရတနာဆိုင်ကိုလိုက်သွားပြီး ကူရောင်းပေးရင်း ခပ်ပျော်ပျော်မြူးမြူး လေး နေပြလိုက်တဲ့အခါ မေမေ လုံးဝယုံကြည်သွားပြီး ပြန်ဖို့ စီစဉ်နေ သည်။

ရင်ထဲမှာ မေမေပြန်သွားမှာမို့ ဝမ်းသာနေပေမယ့် မျက်နှာကို တော့ ဝမ်းနည်းသယောင်ဆောင်ထားးကာ –

''မေမေက ဘယ်တော့ပြန်မှာမို့ ပစ္စည်းတွေ ထည့်နေရတာ လဲ''

''မနက်ဖြန်ပြန်မှာလေ သမီးရယ်၊ သမီးမပျော်မှာ မေမေက စိုးရိမ်နေတာ၊ အခု ပျော်သွားပြီမို့လား''

''ပျော်တာပေါ့ မေရဲ့၊ ရန်ကုန်လာတာ နောက်ကျတယ် တောင်ထင်နေသေးတယ်''

မေမေ့မျက်နှာ ပျားရည်အိုးထဲနှစ်ထားခံရသလို ချိုမြိန်နေ



တော့ သူမ မေမေမမြင်အောင် မဲ့လိုက်မိသည်။

''အဲဒါကိုသိလို့ မေမေက စောစောပို့တာ သမီးကမှ လက်မခံ တာ''

''ဟုတ်တယ်နော်၊ အခုတော့ မီး အရမ်းပျော်တယ်''

''နောက်ဆို မီးလေးပိုပျော်ပြီး အိမ်ကိုတောင် ပြန်လာချင် မှာ မဟုတ်ဘူး''

''မေမေ''

''ဘာလဲသမီး''

''အန်တီပေါက်နဲ့ ဖေဖေ့ကို သတိရတယ်လို့ ပြောလိုက်''

''ပြောရမှာပေါ့၊ ယဉ်လှတို့ကိုရော ဘာမှာဦးမလဲ''

''မှာတော့ပါဘူးမေရာ၊ သူတို့လည်း ရန်ကုန်လာတော့မှာပဲ တာ''

''အင်းနော်''

မေမေက သူလုပ်စရာရှိတာ ဆက်လုပ်နေတာမို့ သူမလည်း ထွက်လာခဲ့သည်။ သူ့အသံလေးကြားချင်လှပြီ၊ အခုနေ ဖုန်းဆက်လိုက် ရင် ကောင်းမလား''

မဖြစ်သေးပါဘူး။

စိတ်ထိန်းမှ။

မနက်ဖြန် မေမေပြန်တော့မှာပဲ။

❀

နောက်တစ်နေ့ မေမေပြန်တော့ သူမနှင့်အန်တီဝေက
ဂိတ်ကိုလိုက်ပို့ရသည်။

အိမ်ပြန်လမ်းတစ်လျှောက်မှာတော့ သူမ အပျော်ကြီးပျော်
မိသည်။

အန်တီဝေက သူမကို နားရန်အတွက် အိမ်ကိုပင်
ဆိုင်ကိုပြန်ထွက်သွားသည်။

သူမ အခန်းထဲကိုရောက်တာနှင့် သူ့ထံ ဖုန်းခေါ်လိုက်သည်။

''ကို''

''ခါ''

''ကိုရယ် အရမ်းလွမ်းတာပဲ၊ အရမ်းသတိရတယ်''

သူမ၏ စူးစူးနစ်နစ်လေးပြောလိုက်သောအသံကြောင့်
ထဲ နင့်ခနဲ ဖြစ်သွားရသည်။

''ကိုလည်း ခါ့လိုပါပဲကွာ၊ အရင်နေ့တွေက အဆင်မပြေ



တာလား''

''ဟုတ်တယ် ... message ပို့ချင်ပေမယ့် မေမေက မထင်
မထင်သလို message စစ်တတ်လို့ မပို့ဖြစ်တာ''

''ခါ နေကောင်းရဲ့လား''

''ကောင်းပါတယ်၊ ကိုရော''

''ကိုယ်လည်း ကောင်းပါတယ်၊ ခါ့ကိုသတိရတာ လွမ်းနေ
က လွဲရင်ပေါ့''

''လွမ်းတာကတော့ ခါလည်း လွမ်းနေတာပါ၊ ဒါက
ဖြည်းဖြည်း နေသားကျသွားမှာပါမယ်''

''အင်းပါ ... ခွဲကာစကတော့ တကယ်မနေတတ်ဘူးကွ''

''ဘွားရော နေကောင်းရဲ့လား၊ ခါက ဘွားကိုသတိရနေ
''

''ဘွားကလည်း ခါ့ကို သတိရနေတာပါကွာ၊ ဘွားက
အောက်ဆင်းသွားတယ်၊ နောက်ရက်ကျရင် ဘွားနဲ့ပြောလေ''

သူနှင့် တော်တော်ကြာအောင် ဖုန်းပြောပြီးချိန်မှာတော့ သူမ
လိုက်တို့ထံ ခေါ်လိုက်သည်။

''ဖဲလို''

''သေနာမ ... အခုမှဆက်တယ်''

"ကျုပ်မဆက်လည်း ရှင်ကဆက်မှာပေါ့"

"ဟဲ့ . . . ရှင်က ဘာတွေဖြစ်နေမှန်းမသိတော့ မဆက်

လေ၊ ရှင် လိမ္မာ့ဆီကို ဆက်ပြီးပြီလား"

"အေး . . . အခု သူနဲ့ပြောပြီးလို့ ရှင့်ဆီကို ဆက်လိုက်တာ

သူမက မေမေ့အကြောင်းကို အကုန်ပြောပြလိုက်သည်

သူမ ပြောပြတော့မှ ဆုထိုက် နားလည်သွားတော့သည်။

❀

အောင်ကောင်းတို့ အိမ်လာလည်တာမို့ သူတို့ထမင်းအတူ

ဖြစ်ကြသည်။ ခြေလျင်လာကြသည်တဲ့။

ညနေရောက်တော့ သူက အောင်ကောင်းနှင့်သက်နိုင်

လမ်းထိပ်အထိ လိုက်ပို့ပေးစဉ် နိုင်ခန့်တို့ခြံရှေ့အရောက်မှာတော့ ခြံ

အုတ်ခုံတွင် ဂစ်တာထိုင်တီးနေကြသော နိုင်ခန့်တို့အုပ်စုကို တွေ့

သည်။

သူတို့ကိုမြင်တော့ ကျော်ဇောက –

"ကျန်ရစ်"



"သနားစရာပါကွာ"

"ကိုယ်နဲ့မတန်မရာ မုန်းတာကိုး"

အောင်ကောင်းက တောက်ခေါက်ကာ နိုင်ခန့်တို့ထံသွားရန်

ဖြင်သည်။ သူက လှမ်းဆွဲကာ –

"ဒေါသမဖြစ်နဲ့ အောင်ကောင်း၊ ရှုံးမဲ မဲနေတာပါကွာ၊ ငါတို့

နာမည် ထည့်ပြောတာမှ မဟုတ်တာ"

"ဟုတ်တယ်ကွ"

သက်နိုင်ကလည်း ဒေါသထွက်နေပေမယ့် တားပါသည်။

"ဒီကောင်တွေက လေသာကျယ်တာ၊ တကယ်တမ်း ရန်

ဖြစ်ရဲတဲ့သတ္တိက ရှိတာမဟုတ်ဘူး"

"လွှတ်ထားလိုက်စမ်းပါ အောင်ကောင်းရာ၊ ငါတို့ ဥပေက္ခာ

ပြုလေ သူတို့ မခံချိမခံသာဖြစ်ပြီး ပူလောင်လေပဲ"

"အေးကွာ . . . အေးကွာ"

တကယ်ကို သည်းခံနေရမှာပါပဲ။

သူ့ရည်မှန်းချက်တွေ မပြည့်မချင်းပေါ့။

❀ ❀ ❀

## အခန်း (၁၂)

ဒီနေ့ဆိုရင် သူမတို့ကျောင်းတက်တာ တစ်လပြည့်ပြီဖြစ်သည်။ သူငယ်ချင်းတွေ စုံစုံညီညီအပြင် ယဉ်လှ၊ ဆုထိုက်၊ ဖြူစင်ပါ ဘယ်နေရာသွားသွားပါသည့်အပြင် အောင်ကောင်းနှင့်သက်နိုင်ပါ သူတို့အဖွဲ့ထဲကို ဝင်လာခဲ့သည်။

သူမကတော့ သူ့ကိုသတိရနေခဲ့သည်။

အခုဆိုရင် ယဉ်လှက သူ့အတွဲနှင့်သူဖြစ်နေသလို ဆုထိုက်က အောင်ကောင်းနှင့်ချစ်သွားကြပြီ၊ ဖြူစင်ရော ဘာထူးလို့လဲ သက်နိုင်နှင့် အဆင်ပြေနေသည်။

သူတို့တွေက သူမရှေ့မှာ သည်းပြကြတော့ သူမ အစက

တော့ မသိချင်ယောင်ဆောင်နေပေမယ့် နောက်ပိုကဲလာကြတော့ သည်းမခံနိုင်တော့ပါ။

"ဟဲ့ ... ဘယ်လိုဖြစ်နေကြတာလဲ၊ မျက်စိကိုနောက်နေတာပဲ"

"ချစ်တာလေဟယ်၊ ရှင်ကလည်း ကိုယ်ချင်းစာပေါ့"

ဆုတိုက်က ပြောသလို အောင်ကောင်းကလည်း ထောက်ခံသည်။

"ကိုယ်ချင်းမစာလို့ ပြောတာမဟုတ်ဘူးဟဲ့၊ ရှင်တို့က ပိုကို ပိုလွန်းတယ်"

"အံမယ် ... ရှင်လည်း လိမ္မာအနားမှာမရှိလို့သာပါနော်၊ ရှိရင် တို့ထက်ဆိုးဦးမှာ"

"ဟုတ်သားပဲ ခါရယ်၊ ကိုယ့်သူငယ်ချင်းတွေ ချစ်ချစ်ခင်ခင် နေတာကို"

သက်နိုင်၏အပြောကြောင့် ဖြူစင်ကပါ –

"၂ ဝင်နေတာလေ"

သူမအဖြစ်ကတော့ ဗညားဟန်ရဲ့ သင်းကွဲငှက်လို ဖြစ်နေခဲ့ပြီ။

သူမ canteen ထဲကထွက်လာခဲ့တော့သည်။



ကော်ရစ်ဒါပေါ်မှာ နိုင်ခန့်နိုင်နှင့် ခပ်ချောချောကောင်မလေး တစ်ယောက် လျှောက်လာတာကို မျက်နှာချင်းဆိုင်သွားတိုးသည်။ သူမနှင့် မျက်လုံးချင်း တစ်ချက်အဆုံမှာ သူမကိုကြည့်ပြီး ပြုံးလိုက်သော နိုင်ခန့်နိုင်၏အပြုံးကို နားလည်လိုက်သည်။

သူလည်း ချစ်သူချောချောတစ်ယောက် ရပါတယ်ဆိုတဲ့ အပြုံးမျိုးဖြစ်သည်။

အဲဒါ ဘာဖြစ်လဲ။

သူမနဲ့ဘာဆိုင်လဲ။

နိုင်ခန့်နိုင် ရည်းစားရသွားတဲ့အတွက် သူမကတောင် ဝမ်းသာ သေးသည်။

နိုင်ခန့်နိုင်ဟာ သူမတို့မြို့မှာတော့ ရုပ်လည်းချော၊ ပိုက်ဆံ လည်းချမ်းသာသည့်အတွက် ဘဝင်မြင့်ချင်သည်။ မာနကလည်းကြီး တော့ မာနမင်းသားဟု နာမည်ကြီးသည်။

သူမ ကျောင်းဆင်း၍ အိမ်ပြန်ရောက်တော့ ဖေဖေနှင့်မေမေ ကို တွေ့ရတာမို့ အံ့သြသွားသည်။

ဖေဖေက အလုပ်ကိစ္စကြောင့် လာတာဖြစ်ပြီး မေမေက သမီးဖြစ်သူကို သတိရလို့ လိုက်လာတာဖြစ်သည်။

မေမေက သူမနှင့်အနက်တီဝေစားဖို့အတွက် ကြိုက်တတ်တာ

တွေကို အစုံအလင် လုပ်လာသည်။

''ဟိုဟာက ဘာတွေလဲ မေမေ''

''ဒါတွေလား''

သူမ မေးငေါ့ပြီးပြတဲ့အထုပ်တွေကို မေမေက လက်နှင့်ပုတ်ပြီးမေးသလို အပြုံးချိုနှင့် –

''လူကြုံပေးလိုက်တာ သမီးရဲ့၊ ရွှေကျောင်းပြင်က ဦးကျော်ခိုင်ရဲ့သား ခိုင်ခန့်နိုင်ကို သမီး သိတယ်မှတ်လား''

''သိပါဘူး''

သူမက ငြင်းလိုက်တော့ မေမေက အကြည့်တစ်မျိုးနှင့် ကြည့်လာကာ –

''ဘာလို့မသိရတာလဲ၊ သမီးတို့ စကားပြောသင်တန်းတောင် အတူတူတက်တာဆို ခိုင်ခန့်က ပြောတာ''

''ဟုတ်တယ်လေ . . . မျက်မှန်းတော့တန်းမိတာပေ့ါ ဒါပေမဲ့ ခင်မင်လောက်တဲ့အဆင့်တော့ မရှိပါဘူး၊ နေပါဦး . . . မေမေက သူတို့နဲ့ ဘယ်လိုလုပ်သိလဲ''

''သြော် . . . သူတို့မိသားစုက မေမေ့ဆိုင်က ဖောက်သည်တွေလေ၊ အဝတ်အစားရော ရွှေစိန်အကုန် မေမေ့ဆီကလုပ်တာ၊ သူတို့မိသားစုက သဘောအရမ်းကောင်းတာ၊ ပိုက်ဆံလည်း ချမ်းသာ



သလို အဆင့်အတန်းလည်းရှိတယ်၊ အရင်က ခိုင်ခန့်နဲ့ မခင်ခဲ့ရင်လည်း အခု ခင်အောင်လုပ်ရမယ် သမီး''

''အာ . . . မေမေကလည်း မီး အဲဒီဘဝင်ကောင်ကို မခင်ချင်ပါဘူး''

''ဟဲ့ . . . ဘာ ဘဝင်ကောင်လဲ၊ သူများသားသမီးကို၊ သူ့အဆင့်အတန်းနဲ့သူတော့ အထာရှိမှာပေ့ါ၊ ညည်းလောက် အလုမက်တာ ညည်းပဲရှိတယ်၊ ခိုင်ခန့်က ယောကျ်ားပီသပြီးချောပါ့''

''ဒီမှာ အဲဒီကောင်ထက်ချောတာတွေ အများကြီး''

''သမီးနော် . . . အပြင်ပန်းချောတဲ့ကောင်လေးတွေ အိမ်ပိုင်တစ်လုံးတောင်မရှိရင် ဘယ်လိုလုပ်မလဲ၊ အတွင်းသိ အဆင်းသိပဲကောင်းတယ်''

''မေမေ သူ့ကိုသဘောကျနေတာဆိုရင် အန်တီဝေနဲ့ ဖြစ်ဖြစ် အန်တီပေါက်နဲ့ဖြစ်ဖြစ် ပေးစားလိုက်လေ''

''ဟဲ့ . . . ဒီကောင်မလေးတော့''

ထိုအချိန်မှာပဲ အပြင်သွားနေတဲ့ ဖေဖေ့ဆီကဖုန်းလာတာမို့ မေမေ ဖုန်းပြောနေသည်။

ခိုင်ခန့်နိုင်တို့မိသားစုဟာ မေမေ့ဖောက်သည်တွေဆိုရင် ဘာလို့ အရင်ကတည်းက မေမေ မပြောရတာလဲ။ အရင်ကတည်းက

ရင်းနှီးတယ်ဆိုရင် သူမသိရမှာပေါ့။

နောက်ပြီး မေမေကလည်း နိုင်ခန့်နိုင်ဆိုတဲ့နာမည်ကို ပါးစပ်ကမချ ချီးမွမ်းခန်းဖွင့်နေတာ ဘာသဘောလဲ။

သူမ စိတ်ရှုပ်ခေါင်းစားစရာအတွေးကို မတွေးချင်ပေ။ သူမ ဒီနေ့ညနေ သူနှင့် ဖုန်းပြောရန် ချိန်းထားပေမယ့် မေမေမလစ်တဲ့အပြင် မေမေဖိတ်ခေါ်ထားမှုကြောင့် နိုင်ခန့်နိုင်ကလည်း အိမ်ရောက်လာတော့ အပြင်ထွက်ပြီး ဖုန်းပြောမယ့်သူမအစီအစဉ် ပျက်သွားရသည်။

နိုင်ခန့်နိုင်ဟာ တော်တော်အရှက်တရားမရှိတဲ့ယောက်ျားပဲ။ သူမဘက်က သူ့ကို မိတ်ဆွေအဆင့်တောင် အပေါင်းအသင်းမလုပ်တာကိုတောင် သူက လာပြီး ဖွတ်ဆွယ်နေသည်။

လိမ္မာနဲ့ပတ်သက်ပြီး သူမက သူ့ကို မုန်းနေခဲ့တယ်ဆိုတာကိုလည်း သူသိရဲ့သားနဲ့။ ဒါက ဘာသဘောလဲ။ သူမက တွေးရင်း သူ့ဆီအကြည့်တစ်ချက်အရောက်တွင် မေမေနှင့်သူက သူမအကြောင်းပြောနေကြသည် ထင်သည်။

နိုင်ခန့်က သူမကို စပ်ဖြဲဖြဲနှင့်ကြည့်ကာ မေမေနှင့် စကားပြောနေသည်။

နိုင်ခန့်နိုင်ကို ဖုန်းဆက်လှမ်းခေါ်ပြီး မေမေ ဘာတွေ



တတွတ်တွတ် ပြောနေသည်မသိ။

ဒီအကြောင်းတွေကို ယဉ်လှတို့ကို ပြောပြတော့ နိုင်ခန့်ကို သူတို့ တော်တော်အထင်သေးသွားကြသည်။ သက်နိုင်တို့ကိုတော့ မပြောတော့ပေ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ နိုင်ခန့်ကို တော်တော်မုန်းနေတဲ့အပြင် သူတို့သာ ကြိမ်းသေပြန်ပြောတဲ့အခါ သူ စိတ်အနှောင့်အယှက်ဖြစ်မှာကို သူမ အရမ်းစိုးရိမ်ပါသည်။

သူမကတော့ မေမေ့ကို ကြောက်ရသူပီပီ မေမေထိုင်ခိုင်းထားလို့သာ ထိုင်ပေးနေရပေမယ့် သူ့အိမ်ကိုလာသည့်အခါတိုင်း မျက်နှာကို ရှုပ်ထားလိုက်သည်။

"သမီး ... ဒီမှာ သားက နှုတ်ဆက်နေတယ်လေ၊ ပြန်တော့မယ်တဲ့၊ သြော် ... ဒီကလေး ငုပ်တုတ်ထိုင်ပြီး အတွေးလွန်နေပြန်ပြီ"

မေမေက သူမပေါင်ကို ပုတ်ပြီးပြောမှ သူမ အသိဝင်လာကာ

"အင်း ... အင်း"

"သူက ကျွန်တော့်ကို ခင်တာမဟုတ်ဘူး အန်တီရ"

"ဟဲ့ ... သားလို တော်တဲ့ ထက်မြက်တဲ့ ယောက်ျားကိုမှ မခင်ရင် သူက ဘယ်သူ့ကို ခင်ချင်လို့လဲ"

သူက ရယ်ကာ မေမေနှင့်အတူထွက်သွားတာမို့ သူမ မျက်

စောင်းလှမ်းထိုးလိုက်သည်။ တော်တော်မျက်နှာပြောင်တဲ့ကောင်

သူမပါးစပ်နှင့်တော့ တွေ့ဦးမည်။

နောက်တစ်နေ့ရောက်တော့ နိုင်ခန့်နိုင်၏ အဆောင်ကို လိုက်

သွားလိုက်သည်။

အဆောင်ရှေ့တွင်တွေ့သော သူမအရွယ် ကောင်လေး တ

ယောက်ကို နိုင်ခန့်နိုင်အား ခေါ်ခိုင်းလိုက်သည်။

အနက်ရောင် ဂျင်းဘောင်းဘီတိုကို စွပ်ကျယ်အဖြူ လ

ပြတ်ဝတ်ထားသော နိုင်ခန့်နိုင်က လူကြမ်းအပြုံးနှင့် ထွက်လာသည်

သူမက ကားပေါ်ကဆင်းကာ နိုင်ခန့်နိုင်ထံ လျှောက်သွားလိုက်က

"နိုင်ခန့်နိုင်"

"မင်း ငါ့ဆီလာတာဆို"

သူမမျက်စိထဲမှာတော့ သူ့ကို ဘီလူးတစ်ကောင်လိုပဲ မြင်

သည်။

"ဟုတ်တယ်၊ နင့်ဆီကိုလာတာ"

"ကိစ္စရှိလို့လား၊ အန့်တီခိုင်းလိုက်တာလား"

"မေမေ မနက်ကပြန်သွားတာကို နင်သိရဲ့သားနဲ့၊ ငါ

သောက်ပိုတွေမေးနေတာလဲ"

"ဘယ်သိမှာလဲကွ၊ အန့်တီမှာ တစ်ခုခုမှာထားသလား





ပေါ့"

"အပိုတွေပြောမနေနဲ့ နိုင်ခန့်နိုင်၊ နင် ဘာသဘောနဲ့ ငါ့

အမေကို လာကပ်နေတာလဲ"

"မင်းစကားကို ကြည့်ပြော မေသိက္ခာ၊ မင်းအမေကို ငါက

ကပ်တာမဟုတ်ဘူး၊ မင်း အမေကသာ ငါ့ကို အတင်းလိုက်ကပ်နေ

တာ၊ သမက်ဖမ်းတော်ချင်နေတာ"

သူမ တော်တော်ဒေါသထွက်သွားရတာမို့

"ဖြန်း"

ခနဲနေအောင် ရိုက်ချလိုက်သည်။

"နင့်ကိုယ်နင် သိပ်အထင်ကြီးမနေနဲ့၊ နင့်ကိုအထင်ကြီးတဲ့

ကောင်မတွေထဲမှာ ငါမပါဘူး၊ အဲဒါ ... နင် မြဲမြဲမှတ်ထား"

"အေး ... ငါကလည်း မင်းလို ရွှေမင်းသားကိုပစ်ပြီး

လမ်းဘေးက သူတောင်းစားကို လင်တော်ချင်တဲ့မိန်းမမျိုးကို ပိုပြီး

အထင်မကြီးသေးတယ်"

"တောက် ... အဲဒီလမ်းဘေးကသူတောင်းစားက နင့်ထက်

ကိုယ်ကျင့်တရားရော စိတ်ထားရော ပိုမြင့်မြတ်တယ်"

သူမကပြောပြီး ကားပေါ်တက်လာခဲ့သည်။ နိုင်ခန့်နိုင်ဆီမှ

ကျေမနပ် တောက်ခတ်သံကျယ်ကျယ်ကြီး ထွက်ပေါ်လာခဲ့သည်။

မိန်းမတစ်ယောက်၏ စိတ်ဓာတ်မျိုး ယောကျ်ားတစ်ယောက်ထဲတွင် ရှိနေခြင်းဟာ လုံးဝ ရှုံရာစရာပါ။

ဒီသတင်းကို ဒီကောင် မေမေ့ထံသွားပြောရင်လည်း မေမေ့အရှုကို ကျေကျေနပ်နပ်ပဲ ခံယူလိုက်တော့မည်။

ယောကျ်ားတန်မဲ့ မိန်းမတစ်ယောက်လို ကက်ကက်လန်အောင် ရန်ပြန်တွေ့သော နိုင်ခန့်နိုင်၏ပုံရိပ်ကို မြင်ယောင်မိတော့နှုတ်ခမ်းကိုမဲ့ပစ်လိုက်သည်။

တကယ်တမ်းတော့ နိုင်ခန့်နိုင် မေမေ့ကိုမတိုင်ခဲ့ဘူး ထင်သည်။ မေမေနှင့်သူမ ဖုန်းပြောဖြစ်ပေမယ့် မေမေက ဒီကိစ္စနှင့်ပတ်သက်လို့ တစ်ခွန်းမှ မဟခဲ့ပါ။

ထင်သလိုဖြစ်မလာဘဲ မထင်မှတ်တာဖြစ်လာတာကတော့နောက်နေ့ကျောင်းပိတ်တဲ့နေ့မှာ ကိုသက်နှင့်အောင်ကောင်း သူမထံရောက်လာခဲ့သည်။ ထိုစဉ်မှာပဲ ဆုထိုက်ပါ ရောက်လာတာမို့ ဖော်သွားရသည်။

''ဘယ်ကလှည့်လာကြတာလဲ ရှင်တို့က''

''ညည်းဆီကို တမင်လာတာ''

အောင်ကောင်းက ခပ်တင်းတင်းပြောပြီး ထိုင်ချသည်။ ဆုထိုက်ကလည်း နားမလည်သလိုပုံစံမျိုးနှင့် ထိုင်ချသည်။



''ကိုသက် ... ရှင်တို့ ဘာဖြစ်လာကြတာလဲ''

သူမ မေးမလိုပြင်နေစဉ်မှာ ဆုထိုက်က ဝင်မေးလိုက်တော့အောင်ကောင်းက ကောက်ကာငင်ကာပင် –

''ညည်းနဲ့နိုင်ခန့်နိုင်က ဘယ်လိုအခြေအနေလဲ ဟါ''

အောင်ကောင်း၏မေးခွန်းကြောင့် သူမ အံ့ဩသွားရကာ–

''ဘာ ... ဘာ ... ငါက ဘာကိစ္စ နိုင်ခန့်နိုင်နဲ့ အခြေအနေရှိနေမှာလဲ၊ ရှင်တို့ ဘာသဘောနဲ့ ဒီလိုမေးတာလဲ''

''မေးစရာအကြောင်းရှိလာလို့ပေါ့ကွာ''

''ရော့ ... ဒီမှာ''

သက်နိုင်ပေးသော ဓာတ်ပုံတွေကို သူမ ကြည့်လိုက်သည်။ နိုင်ခန့်နိုင် သူမတို့အိမ်ကို အဝင်အထွက်လုပ်သောပုံတွေ၊ နိုင်ခန့်နှင့်သူမတို့ နိုင်ခန့်၏အဆောင်ရှေ့တွင် စကားပြောနေသောဓာတ်ပုံတွေ။

''ဒါတွေက''

''ညည်းကို ငါတို့က ပြန်မေးရမှာပါကွ၊ ဒီပုံတွေကို လိမ့်မှာသိသွားပြီ''

''ဘာ''

သူမက ဘာဟု အသံခပ်ကျယ်ကျယ်အော်လိုက်တဲ့အခါ သက်နိုင်နှင့်အောင်ကောင်းက မချိမခန့်ကြည့်သလို ဆုထိုက်ကလည်း

မသက်ာတဲ့မျက်လုံးတွေနှင့် သူမကို ကြည့်လာခဲ့ပါသည်။

"ခါ . . . ရှင်ငြင်းဖို့တော့ မကြိုးစားနဲ့နော်"

ဆုထိုက်ကလည်း ချောင်ပိတ်မေးခွန်းနှင့် စစ်ဆေးပြီ၊ သင်

နိုင်နှင့်အောင်ကောင်းကလည်း ပါးစပ်ကဖွင့်မပြောပေမယ့် ပြောသေ

ဆိုသည့်အကြည့်နှင့် ပြောနေသည်။

သူမကို အထင်လွဲနေပြီဆိုတာသိတဲ့အတွက် ရှင်းပြဖို့ စကား

လုံးရှာနေလိုက်သည်။

"ညည်း . . . ဝန်ခံတာလား ခါ"

"ကျုပ် ရှင်တို့ယုံအောင်ပြောဖို့ စကားလုံးရှာနေတာပါ"

"ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းပြောစမ်းပါဟယ်၊ ဒီလူ

ဒီလူ ယုံဖို့စကားရှာနေဖို့မလိုဘူး၊ ရှင့်ပါးစပ်ကထွက်တဲ့စကားဆိုရင်

ကျုပ်ယုံတယ်"

"ဟုတ်တယ် ခါ"

"ကဲ . . . ငါပြောမယ်၊ ဒီဓာတ်ပုံတွေကို ကိုသက်တို့လက်ထဲ

ဘယ်သူလာပို့တာလဲ"

"နွယ်နီ"

"နွယ်နီဆိုတာ ဘယ်သူလဲ"

ဆုထိုက်က စဉ်းစားရင်း -



"နွယ်နီဆိုတာ ကျော်ဇောရဲ့ကောင်မလေးလေ"

"ကျော်ဇောဆိုတာ ခိုင်ခန့်ရဲ့သူငယ်ချင်းမို့လား"

"အေး"

"ဒါဆိုရှင် ရှင်းနေတာပဲ၊ ဒါတွေအားလုံး ခိုင်ခန့်လုပ်ခိုင်းခဲ့

တာပဲ"

"ဘယ်လို . . . ငါတို့ နားမလည်ဘူး"

"ဒီဓာတ်ပုံက ငါနဲ့ခိုင်ခန့် အဆောင်ရှေ့မှာ စကားပြောနေတဲ့

ပုံ ဟုတ်တယ် . . . ဒီဓာတ်ပုံကိုတောင်ရိုက်ထားပြီး ငါ ခိုင်ခန့်ကို

ခိုက်ရိုက်တဲ့ပုံကျ ဘာလို့ မပါလာခဲ့သလဲဆိုတာ ငါသိလိုက်ပြီ ဆုထိုက်၊

ဒီပုံတွေကို ခိုင်ခန့်က ကျော်ဇောတို့ကိုရိုက်ခိုင်းပြီး နွယ်နီကတစ်ဆင့်

ကိုသက်တို့ကို ပို့မယ်၊ ပြီးတော့ . . . လိမ္မာဆီကို ရောက်အောင်ပို့မယ်၊

ဒီမှာ ငါနဲ့သူ အဆင်ပြေပြီး ရွှေလမ်းငွေလမ်းဖောက်နေပြီဆိုပြီး သတင်း

လွှင့်ချင်တယ်ပေါ့"

"ဟဲ့ နေဦး . . . ရှင်က ခိုင်ခန့်ကို ဘာလို့ပါးသွားရိုက်ရတာ

လဲ"

သူမက မေမေနှင့်ခိုင်ခန့်နိုင်တို့ ခင်တာကစပြီး ခိုင်ခန့်နိုင်

အိမ်ကိုလာလွှန်းလို့ သူမ အဆောင်ထိသွားပြီး ပြောခဲ့တာအဖြစ်အပျက်

အားလုံးကို အမှန်အတိုင်း ပြောပြလိုက်သည်။

"ငါပြောပြတာတွေ အမှန်တွေချည်းပဲ ကိုသက်၊ နိုင်ခန့်နိုင်
မေမေတို့ရင်းနှီးတာကို ဆုထိုက်တို့ကို ပြောပြထားပြီးသား၊ ရှင်တို့
မပြောတာက ရှင်တို့က လိမ္မာကိုပြန်ပြောလိုက်ရင် သူ့ စိတ်အနှောင်
အယှက်ဖြစ်သွားမှာစိုးလို့၊ နိုင်ခန့်နိုင် အိမ်ကိုဝင်ထွက်တယ်ဆိုတာ
လည်း တမင်စကားကားတာပါကွာ။ မေမေလာမှ သူလာရဲတာ
အဲဒီကောင် အဲလောက် သတ္တိမရှိပါဘူး၊ မိန်းမကျင့် မိန်းမကြံနဲ့"

"ရှင်ကလည်း အဲဒီအကောင်နေတဲ့အဆောင်ကိုသွားထ
ကျုပ်တို့ကို ခေါ်မှပေါ့"

"ကျုပ်လည်း အရမ်းဒေါသထွက်နေတာပေါ့၊ အဲဒါကြော
မေ့သွားတာ၊ ဟဲ့ . . . ကျုပ်မှာက လိမ္မာဆီဖုန်းခေါ်တာ ပိတ်ထားတယ်
အဲဒီကိစ္စကြောင့်များလား"

"ဟုတ်မှာပေါ့"

သူမက ဟီးခနဲငိုချလိုက်တော့ ဒေါသတွေကိုယ်စီနှင့် ရော
လာကြသော အောင်ကောင်းနှင့်သက်နိုင်ကရော ဆုထိုက်ကပါ သူ့
သနားစရာ သတ္တဝါလေးလို သဘောထားပြီး –

"ကဲ ကဲ . . . ငိုမနေပါနဲ့ကွာ၊ ငါတို့တွေ ကိုယ်တိုင် လိမ္မာ
ရှင်းပြပေးမယ်၊ သူလည်း မင်း ဇာတိမှာ အလုပ်ဝင်နေပြီကွ"

"အသစ်ဖွင့်ထားတဲ့ ပေလီက hotel လား"



"အေး"

"ကိုကလည်း ကျုပ်ကို ပွင့်ပွင့်လင်းလင်း မမေးဘူးဟာယ်"

"ဒါနဲ့ . . . ရှင့်အမေက နိုင်ခန့်နိုင်နဲ့ သဘောတူနေတာပေါ့
နော်"

"အဲဒါ . . . ကျုပ်စိတ်မဝင်စားဘူး"

"ရှင် စိတ်မဝင်စားတာတော့ ဟုတ်ပါတယ်၊ ဒီကိစ္စကတော့
သိပ်ပေါ့သေးသေးတော့ မဟုတ်ဘူးနော်"

"ထားလိုက်စမ်းပါဟာ၊ ဒီကောင့်အကြောင်း လာမပြောနဲ့
အခု . . . ငါ ကိုနဲ့စကားပြောချင်တယ်၊ ကိုသက် သူ အရမ်းစိတ်ထိခိုက်
နေမှာ၊ ငါ သူ့ကို ရှင်းပြချင်တယ်ဟာယ်"

"ငါတို့ နောက်ရက်အဆင်ပြေအောင်လုပ်ပေးမယ်ကွာ၊
ဒီကောင် အမြဲတမ်းတော့ ဖုန်းပိတ်ထားမှာ မဟုတ်ပါဘူး"

ကိုသက်တို့အားလုံးက သူမကို နှစ်သိမ့်ပေးကာ ပြန်သွားကြ
သည်။

✹ ✹ ✹

## အခန်း (၁၃)

သူမ သူ့ဖုန်းကို ခေါ်ပေမယ့် ပိတ်ထားတာမို့ သူ ဘယ်လိုမှ နေမရတော့ပါ။ တစ်ညလုံး သူ့ဖုန်းကိုခေါ်မရတော့ သူမ အိပ်မပျော်ဘဲ အတွေးတွေနှင့် စိတ်မွန်းကျပ်လာကာ မနက်ရောက်တော့ အန်တီဝေကို သူငယ်ချင်းတွေနှင့် ပဲခူးလိုက်သွားချင်လို့ဆိုပြီး ပူဆာကာ လေယာဉ်နှင့် သံတွဲကို လစ်ခဲ့သည်။

ဆုထိုက်တို့ကိုခေါ်ရင် တစ်ယောက်ယောက် လိုက်မယ်ဆိုတာ သိပေမယ့် ဘယ်သူ့ကိုမှ မခေါ်ချင်တော့ပါ။ အိမ်ကိုမလာဖို့နဲ့ အန်တီဝေကို မတွေ့အောင်ရှောင်ဖို့ ယဉ်လှတို့ကို ပြောပြပြီး သူမ ပြန်လာမှ ဆက်ပြောမယ်ဟု ပြောလိုက်သည်။

ပေလီမဖင်ယေဆိပ်သို့ မနက်ဆယ်နာရီခွဲတွင် ရောက်သည်။ လေဆိပ်မှ ကားတစ်စီးကိုငှားကာ သူ့အိမ်ရှိရာ ရွှေကျောင်းပြင်ကို မောင်းခဲ့သည်။

သူတို့ခြံရှေ့ကိုရောက်တော့ ခြံတံခါးကြီးကို သော့ခတ်ထားသည်မို့ အမောဆို့သွားရသည်။

သူ အလုပ်သွားတာလား။

သူ အလုပ်သွားတယ်ဆိုရင်လည်း ဘွားက အိမ်မှာရှိရမှာပေါ့။

သူမ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေတာမို့ ကားသမားက—

''ညီမ ဘေးကအိမ်ကို မေးကြည့်ပါလား''

''ဟုတ်သားပဲ''

သူမ ကားသမားကို ခဏစောင့်ခိုင်းပြီး ဘေးခြံကို ဝင်မေးလိုက်သည်။

''ဦးလေး . . . ဟိုတက်ခြံက လိမ္မာတို့ မြေးအဘွား ဘယ်များသွားကြလဲဟင်''

''ဩော် . . . လိမ္မာ့အဘွား ဆေးရုံတက်ရလို့လေ၊ သုံးရက်လောက်ရှိပြီ၊ သနားစရာပါကွာ၊ သူ့ခမျာ အလုပ်ဝင်တာတောင် မကြာသေးဘူး၊ လူခွဲမရှိတော့ အလုပ်က ခွင့်ယူထားရတယ်၊ ငွေကြေးကလည်း မပြည့်စုံတော့''



''အဲဒါဆို . . . သမီး လိုက်သွားလိုက်မယ် ဦးလေး''

''အေးအေး ရောဂါက ကင်ဆာဆိုတော့ သိပ်မလွယ်ပါဘူး''

သူမတော့ ဦးလေးကြီး၏စကားကြောင့် ခေါင်းတစ်ခုလုံး ချာချာလည်အောင် မူးနောက်သွားရသည်။

ဒုက္ခပဲ။

သူတစ်ယောက်တည်း ဘယ်လိုနှစ်ပါးသွားနေလဲ။ လူခွဲကခရို ငွေကြေးက မပြည့်စုံ။

''သွားမယ်နော် ဦးလေး''

''အေး . . . သမီး''

ဦးလေးကြီးက တခြား ဘာမှထပ်မမေးသလို သူမကလည်း ဘာမှ ရှည်ရှည်ဝေးဝေး မပြောတော့ဘဲ ဖြစ်ချင်တာဖြစ် ကားသမားကို ဆေးရုံသို့ မောင်းခိုင်းလိုက်သည်။

ဘွားရောဂါက ကုမရတဲ့ကင်ဆာတဲ့။ သူတော့မသိ၊ သူမတော့ စိတ်တွေ ယောက်ယက်ခတ်ကာ သူ့ကို ဘယ်လိုကူညီရင်ကောင်းမလဲဆိုတာကိုသာ တွေးရင်း ဆေးရုံကိုရောက်ခဲ့သည်။

ဆေးရုံရောက်မှ သူမ သတိရသွားဟန်ရသည်။ သူတို့ဘေးခြံက ဦးလေးကြီးကို လူနာခုတင်နံပါတ် မေးမလာမိခဲ့။ သူမကိုယ်တိုင်တက်ရှာရင်တော့ တွေ့မှာလွယ်ကူပေမယ့် ဖေဖေနှင့်မေမေတို့၏ အသိ

တစ်ယောက်ယောက်နှင့် တွေ့သွားရင် ပြဿနာတက်မှာ။

သူမ ကားပေါ်မှမဆင်းသေးဘဲ ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ်မှာပဲ ကားသမားက ခပ်ပြုံးပြုံးကြည့်လာကာ –

''အခက်အခဲရှိလို့လား ညီမ၊ အစ်ကို ကူညီလို့ရရင် ကူညီမယ်လေ''

သူမ ကားသမားကို အားကိုးတကြီးကြည့်ကာ –

''ဘယ်လိုပြောရမှန်းတောင်မသိပါဘူး အစ်ကိုရယ်''

''ပြောပါ ... အစ်ကိုအဆင်ပြေအောင်လုပ်ပေးပါ့မယ်''

သူမ သက်ပြင်းချရင်း –

''ညီမချစ်သူရဲ့အဘွားက ဒီဆေးရုံမှာ တင်ထားရတယ်၊ ညီမက ရန်ကုန်မှာကျောင်းတက်နေတာ၊ သူနဲ့တွေ့ချင်လို့ ရန်ကုန်ကအဒေါ်ကိုညာပြီး လေယာဉ်နဲ့ ထွက်လာတာ၊ ဒီမြို့က ညီမမြို့လေ၊ သံတွဲဂုဏ်ယာဉ်လိုင်းက ညီမအဖေပိုင်တာ၊ ညီမကို တစ်မြို့လုံးနီးပါးကသိတယ်''

''အိုကေ ... အစ်ကိုသဘောပေါက်ပြီ၊ ကောင်လေးကို တွေ့ချင်တယ် မဟုတ်လား။ အစ်ကိုသွားခေါ်ပေးမယ်၊ ကောင်လေးနာမည်နဲ့ အဘွားနာမည်ပြော''

''ညီမချစ်သူက ကိုကိုလို့မှာတဲ့၊ သူ့အဘွားနာမည်တော့



မသိဘူး''

''ပုံသဏ္ဌာန်ကရော''

သူမက ပုံစံကိုပြောပြတော့ ကားသမားက အပြုံးနှင့် ကားပေါ်ကဆင်းပြီး –

''ဘာမှမပူနဲ့ ညီမ၊ အစ်ကို မတွေ့တွေ့အောင် ရှာခေါ်လာခဲ့မယ်၊ အဘွားကြီးက ဘာရောဂါလဲ''

''ကင်ဆာတဲ့အစ်ကို''

''သြော် ... ညီမလေးနာမည်ကရော''

''မေသိက္ခာပါ အစ်ကို''

''အိုကေ''

ဆယ့်ငါးမိနစ်ခန့်ကြာတော့ ကားသမားအစ်ကိုကြီးနှင့်အတူ သူမ သိပ်ချစ်ရသော သူ ပါလာသည်။

မတွေ့ရတဲ့ နှစ်လအတွင်း သူ ပိုချောလာပါသည်။ သူမ တံခါးဖွင့်ပြီး ဆင်းချင်သောစိတ်ကို တော်တော်ထိန်းထားရသည်။

''ကို''

''ခါ''

သူမက ကားတံခါးကို အသင့်ဖွင့်ပေးလိုက်သည်။ ကားပေါ်သို့ သူရောက်တော့ သူမက ကားသမားကို –

''အစ်ကို လူရှင်းတဲ့နေရာလေးကို မောင်းပေးပါနော်''

''အိုကေ ညီမ''

''ဘယ်လိုဖြစ်တာလဲ ကို၊ ဘွားက''

''ခါ ပြန်လာတာလား''

''ကို့ဆီကို နိုးပြန်လာတာ''

''ဟင် ... အိမ်က မသိဘူးပေါ့''

''အင်း''

''ဘွား ... ဆေးရုံတက်နေတာကို သိလို့လား''

''ဒီရောက်မှသိတာ၊ ကိုနဲ့ အဆက်အသွယ်မရတော့ စိတ်ပူပြီးလိုက်လာတာ''

''ဟုတ်တယ်၊ ဘွားက ဆေးရုံတက်နေရတော့ ဖုန်းကို အားမသွင်းဖြစ်ဘူးလေ၊ ဘတ္တရီကုန်နေတာ''

''ဪ''

''ကားနဲ့လာတာလား''

''လေယာဉ်နဲ့''

''ဟိုမှာ ဘယ်လိုပြောခဲ့လဲ၊ သက်နိုင်တို့ရော သိလား''

''ယဉ်လှကိုတော့ ဖုန်းနဲ့ပြောခဲ့တယ်၊ အန်တီဝေကိုတော့ သူငယ်ချင်းတွေနဲ့ ပဲခူးသွားမယ်လို့ ညာခဲ့တယ်''



''ခါရယ်''

''ကို့ကို စတင်ပုံတွေကိစ္စ ရှင်းမပြရမချင်း နေလို့ရတာ မဟုတ်ဘူး''

''ခါ့ကို ကိုယ်အထင်မလွှဲပါဘူးကွာ၊ ခါပဲ ပြောခဲ့တယ်လေ၊ ဘယ်သူက ဘာပြောပြော ခါ့ပါးစပ်က ကိုယ်တိုင်ပြောတာကိုပဲ ယုံပါဆိုတာလေ''

သူမ သူ့ကို တင်းကျပ်စွာ ဖက်ထားလိုက်သည်၊ ကားသမားအစ်ကိုကြီးကလည်း ကားကို လူရှင်းတဲ့နေရာတွင်ရပ်ကာ အပြင်ခပ်ဝေးဝေးတွင် သွားစောင့်ပေးသည်။

''ခါ''

''ဟင်''

''ဘယ်တော့ပြန်မှာလဲ ချစ်ရယ်၊ ခါ့အိမ်က သိသွားရင် ဒုက္ခရောက်မယ်''

''ထားပါဦး၊ ဘွားက ကင်ဆာဆို''

''ဟုတ်တယ်''

''ဘွား ... သနားပါတယ်''

''အသည်းကင်ဆာတဲ့ကွာ၊ ဘွားစိတ်ချမ်းသာအောင်ထားမယ်တဲ့၊ နောက်နှစ်ရက်လောက်ဆို ဆေးရုံက ဆင်းရမှာ''

"အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ကိုယ့် hotel ပိုင်ရှင်က ငွေကြိုထုတ်ပေးတယ် လေ၊ ကိုယ့်စာရိတ္တကို ယုံလို့ပေါ့၊ ခါပြန်ရင် သက်နိုင်တို့ကို အရမ်းမပြောဘဲ ထိန်းပြောလိုက်နော်၊ စိတ်ပူနေမှာစိုးလို့"

"အင်းပါ"

"ဟိုကို ဘယ်လိုပြန်မှာလဲ"

"လေယာဉ်လက်မှတ်က အသွားအပြန် ဘွတ်ကင်လုပ်ထားတယ်၊ နှစ်နာရီခွဲထွက်မှာ"

နောက်ဆုံးတော့ သူတို့ မခွဲချင် ခွဲချင်နှင့် ခွဲရပြန်သည်။ လက်ကလေးတပြပြနှင့် ထွက်သွားသော သူမပါသွားသော ကားလေး မြင်ကွင်းမှပျောက်သွားမှ သူ အံကြိတ်ကာ ဆေးရုံအတွင်းထဲမှ လှမ်းသောနေရာတွင် ကြိတ်ငိုမိသည်။

တစ်ဝငိုလိုက်မှ ရင်ထဲ နည်းနည်းပေါ့သွားသည်။ သူမကို လည်း သနားသည်။

မိန်းကလေးတန်မဲ့ သူ့ကိုတွေ့ချင်လွန်းလို့ သူမခမျာ စွန့်စားပြီး ဒီခရီးကို ထွက်လာခဲ့ရတာ။ မျက်ရည်တွေကို သုတ်ပြီး ဘွားဘွားရှိရာဆီသို့ ထွက်လာခဲ့ တော့သည်။

❋ ❋ ❋



## အခန်း (၁၄)

သူမတို့တစ်ဖွဲ့လုံး ကန်တင်းတွင်ထိုင်နေစဉ် သက်နိုင် တစ်ယောက် အပြေးအလွှား ရောက်လာကာ မျက်နှာမကောင်းစွာနှင့် သူမတို့ဘေးတွင် ဝင်ထိုင်သည်။

"ကိုသက် ... ဘာဖြစ်လာတာလဲ"

သူမကမေးလိုက်တာမို့ အားလုံးကလည်း ကိုသက်ကို ဝိုင်းကြည့်နေကြသည်။

"လိမ္မာအဘွားဆုံးပြီ"

"ဘာ ... ဘယ်တုန်းကလဲ"

"သူ ဖုန်းဆက်တာလား"

"လိမ္မာဆက်တာ မဟုတ်ဘူး၊ ငါ့အမေဆက်တာ၊ လိမ္မာက ငါ့အိမ်ကိုတောင် အသိမပေးဘူးတဲ့၊ ဖေဖေတို့က အကြောင်းကြားတော့ သွားသတင်းမေးရင်း သူ့ကိုအပြစ်ပြောတော့ ဘယ်သူ့ကို ဒုက္ခမပေးချင်လို့ပါတဲ့၊ ဒါ . . . ဒုက္ခပေးတာလားကွာ၊ လိမ္မာ ငါတို့အပေါ် အဲဒီလောက်အထိ သူစိမ်းဆန်ဖို့ မကောင်းဘူး"

သူမ ငိုချမိကာ သူ့ကို စိုးရိမ်မိသည်။ ဆုထိုက်က –

"ငါတို့သွားမယ်ဟယ်၊ လိုက်မယ်မို့လား"

"လိုက်မှာပေါ့ဟ၊ ဒီအချိန်မှာ လိမ္မာအားငယ်နေမှာ"

"ဘယ်နေ့က ဆုံးတာလဲ"

"ဒီနေ့ အသုဘချတာတဲ့"

"ဟယ် . . . ဒါဆို တို့တွေ အသုဘတောင်မမီဘူးပေါ့ ဒါတော့ လိမ္မာလွန်တယ်၊ ခါ ရှင့်ချစ်သူက ဘာသဘောလဲ"

"အေးလေ . . . . ဒီသူငယ်ချင်းတွေပဲ ရှိတာကို"

"ဘာပဲဖြစ်ဖြစ် သွားရမှာပဲလေ၊ မနက်ဖြန်အတွက် လေယာဉ်လက်မှတ်လုပ်လိုက်မယ်"

"အေး"

"ခါ ရှင်လိုက်လို့ရပါတယ်နော်"

ငြိမ်ပြီးငိုနေသောသူမကို ဖြူစင်ကမေးသည်။



"ဘာလို့မဖြစ်ရမှာလဲ၊ ဘယ်လိုအတားအဆီးပဲရှိရှိ ငါ လိုက်မယ်၊ ကိုကလည်းဟယ် ကျုပ် သေသေချာချာမှာထားလျက်နဲ့ လုပ်ရက်တယ်"

သူမ ခုမှ ပေါက်ကွဲထွက်လာသော ခံစားချက်တွေကို ကြိတ်မှိတ်မျိုသိပ်နေရသည်။

"ကဲ . . . မနက်ဖြန် ငါ့အိမ်မှာစုမယ်"

အားလုံး လမ်းခွဲလိုက်ကြသည်။

✹

နေ့လယ်တစ်နာရီခန့်တွင် သူ့အိမ်သို့ရောက်တော့ သူမနှင့်အတူ သူငယ်ချင်းတွေကိုတွေ့တော့ သူက ပထမ ကြောင်တောင်ကြီးကြည့်နေပြီးမှ အံကြိုးကြိတ်ကာ ငိုရှိုက်နေတော့သည်။

အားလုံးက ဝိုင်းချော့ကြပြီး သူ အငိုတိတ်သွားမှ သူမကအစလို့ တစ်ယောက်တစ်မျိုး ကရုဏာဒေါသတွေနှင့် ဝိုင်းပြောခဲ့ကြသည်။

သူကတော့ သူငယ်ချင်းတွေပြောသမျှကို တိတ်ဆိတ်စွာ

နားထောင်နေခဲ့သည်။

''ကဲပါဟယ် . . . လိမ္မာကို အပြစ်မပြောကြနဲ့၊ ဒီညတော့ ဒီမှာပဲ အိပ်လိုက်ပြီး မနက်မှ အိမ်ပြန်ကြတာပေါ့''

ခရီးပန်းလာကြတဲ့အတွက် အားလုံး ညဆယ်နာရီကျော်ကျော်နှင့် အိပ်ပျော်ကြတော့သည်။

သူမကတော့ အိပ်ချင်စိတ်မရှိဘာမို့ သူနှင့် တစ်ညလုံး စကားပြောမည်ဟု ဆုံးဖြတ်လိုက်သည်။

ဆယ်နာရီကျော်တော့ သူနှင့်သူမကလွဲရင် အားလုံး နှစ်ခြိုက်စွာ အိပ်ပျော်ကုန်ပြီ။

''ခါ အိပ်လေ''

''ကို အိပ်ချင်လို့လား''

''မအိပ်ချင်ပါဘူး။ ခါက ခရီးပန်းလာတာ မဟုတ်လား''

''လေယာဉ်နဲ့လာတာ မပင်ပန်းပါဘူး''

သူက သူမကို သူ့ရင်ခွင်ထဲ ပွေ့ဖက်ထားပြီး –

''ကို ခါတို့လက်ထပ်ရအောင်''

''ဘယ်ဖြစ်မလဲ ခါရယ်၊ ခါလည်း ကျောင်းမပြီးသေးဘူး ကိုလည်း အခုမှ အလုပ်ကဝင်စရှိသေးတာ''

တော်တော်ကြာအောင် စကားသံတိတ်သွားပြီးမှ တေ



သောက်မျက်နှာကိုတစ်ယောက် လရောင်အောက်မှာ ကြည့်မိကြသည်။

တရေးမှမအိပ်ဘဲ မိုးလင်းသွားပေမယ့် သူ့စိတ်တွေ ကြည်လင်နေပါသည်။

မနက်စာစားပြီးတော့ သူ့ကိုနှုတ်ဆက်ကာ အိမ်ပြန်ခဲ့ကြသည်။

သူမအိမ်ထဲရောက်တော့ ဆိုင်မသွားသေးသည့်မေမေကအပြုံးနှင့် လှမ်းကြိုတော့ သူမ အံ့သြသွားပြီး ဖြန်းပြုံးပြလိုက်သည်။

''လာပါ လာပါ နာရေးကူညီမှုဥက္ကဋ္ဌ မမရယ်''

''မီးတစ်ယောက်တည်း မဟုတ်ဘူးလေ''

''သိပါတယ်၊ သူငယ်ချင်းတွေဆိုတော့လည်း ဒီလောက်တော့ ကူညီရမှာပေါ့။ အကြာကြီးတော့ မနေရဘူးနော်၊ မနက်ဖြန်ပြန်ရမယ်''

''ရက်လည်ပြီးမှ ပြန်ပါရစေ မေမေရယ်နော်။ သူငယ်ချင်းတွေအားလုံး ရက်လည်ပြီးမှပြန်ကြမှာ''

မေမေက မကျေမနပ်နှင့်ခေါင်းညိတ်သည်။

''ကဲ ကဲ သွား သွား အနားယူလိုက်ဦး''

ဒီလိုနှင့် အဘွားရက်လည်ပြီးမှ သူမတို့အုပ်စု ရန်ကုန်ကို

ပြန်ခဲ့ကြသည်။

သူမကတော့ ဒီတစ်ခါ သူ့ကို ရက်ကြာကြာတွေ့ခဲ့ရတာကို ပျော်ရွှင်နေမိသည်။

ကံကြမ္မာဟာ သူမဘက်မှာရှိတယ်လို့ ထင်ပြီး ပျော်ရွှင်ခဲ့သော သူမကို မထင်မှတ်ဘဲ သူမ၏အနာဂတ်ကို ရိုက်ချိုးပစ်ခြင်း ခံလိုက်ရ လေသည်။

အရင်တစ်ခါ သံတွဲကနေ ရန်ကုန်မှာ ကျောင်းထားဖို့စီစဉ် သလိုမျိုး အခုတစ်ခါ LA မှာရှိသော မေမေ့ညီမ အန်တီအေးသန် ဆီမှာ အလုပ်လုပ်ရင်း ကျောင်းသွားတက်ဖို့ကို မေမေတို့ အကွ ကျကျ စီစဉ်လိုက်ပုံရသည်။

သူမ ဘယ်လိုမှ ရှန်းမထွက်နိုင်တော့ပါ။

ဒီရက်ကျမှ သူကလည်း hotel သင်တန်းအတွက် ရှ ဟိုတယ်သို့ ပြောင်းသွားတာမို့ သူမ အရူးတစ်ယောက်လို ခံစားရသည်

ဖုန်းလည်းအဆက်အသွယ်မရပေ။

ဖေဖေနှင့်မေမေကတော့ သူမကို ဘဝတိုးတက်ရေးအတွ ပညာသင်နိုင်းတာဖြစ်ပြီး ပြန်လာရင် သူမချစ်တဲ့သူကို လက်ထပ်ပေး မယ်ဆိုတော့ သူမ မငြင်းနိုင်ခဲ့ပါ။

သူငယ်ချင်းတွေအားလုံးကတော့ မေမေက သူနှင့်သူမ



ကွဲအောင် တမင်စီစဉ်တာဟု တညီတညွတ်တည်း ထောက်ခံကြသည်။

သူမကိုယ်တိုင်လည်း သိပေမယ့် အငိုက်မိသွားရတာပါ။

စုံစုံညီညီ-- တို့ကိုသိနေသော သူငယ်ချင်းတွေကို သူ သင်တန်းပြီးလို့ ပြန်လာရင် ပြောပြဖို့ အထပ်ထပ်မှာပြီး လေယာဉ်ပေါ် တက်ခဲ့သည်။

အရာအားလုံးသည် ဝေးခဲ့ရပါပြီ။

✺ ✺ ✺

# ၅ နှစ်ခန့်ကြာသော်

BURMESE CLASSIC

## အခန်း (၁၅)

မြန်မာပြည်ကို ခြေချလိုက်ချိန်မှာတော့ ဘယ်တော့မှ မပြောင်းလဲခဲ့သော အချစ်နှင့်အတူ သူထံ သူမပြန်ဖြစ်ခဲ့ပါသည်။

သူနှင့် လူချင်းမတွေ့ခဲ့ရတာကလွဲရင် သူ့အသံကို ကြားရပါသည်။ စာတွေကို ဖတ်ရပါသည်။

ပထမလေးနှစ်ကျော်ကျော်မှာ သူမနှင့်သူ အဆက်အသွယ်ရှိနေပေမယ့် နောက်ပိုင်း ဘာမှ ဆက်သွယ်လို့မရတော့ပါ။

စုံစမ်းပေမယ့်လည်း ဘာမှမသိခဲ့ရ။

ပြန်လာချင်ပေမယ့် ကျောင်းကမပြီးသေးတာမို့ တစ်နှစ်လောက် အောင့်ပြီး နေလာခဲ့ရသည်။

အခုလို ကျောင်းပြီးဘွဲ့ရလာတော့ သူမ ပြန်လာခဲ့သည်။ လေဆိပ်တွင် ဖေဖေ၊ မေမေနှင့် အန်တီဝေအပြင် ယဉ်လှပါ လာကြိုကြသည်။

သူမက မေမေတို့ကို နှုတ်မဆက်အားပေမယ့် ယဉ်လှကိုသာ တကြည့်ကြည့်ဖြစ်နေသော သူမကို မြင်တော့ မေမေ့မျက်နှာ ပျက်နေသည်။

"ယဉ်လှ အားလုံးနေကောင်းရဲ့လား"

"ကောင်းပါတယ်"

BURMESE CLASSIC

ယဉ်လှက ပြန်ဖြေရင်း မေမေ့မျက်နှာပျက်နေတာကို မေးငေါ့ပြသည်။

ယဉ်လှက အိမ်အထိ ခဏလိုက်ပြီး ပြန်သွားသည်။ ယဉ်လှက သူမထက် တစ်ရက်စောကာ သံတွဲသို့ ပြန်သွားပြီး သူကတော့ ယဉ်လှပြန်ပြီး နောက်နှစ်ရက်မှ ပြန်ဖြစ်ခဲ့သည်။

အိမ်ကိုရောက်တာနှင့် အိမ်မှာ အန်တီပေါက်နှင့် ခဏစကားပြောကာ သူငယ်ချင်းတွေဆီ လစ်ခဲ့သည်။

မသီတာ အအေးဆိုင်တွင် ဆုံကြတာမို့ –

"ကျုပ် ကျုပ် ကိုနဲ့ အရမ်းတွေ့ချင်တယ်"

"တွေ့ရမှာပေါ့ဟာယ်၊ သူက သူ့အိမ်မှာ ရှိတယ်လေ"



"ဟင် ဒါဆို ရှင်တို့ဘာလို့ညာတာလဲ။ ကိုကရော ကျုပ်ဆီ ဘာလို့ ဖုန်းမဆက်တာလဲ။ ကျုပ်ဆက်တော့လည်းမကိုင်ဘူး"

သူမက ပြူးပြဲကာပြောတော့ ဆုထိုက်က –

"စိတ်အေးအေးထားပြီး နားထောင်စမ်းပါကွာ။ ရှင် LA ကို သွားနေတုန်း ရှင့်အမေက လိမ္မာကို အမျိုးမျိုးစမ်းသပ်ခဲ့တယ်။ လိမ္မာဟာ ရှင့်ကို တကယ်ချစ်မချစ်ပေါ့ဟာယ်။ နောက်ဆုံးတော့ ရှင့်အမေ လက်ခံလိုက်ရတယ်။ လိမ္မာနိုင်သွားတယ်လေ။ အခု လိမ္မာက hotel မန်နေဂျာ ဖြစ်နေပြီ။ 'လခလည်း အရမ်းကောင်းတာနော်။ အဲဒါ ကျုပ်တို့နဲ့ လိမ္မာပေါင်းပြီး ရှင်ရော လိမ္မာ့ကို ဘယ်လောက်ချစ်လဲဆိုတာ အားလုံးတိုင်ပင်ပြီး စီစဉ်လိုက်တာ"

"ရှင်တို့ဟာယ်၊ ဒါ နောက်စရာလား"

"စိတ်မဆိုးနဲ့နော်"

"ကျုပ် ဟိုမှာ ဘယ်လောက်ရင်တွေပူခဲ့ရလဲ၊ ရှင်တို့သိလား။ ပြန်လာချင်ပေမယ့် လာလို့မရတဲ့ ဝဋ်ဒုက္ခ ရှင်တို့ခံစားဖူးမှသိမယ်"

"ဒါ စိတ်ဆိုးတဲ့ရုပ်လား"

သူမက ထရပ်တော့ –

"ဒါက ဘယ်လဲ"

"ရှင့်တို့ဆီမှာ ကြာကြာမနေနိုင်ဘူးဟော့။ ကျုပ်ချစ်သူဆီ

သွားရမယ်''

''အံမယ်၊ ရှင် ဒီလို သွားလို့ရမယ်ထင်လား''

''ဘာလို့ မရရမှာလဲ၊ ကျုပ်ချစ်သူဆီ ကျုပ်သွားမှာ၊ ရှင်တို့ကို အလိုမရှိ''

ထိုစဉ် အောင်ကောင်းနှင့် သက်နိုင် ရောက်လာပြီး –

''ညည်းစကားကို ပြင်ပြောစမ်း၊ အခု ညည်းချစ်သူက ငါတို့ လက်ထဲမှာနော်''

''ကိုသက် ရှင်တို့ အကျင့်မယုတ်နဲ့နော်''

''အခုလောလောဆယ်တော့ ငါတို့တွေစားထားတာကို ရှင်း မယ်၊ ပြီးမှ လိုက်ပို့ပေးမယ်''

သူငယ်ချင်းတွေအားလုံး သူမကို တမင်ဝိုင်းကျပ်နေတော့ သူမ စိတ်ရှုပ်ရမှာပေါ့။ ဘာပဲဖြစ်ဖြစ် မေမေကလည်း သဘောတူ လိုက်ပြီဆိုတော့ ဘာလိုသေးလဲ ဦးကြီးရယ်ပေါ့။

''ဟဲ့ ခိုင်ခန့်နိုင်ရော ရှိသေးလား''

''သတိရမနေနဲ့ဟေ့၊ ဟိုက မိန်းမနှစ်ယောက်တောင် ရှိနိုင်''

''ဟေ တကယ်လား''

''အေး''

သူတို့ခြံကြီးထဲ ဆိုင်ကယ်တွေ မောင်းဝင်လာပြီး အားလုံး



ဆိုင်ကယ်တွေရပ်ကာ အိမ်ပေါ်ကို ပြေးတက်သွားကြသည်။

သူမက ဆိုင်ကယ်ပေါ်မှဆင်းပြီး အိမ်ပေါ်ကိုမတက်သေးဘဲ ငေးမိနေစဉ် နောက်မှသိုင်းပြီး မျက်ဝန်းနှစ်ဖက်ကို ပိတ်တာခံလိုက်ရ ပါသည်။

ထိုလက်ပိုင်ရှင်ဟာ သူမ ဘယ်တော့မှ မမေ့တဲ့ ချစ်သူဖြစ်နေ သောကြောင့်ပင်။

ပြီးတော့ သူက သူမကို ရင်ခွင်ထဲပွေ့ဖက်ထားလိုက်သည်။

''ကို မကောင်းဘူးကွာ၊ ခါ့ကို ရက်စက်တယ်''

''အဲဒီအတွက် ကိုယ် ခါ့ကို ပိုချစ်သွားတယ်လေ''

''ကို ခါ အိပ်မက်မဟုတ်ပါဘူးနော်''

''ဟုတ်ပါဘူးကွာ''

သူနှင့်သူမ ပွေ့ဖက်နေစဉ်မှာပဲ –

''ဟော့ မျက်စိနောက်တယ်နော်''

''အေးလေ တော်တော့''

''မင်းတို့လိုချင်တာ အကုန်ပေးမယ်ကွာ၊ ငါ ခါ့ကိုလွမ်းနေလို့ ခဏလောက် ငါတို့နဲ့ ဝေးဝေးမှာ သွားနေစမ်းပါကွာ''

''အေးပါကွာ၊ ငါတို့ကလည်း မင်းတို့ကို အိမ်ပေါ်တက်တော့ လို့ လာပြောတာပါ''

BURMESE CLASSIC

"လာ ခါ အိမ်ပေါ်တက်ရအောင်"

သူက သူမခန္ဓာကိုယ်လေးကို ဆွေ့ခနဲပွေ့ချီပြီး အိမ်ပေါ်ကို ခေါ်ခဲ့သည်။

အိမ်ပေါ်တွင် ခေတ်မီအသုံးအဆောင်တွေကြောင့် သူမ မေးရန် ပြင်လိုက်စဉ် ဒါကိုကြိုသိနေသောသူက –

"ခါမေးမှာကို ကိုယ်သိတယ်။ အဲဒါတွေက အရေးမကြီးပါဘူးကွာ၊ အခု ကိုယ် ခါ့ကို ဘယ်လောက်လွမ်းတယ်ဆိုတဲ့အကြောင်း ခါ့ကို ပြောပြမယ်"

သူမတို့ရဲ့ အချစ်အိမ်ကလေးတွင် မိုးတွေတဖွဲဖွဲရွာသွားပါသည်။ နှလုံးသားချင်းတွေ နီးခဲ့ပြီ။

သူ့ဘေးမှ ပြေးထွက်စရာအင်အားလည်းမရှိတော့ပါ။

အဲဒီတော့ –

နှလုံးသားချင်းတွေလည်း နီးပြီပေါ့။

ပရိသတ်အတွက်

အမြဲထာဝရလေးစားကြိုးစားလျက်

ခက်ပျိုဖြူ

၅–၃–၂၀၁၄

Facebook.Khit Pyo Phyu

Likepage. ခက်ပျိုဖြူ

BURMESE CLASSIC